# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလို သူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ်(၀၉၃)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်)



**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား -**

၂၀၂၀ ပြည့်နှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

မိမိတို့ နိုင်ငံတော်အစိုးရအနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းသာယာဝပြော တိုးတက်မှုတွေနဲ့အတူ နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝ သာယာချမ်းမြေ့ပျော်ရွှင်အောင် ကောင်းမွန်တဲ့ ရည်မှန်းချက်ပန်းတိုင်များနဲ့ လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာချမှတ်ကာ ပြည်သူတို့ရဲ့ စုပေါင်းအင်အားနှင့်အတူ ကြိုးပမ်းပုံဖော်နေပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ကာလရှည်ကြာ မျှော်လင့်တောင့်တခဲ့ရတဲ့ တန်းတူအခွင့်အရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ပေးနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် မဆုတ်မနစ် ဆက်လက်အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။

ဒီကနေ့ နိုင်ငံတော်မှာ အကြောင်းကြောင်းကြောင့် တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများကိုလည်း အမှန်တရား၊ တရားမျှတမှုနဲ့ ရိုးသားပွင့်လင်းမှုတို့ကို လက်ကိုင်ထားပြီး ဖြေရှင်းခြင်းအားဖြင့် အောင်မြင်စွာ ကျော်လွှားလွန်မြောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့လုပ်ငန်းစဉ်များမှာ မိဘပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

နှစ်သစ်အခါသမယမှာ မိဘပြည်သူများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံနိုင်ကြပါစေ၊ နိုင်ငံတစ်ဝန်း မေတ္တာတရားလွှမ်းခြုံကာ ငြိမ်းချမ်းသာယာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျား–**



၂၀၂၀ ပြည့်နှစ် နှစ်သစ်အခါသမယမှာ အမိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးနှင့်တကွ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ဘေးဘယာကင်းဝေးကြပါစေ၊ အားလုံး မျှော်လင့်တောင့်တနေကြသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိပြီး သာယာဝပြောသည့် နိုင်ငံတော်ကြီး တည်ဆောက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

နှစ်သစ်မှာ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား–**



ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်သစ်ကူးမင်္ဂလာနေ့ရက်မှသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပြီး ကောင်းချီးမင်္ဂလာ အဖြာဖြာကို ရရှိခံစားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကုန်လွန်ခဲ့တဲ့ နှစ်ဟောင်းရဲ့ အတွေ့အကြုံကို အခြေခံကာ ပြည်ထောင်စု တိုင်းရင်းသား သွေးချင်းများအချင်းချင်း အပြန်အလှန်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ နားလည်ယုံကြည်မှုများနဲ့အတူ

*စာမျက်နှာ ၃ ကော်လံ ၄* ❑

ဘာသာပေါင်းစုံမှ နှစ်သစ်ကူး ဆုတောင်းစကားသံများ

(စာ-၆)

မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်

(စာ-၁၂)

အမေရိကန်-တရုတ် ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့် လက်မှတ်ရေးထိုးခြင်းကို လာမည့်ရက်သတ္တပတ်မှာ ပြုလုပ်မည်ဟု မီဒီယာများတွင် ဖော်ပြ

(စာ-၁၄)

မြန်မာ့အလင်း

# နှစ်ဦး ဆုမွန်

နှစ်သစ်မှာ လောကတစ်ခုလုံး ငြိမ်းချမ်းပါစေ...

ခရစ်နှစ် ၂၀၂၀ သို့ ဝင်ရောက်လာခဲ့ပြီတည်း။

နှစ်သစ်ရောက်ပြီဆိုသည့်အခါ လူအများစုအဖို့ ဟိုဘက်နှစ် ၂၀၁၉ မှသည် သည်ဘက်နှစ် ၂၀၂၀ ဆီသို့ ကူးပြောင်းလာခဲ့ပြီကော ဟုဆိုသည့် သာမန် ခံစားမှုမျှမဟုတ်ဘဲ စိတ်လှုပ်ရှားမှုများ၊ စိတ်ကူးသစ် ဉာဏ်သစ် ပြောင်းလဲလိုစိတ်အသစ်များဖြင့် အတွေးလျှံ နေကြလေ့ရှိသည်။

ကာယ ဝဇီ မနော အလီလီဖြင့် နေ့စဉ် ပြုမိ ပြောမိ ကြံမိတာတွေထဲက မကောင်းမှုများ ပယ်ရှားလို့ အဟောင်းအစုများ ဖယ်ထားဖို့ ဆုံးဖြတ်ချက်များချကြ၏။ ပြောင်းရမှာတွေ ပြောင်းဖို့ ကောင်းရမှာတွေ ကောင်းဖို့၊ ပစ်စရာရှိတာတွေ ပစ်လိုက်ပြီး သစ်စရာရှိသည်တို့ သစ်လိုက်ဖို့၊ အညစ်အဟောင်းများကိုချန်ရစ်လို့ အသစ်အကောင်းများကို ဦးတည်ဖို့ သန္နိဋ္ဌာန်များ ချကြကုန်၏။

နှစ်သစ်ကို မင်္ဂလာရှိသည်များ၊ ကောင်းမှုကုသိုလ်များ၊ သစ်လွင်မှုများဖြင့် ကြိုဆိုလိုကြ၏။ မိမိလိုချင်သည့် မင်္ဂလာရှိသော ကောင်းမွန်မှုမှန်သမျှတို့ကို ချစ်သူခင်သူ ရင်းနှီးမြတ်နိုးသူများကိုလည်း ရကြပါစေကြောင်း နှစ်ဦး ဆုမွန်တောင်းကြ၏။

နေရစ်တော့ နှစ်ဟောင်း။

ဆုမွန်ကောင်းများ အမျိုးမျိုးတောင်းကြသည့်ထဲတွင် အားလုံး မမေ့မလျော့ ရင်တွင်းရှိမည့်ဆုသည်ကား ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ ငြိမ်းချမ်းလိုခြင်း ဖြစ်ပါမည်။

လူသားတို့ သဘာဝ ငြိမ်းချမ်းခြင်းကို နှစ်သက်မြတ်နိုးကြသည်မှာ ဓမ္မတာ။ ပျော်ပွဲရွှင်ပွဲများဖြင့် နှစ်သစ်ဆုတောင်းပွဲကို ပြင်ဆင်ကျင်းပနေနိုင်သူများထက် ကမ္ဘာတစ်လွှားက စစ်ပွဲများကြားမှာနေရသူများ၊ တိုက်ပွဲရှောင်ပြေးနေရသူများက ငြိမ်းချမ်းရေးကို ပိုမိုလိုလားတောင့်တနေမိကြမည်ဆိုခြင်းမှာလည်း ဓမ္မတာ။

ငြိမ်းချမ်းရေးတောင့်တမှုကို ပြောကြလျှင် မြန်မာနိုင်ငံသားတို့အဖို့ ပို၍နာကျင် စိတ်မကောင်းဖြစ်စရာ ကောင်းလှသည် ထင်မိသည်။ ကိုယ့်နိုင်ငံသားချင်း၊ ပြည်သူချင်းကြားမှာ ကြီးမားလှသော ပြဿနာများစွာမရှိပါဘဲ အယူအဆမတူညီမှုများကို ဦးဆောင် တွေးခေါ်မြော်မြင်နေကြသူတို့၏ ကွဲလွဲချက်များပေါ် အခြေခံကာ စစ်တိုက်နေရခြင်း၏ ဘေးဒဏ်တို့ကို ခံစားနေရခြင်းပင်။

ပညာခေတ်ဟု ကြွေးကြော်နေသည့် ကမ္ဘာမြေပေါ်မှာ အဖြူ အစိမ်းကိုလည်း မမြင်ဖူးရ၊ ကျောင်းတက်ကျောင်းဆင်း ခေါင်းလောင်းသံမကြားဖူးရ၊ ယုတ်စွအဆုံး စာမရလို့ အရိုက်ခံရမည်ဆိုသော ကြိမ်လုံးကိုပင် မမြင်ဖူးရ၊ ကျောင်းမတက်ရသည့် ကလေးသူငယ်များ၊ အကြောင်းတစ်စုံတစ်ရာ ဘာကိုမှ မသိလိုက်ဘဲ ကိုယ်တိုင်လည်း ဘယ်လိုအပြစ်မျိုးကိုမှ မကျူးလွန်ရပါဘဲ လောကကိုစွန့်ခွာသွားကြရသူများ၊ စစ်ပွဲများကြားက အကျိုးအမြတ် တစ်ပြားတစ်ချပ်မျှရရှိခံစား မသုံးစွဲရပါဘဲ လက်နက်ကျည်သင့်ဒဏ်တို့ဖြင့် ကြွေလွင့်ရရှာသူများကိုယ်စား စာနာတွေးမြင်ကြည့်သင့်ပြီ။

ငြိမ်းချမ်းရေးစကား၊ ညီညွတ်ရေးစကားများကို ပြောကြရင်း စစ်ပွဲများကို ဆင်နွှဲနေရသည့်အဖြစ်မှာ ပြည်သူတို့အတွက် ကြာလေ နာလေပါ။ ပြည်သူတို့၏ ရင်ထဲတွင် ယခုလို နှစ်သစ်အခါသမယ လိုချင်သည့် ဆုတောင်းစေဟုဆိုလျှင် ဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေးတို့နှင့်အတူ ပြည်တွင်းငြိမ်းချမ်းရေးကလွဲလျှင် အခြားဘာကိုမျှ မလိုချင်ပါဟု တောင်းဆိုနေကြမည်ထင်ပါသည်။

စစ်ဘေးဒဏ်၊ ရာသီဥတုဖောက်ပြန်မှုဒဏ်၊ ဆင်းရဲမွဲတေမှုဒဏ်၊ ရောဂါဘယများထူပြောလာမှုဒဏ် စသည့် ကပ်အမျိုးမျိုးမှ ကင်းလွတ်ဝေးကာ အမှန်တကယ် ငြိမ်းချမ်းသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ်သို့ အမြန်ရောက်ရှိ နိုင်ပါစေသတည်း။

မေတ္တာအခြေခံစိတ်ထားဖြင့် လူသားတို့ တစ်ဦးနှင့် တစ်ဦး မေတ္တာထားကြ၊ ချစ်ကြည်ကြ၊ ကိုယ်ချင်းစာနာကြ၊ ကရုဏာစိတ်ထားကြ၊ မုဒိတာပွားနိုင်ကြပါစေသတည်းဟူ၍ နှစ်ဦးဆုမွန် တောင်းလိုက်ပါကြောင်း။ ။

# နှစ်သစ်ကူး ဆုတောင်းမေတ္တာ

၂၀၂၀ပြည့်နှစ်သို့ ကူးပြောင်းရောက်ရှိသည့် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးနှင့်တကွ နိုင်ငံသူ နိုင်ငံသားအပေါင်း ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ကျက်သရေမင်္ဂလာအဖြာဖြာတို့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိတို့မှီတင်းနေထိုင်ရာ နိုင်ငံတော်ကြီးတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ခွင့်တူညီမျှခြင်းတည်းဟူသော လောကပါလတရားများ တိုးတက်ထွန်းကားပါစေကြောင်းနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးကို တစ်ယောက်တစ်လက်၊ တစ်တပ်တစ်အားစုပေါင်းညီညာ၊ ချစ်ခင်ရင်းနှီးစည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်ပါစေကြောင်းလည်း လေးနက်စွာ ဆန္ဒပြုအပ်ပါသည်။

နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေကြောင်း ထပ်လောင်း၍ မေတ္တာပို့သအပ်ပါသည်။

မြန်မာ့အလင်း

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ်တွင် ၁၃ ခုမြောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ် ဖွင့်လှစ်

**မြောင်းမြ ဒီဇင်ဘာ ၃၁**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ်တွင် အလှူရှင်လှူဒါန်းမှုဖြင့် ၁၃ ခုမြောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ကုက္ကိုစုကျေးရွာရှိ အဆိုပါ အဆောက်အဦရှေ့၌ ကျင်းပသည်။ (ယာပုံ)

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်၊ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဆေးခန်းအဆောက်အဦအလှူရှင် ကိုဝေလင်း မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်နှင့် မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က မုဒိတာစကားများ ပြောကြားပြီး အလှူရှင် ကိုဝေလင်းက ဆေးခန်းအဆောက်အဦ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆေးခန်းအဆောက်အဦ အလှူရှင်နှင့် မြေအလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။



အဆိုပါ ကုက္ကိုစုကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ်မှာ မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ် ဦးဆောင်မှုဖြင့် ကျေးလက်ကျန်းမာရေးဌာန မရှိသော၊ ဆေးကုသရန်ခက်ခဲသော၊ မြို့ဒေသနှင့်ဝေးလံခေါင်သော အရပ်ဒေသများအတွက် အလှူရှင်များမှ ဆောက်လုပ်ပေးသော ၁၃ ခုမြောက် ဖွင့်လှစ်ပေးသည့် ဆေးခန်းဖြစ်ပြီး ပေ (၃၀ x ၄၂)၊ အုတ်တစ်ထပ်တိုက်၊ ကွန်ကရစ်ခင်းသွပ်မိုး၊ လူနာခုတင်၊ သားဖွားခုတင်နှင့် ဆိုလာမီးစနစ်၊ အဝီစိတွင်း၊ ရေစက်ရုံ အပါအဝင် ကျပ်သိန်း ၂၀၀ ကျော် ကုန်ကျခံကာ ကျေးလက်ဆေးပေးခန်း စံကိုက်အညီ ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် စာဖတ်အများဆုံးဂုဏ်ပြုဆုပေးပွဲ ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကန်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက် စာဖတ်အများဆုံး ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့ရှိ မြက်ခင်းပြင်၌ ကျင်းပရာ စာကြည့်တိုက် နာယက ဦးကျော်လှ (သမာဓိ)၊ နာယက ဒေါက်တာမာမာဝေ (ပါမောက္ခ-ငြိမ်း) နှင့် ဥက္ကဋ္ဌ ဒေါက်တာ ဘဆွေ (တော်ဝင်ဆေးရုံ)တို့ က ဂုဏ်ပြုမုဒိတာစကားများ ပြောကြားခဲ့သည်။

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များ၊ ဧည့်သည်တော်များ၊ စာဖတ်အများဆုံးဆုရ ၁၂ ဦးနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့ကြပြီး ဆုရရှိခဲ့သူများကို စာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဝင်များက အမှတ်တရဂုဏ်ပြုဆုများကို ပေးအပ်ခဲ့ပြီး (ဝဲပုံ) ဆုရရှိသူများကိုယ်စား စာဖတ်အများဆုံးဆုရ ကိုလင်းလင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဂဇရ**



## သတိပေးနှိုးဆော်ချက်

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၀ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာ မီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀)အချိန်မှ (၀၉၀၀)အချိန်အထိ ခေတ္တလမ်းပိတ် / လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာ မီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့ လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစား အပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။




**ချစ်ခင်လေးစား အပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ အချိန်အခါသည် ကျွန်တော်တို့ နိုင်ငံအတွက် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ဟာ မရှိမဖြစ် အရေးတကြီး လိုအပ်နေတဲ့ အရာများဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ မှန်ကန်မျှတတဲ့ သဘောထားအမြင်များကို အခြေခံပြီး နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုရင် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးကို မလွဲမသွေ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်သည်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့မှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများကို အသိပေးတင်ပြအပ်ပါတယ်။

တိုင်းရင်းသား ပြည်သူများ အနေနဲ့လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ကျွန်တော်တို့လွှတ်တော်နဲ့အတူ ကျရာအခန်းကဏ္ဍမှနေပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့အတွက် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

၂၀၂၀ နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစား ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများနဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားများအားလုံး နှစ်သစ်အခါသမယမှာ ပျော်ရွှင်ခြင်း၊ ငြိမ်းသက်ခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။




အချိန်ရာသီ ပြောင်းကာ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ရောက်ရှိ ဖြတ်သန်းရတော့မှာပဲ ဖြစ်ပါတယ်။ ခရစ်နှစ် တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းလာခဲ့ရာ ယခုဖြတ်သန်းရမည့် ၂၀၂၀ ပြည့်နှစ်သည် ထူးခြားကောင်းမွန်ခြင်းများဖြင့် ပြည့်စုံသောအသွင်ကို ဖော်ဆောင်မည့် နှစ်သစ်ဖြစ်ပေရာ ကျွန်တော်တို့အားလုံး ပျော်ရွှင် ကြည်နူးခြင်းများဖြင့် ကြိုဆိုကြရမှာ ဖြစ်ပါတယ်။

ယခုလို နှစ်သစ်ကူးအချိန်ခါမှ အစပြု၍ နိုင်ငံသူ နိုင်ငံသားများ အနေဖြင့်လည်း အတိတ်ကာလတွင် မိမိတို့ ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၏ အားနည်းချက်၊ အားသာချက်များ၊ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှု အမျိုးမျိုးတို့အပေါ် သင်ခန်းစာအဖြစ် မှတ်ယူ၍ အနာဂတ်တွင် အောင်မြင်မှု အခွင့်အလမ်းကောင်းများ ရယူပိုင်ဆိုင်နိုင်ဖို့ ကြိုးစားကြရမှာပဲ ဖြစ်ပါတယ်။

မိမိတို့ကျရာ အခန်းကဏ္ဍမှ ဆောင်ရွက်ရာတွင် မိမိတို့၏ ဆုပ်ကိုင်ထားသော အတ္တမာနများကို စွန့်ပယ်၍ မျှဝေခြင်းများဖြင့် မေတ္တာထား ဆောင်ရွက်ကြပါ။ ဆောင်ရွက်ဖွယ်ရာ ကိစ္စများကို ဆောင်ရွက်ရာမှာ ကိုယ်ကျင့်သီလ ကောင်းမွန်စွာဖြင့် စိတ်စေတနာကောင်းများထားကာ ပြုမူဆောင်ရွက်ပေးကြပါ။ အရေးကြီးလှျင် သွေးစည်းသည့်စိတ်နှင့် တိုင်းရင်းသားအားလုံးရဲ့ ရင်ထဲမှာ အတူတူရှိနေသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ အရာရာကို ရင်ဆိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။

စုပေါင်း လုပ်ဆောင်ခြင်း စုစည်းဆောင်ရွက်ခြင်းသည်သာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းအရင်းပဲဖြစ်လို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းသာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံသူ နိုင်ငံသားများအားလုံး ၂၀၂၀ ပြည့်နှစ်မှသည် ကျန်းမာပျော်ရွှင်စွာဖြင့် သာယာချမ်းမြေ့သော လှပသည့် အနာဂတ်ဘဝများ ပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ဘာသာတရားတိုင်း၏ အဆုံးအမများကို အစဉ်နှလုံးသွင်း ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ၂၀၂၀ နှစ်သစ်မင်္ဂလာ နေ့ရက်မှာ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။



ကျွန်တော်တို့ ၂၀၁၉ ခုနှစ်ကို ကျော်လွန်ဖြတ်ကျော်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကစပြီး ကျွန်တော်တို့နိုင်ငံအနေနဲ့ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းအပေါ်မှာ လျှောက်လှမ်းခဲ့တာ ၉ နှစ်တာကာလကို ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ အတိတ်ကို ပြန်ကြည့်မယ်ဆိုရင် အောင်မြင်တာတွေရှိသလို အခက်အခဲတွေကို ကျော်လွှားခဲ့ရတာတွေလည်း ကျွန်တော်တို့ ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်ဟာ ကျွန်တော်တို့ နိုင်ငံအတွက် ငြိမ်းချမ်းရေးအတွက်သော်လည်းကောင်း၊ နိုင်ငံရေးအတွက်သော်လည်းကောင်း အရေးပါတဲ့ နှစ်တစ်နှစ် ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ကြဉ်းလုပ်ဆောင်သွားပါမယ်။ မိဘပြည်သူများကလည်း အစစအရာရာ ချင့်ချိန်သုံးသပ်ပြီးတော့မှ တပ်မတော်နဲ့ လက်တွဲပြီး ဒီ ၂၀၂၀ ကာလကိုလည်း ကျော်လွှန်ဖြတ်ကျော်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ထပ်လောင်း ဆုတောင်းအပ်ပါတယ်ခင်ဗျာ။

❑ရှေ့ဖုံးမှ

နှစ်သစ်မှာ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ကျော်လွှားရင်ဆိုင် ဖြတ်သန်းနိုင်ကြပြီး အခွင့်အလမ်းကောင်းတွေကိုလည်း ရယူပိုင်ဆိုင်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

ဒီလို စုစည်းမှုအင်အား၊ ညီညွတ်မှုအင်အားတွေနဲ့ ဆောင်ရွက်မှုကနေ ပြည်ထောင်စုကြီးရဲ့ ငြိမ်းချမ်းရေးနဲ့ ပြည်သူများ မျှော်လင့်တောင့်တနေကြတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေးတို့မှာ ထိရောက်တဲ့အထောက်အကူများ၊ ရလဒ်ကောင်းများ ရရှိနိုင်ကြမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားများ စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုကြီးရဲ့ ရှေ့ခရီးလမ်းနဲ့ အနာဂတ်ဟာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများရဲ့ လုပ်ဆောင်မှု အရပ်ရပ်အပေါ်မှာ တည်မှီနေမှာဖြစ်လို့ နိုင်ငံတော်ရဲ့အကျိုး တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ဂုဏ်သိက္ခာတို့ကို ဆတက်ထမ်းပိုး တိုးမြှင့်သယ်ပိုးနိုင်တဲ့ နိုင်ငံ့သားကောင်းများ ဖြစ်ကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

## ဒီဇင်ဘာကျောင်းပိတ်ရက် ပုဂံညောင်ဦးဒေသရှိ ဘုရားစေတီပုထိုးများတွင် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ညောင်ဦး ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ နေရာစုံအနှံ့ ဘုရားစေတီပုထိုးများတွင် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည် အဝင်များကာ အထူးစည်ကားလျက်ရှိနေသည်။ ဘုရားစေတီပုထိုးများတွင် ဘုရားဖူးဧည့်သည်များကို အမှီပြုပြီး ဘုရားပန်း လာရောက်ရောင်းချသူများ ရောင်းအားကောင်း၍ မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိနေကြောင်း ညောင်ဦးမြို့ အောင်သပြေရပ်ကွက် ငှက်ပစ်တောင်ဆုတောင်းပြည့်ဘုရားရှိ ဘုရားပန်းရောင်းချသည့် အမျိုးသမီးများထံမှ သိရသည်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသည် ပုဂံခေတ် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားများ၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသာသနိက အဆောက်အအုံများနှင့် ပုဂံခေတ် အနုပညာလက်ရာများ ပေါကြွယ်ဝခြင်း၊ နေရာအနှံ့အပြားတွင် ဖူးမြော်မဆုံးနိုင်သည့် ဘုရားစေတီ ပုထိုးများစွာ တည်ရှိနေခြင်းကြောင့် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်သည့် ဒေသတစ်ခုဖြစ်ကာ ခရီးသွားရာသီချိန်နှင့် ရက်ရှည်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ကာလများတွင် ဘုရားဖူးဧည့်သည်များ အများအပြား လာရောက်ဖူးမြော်ကြ၍ အလွန်စည်ကားလျက်ရှိနေကြောင်း ညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးသြဝါဒကထာ

ဘုန်းဘုန်း နှစ်သစ်အနေနဲ့ တိုင်းသူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာအောင် မေတ္တာပွားနည်း (၁၁)နည်းပြောပါမယ်။ မေတ္တာပွားနည်း (၁၁)နည်း ကို မေတ္တာသုတ်၌ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

၁။ လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

သတ္တဝါတွေအားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ။

၂။ ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ။

ကြောက်တတ်တဲ့သတ္တဝါ၊ မကြောက်တတ်တဲ့သတ္တဝါ ဆိုပြီးအဲဒီလိုသတ္တဝါတွေ နှစ်ပုံ ပုံပြီးတော့ ပွားပါတယ်။ ကြောက်တတ်တဲ့သတ္တဝါဆိုတာ ပုထုဇဉ်တွေ၊ သောတာပန်၊ သကဒါဂါမ်တွေ။ မကြောက်တတ်တာက ရဟန္တာပုဂ္ဂိုလ်ကြီးတွေ မကြောက်တတ်ပါဘူး။ အနာဂါမ် ပုဂ္ဂိုလ်ကြီးတွေလည်း မကြောက်တတ်ပါဘူးနော်။

၃။ ရှည်တိုအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ရှည်တယ်ဆိုတာ မြွေကြီးတွေ၊ နဂါးကြီးတွေ အဲဒီလိုရှည်တဲ့ သတ္တဝါတွေ။ တိုတယ် ဆိုတာ လိပ်ကလေးတွေ၊ ကြွက်ကလေးတွေ အဲဒီလိုတိုတဲ့ သတ္တဝါတွေ။ လူတွေ၊ ကျွဲတွေ၊ နွားတွေက အလတ်စားတွေ။ အဲဒီလို(၃)မျိုးခွဲပြီးတော့ သတ္တဝါတွေ မေတ္တာပွားပါ။

၄။ ကြီးငယ်အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ကြီးဆိုတာ ဆင်ကြီးတွေ၊ ဝေလငါးကြီးတွေ အဲဒီလိုခန္ဓာကိုယ်ကြီးတဲ့ သတ္တဝါတွေက တစ်ပုံ၊ ငယ်တဲ့သတ္တဝါတွေ ခြင်ကလေးတွေ၊ ပုရွက်ဆိတ်ကလေးတွေ၊ ယင်လေးတွေ အဲဒီလိုငယ်တဲ့သတ္တဝါတွေက တစ်ပုံ၊ အလတ်စားသတ္တဝါတွေက တစ်ပုံ သုံးပုံပုံပြီး မေတ္တာပွားပါ။

၅။ ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဆူတယ်ဆိုတာက ဝတာပေါ့။ ဝတဲ့သတ္တဝါ၊ ပိန်တဲ့သတ္တဝါ၊ အလတ်စားသတ္တဝါ သတ္တဝါတွေကို သုံးပုံပုံပြီးတော့ လူဆိုရင်လည်း လူဝကြီးတွေတစ်ပုံ၊ လူပိန်လေးတွေတစ်ပုံ၊ အလတ်စားတစ်ပုံ၊ ဒီပြင်သတ္တဝါတွေဆိုရင်လည်း အဲဒီလိုပဲ အဝစား၊ အပိန်စား၊ အလတ်စား သုံးပုံ ပုံပြီးတော့ မေတ္တာပွားတာ။

၆။ မြင်အပ် မမြင်အပ်သတ္တဝါတွေ ချမ်းသာကိုယ်စိတ်မြဲပါစေ။

သတ္တဝါတွေ ဒိဋ္ဌ၊ အဒိဋ္ဌ၊ ဒိဋ္ဌာဝါယေဝါအဒိဋ္ဌာ ယေဝဒူရေဝသန္တိအဝိဒူရေ။

ဒိဋ္ဌဆိုတာ မျက်စိနဲ့ မြင်ကောင်းတဲ့ သတ္တဝါ၊ လူတွေ၊ ကျွဲတွေ၊ နွားတွေ၊ သတ္တဝါတွေ။ အဒိဋ္ဌဆိုတာ မျက်စိနဲ့ မမြင်ကောင်းတဲ့ တစ္ဆေတွေ၊ သရဲတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ။ မြင်အပ်တဲ့သတ္တဝါနဲ့ မမြင်အပ်တဲ့သတ္တဝါဆိုပြီး နှစ်ပုံ ပုံပြီးတော့ မေတ္တာပွားပါ။

၇။ ဝေးနေနီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

အဝေးမှာနေတဲ့ သတ္တဝါတွေ၊ ကိုယ့်အနီးအနားနေတဲ့ သတ္တဝါတွေ နှစ်ပုံ ပုံပြီးတော့ သတ္တဝါတွေကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပွား။

၈။ ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဘဝဇာတ်ဆုံးဆိုတာက ရဟန္တာပုဂ္ဂိုလ်တွေ ဘဝဆုံးပြီ၊ သူတို့ သေရင် နိဗ္ဗာန်ပဲ သွားရမှာ ကျန်တဲ့ပုထုဇဉ်တွေ၊ သောတာပန်တွေ၊ သကဒါဂါမ်တွေ၊ အနာဂါမ်တွေကတော့ မဆုံးသေးတဲ့သတ္တဝါတွေ။ အဲဒီတော့ ဘဝဇာတ်ဆုံးတဲ့ ရဟန္တာတွေက တစ်ပုံ၊ ကျန်တဲ့ သတ္တဝါတွေက တစ်ပုံ ပုံပြီးတော့ မေတ္တာပွား။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်းကင်းရှင်းကြပါစေ။

လူတစ်ယောက်နဲ့ တစ်ယောက် လိမ်တယ်ညာတယ်နဲ့ ဒုက္ခရောက်ကြတယ်။ လိမ်ညာတော့ ထောင်ကျ၊ သေ၊ ဒါကြောင့် လှည့်ပတ်ခြင်း၊ လိမ်ခြင်း၊ ညာခြင်း မရှိကြပါစေနဲ့ လို့ဆိုပြီးတော့ မေတ္တာပွားတာ။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

၁၀။ အထင်သေးခြင်း အချင်းချင်းကင်းရှင်းကြပါစေ။

လူတစ်ယောက်နဲ့ တစ်ယောက် တချို့က အထင်သေးတယ်။ ဒီကောင် ဘာမှ မသိဘူး၊ "က"ပုဒ်လောက် ရေးပြတာတောင် မသိတဲ့ကောင်၊ အလကား လူ့အညံ့စားတွေ၊ ပိုက်ဆံကလည်း ဘာမှမရှိဘူး စသည်ဖြင့် အထင်သေးကြတယ်။ အထင်သေးရင် အမှားဆုံးတဲ့။ အထင်မသေးရဘူး။

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်းကင်းရှင်းကြပါစေ။

လူတစ်ယောက်နဲ့ တစ်ယောက် ဆင်းရဲလိုတယ်၊ တစ်ယောက်က ဆင်းရဲတာကို အခြားတစ်ယောက်က အလိုရှိရင် သတ္တဝါတွေ ဒုက္ခရောက်တတ်တယ်။ ဒါ့ကြောင့် တစ်ယောက်နဲ့ တစ်ယောက် ဆင်းရဲတာကို အလိုမရှိကြပါစေနဲ့။

မေတ္တာပွားနည်း (၁၁)နည်း ပွားစည်းကြပါစေ။ သတ္တဝါတွေအားလုံး အဲဒီလိုမေတ္တာ ပွားနည်း (၁၁)နည်းနဲ့ ပွားရင် သတ္တဝါတွေကုန်ပါတယ်။ သတ္တဝါတွေ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာထားပြီဆိုရင် လူတွေ၊ နတ်တွေ ဗြဟ္မာတွေရှိတဲ့ သတ္တဝါတွေ တစ်ယောက်နဲ့ တစ်ယောက် ညီအစ်ကိုလို၊ မောင်နှမလို၊ သားသမီးလို ချစ်ခင်ကြတယ်။ လေးစားကြတယ်ဆိုရင် တိုင်းပြည်ကြီးလည်း အေးချမ်းသာယာ၊ ကမ္ဘာသူ/ကမ္ဘာသားတွေလည်း အေးချမ်းသာယာသွားမယ်။

အဲဒါကြောင့် နှစ်သစ်မင်္ဂလာမှာ နှစ်ကူးမင်္ဂလာအနေနဲ့ မေတ္တာပွားနည်း (၁၁)နည်းကို ကြိုးစားပြီးပွားများနိုင်ကြပါစေ။ မေတ္တာပွားနည်း (၁၁) နည်းပွားများတဲ့အတွက် တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ကိုယ့်သားလေး၊ ကိုယ့်သမီးလေးလို ကိုယ့်သူငယ်ချင်းမိတ်ဆွေအရင်းတွေလို ချစ်ခင်ပြီးတော့ တိုင်းပြည်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ကလည်း ချစ်ချစ်ခင်ခင်အုပ်ချုပ်ကြပါ။ တိုင်းသူ/ပြည်သားတွေကလည်း ကိုယ့်အစိုးရဆိုပြီး ချစ်ချစ်ခင်ခင်ရှိကြပါ။ အဲဒီလို ချစ်ချစ် ခင်ခင်ရှိကြတဲ့အခါ တိုင်းသူ/ပြည်သားတွေ၊ ကမ္ဘာသူ/ကမ္ဘာသားတွေ ကျန်းမာချမ်းသာ ကြင်ကြင်နာနာရှိပြီးတော့ ဘုန်းကျက်သရေနဲ့ ပြည့်စုံကြပါစေ၊ အားလုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ အားထုတ်နိုင်ကြပါစေကုန်သတည်း။

# သီတဂူဆရာတော်ကြီး၏ ၂၀၂၀ ပြည့်နှစ် သီတဂူ နှစ်ဦးနှုတ်ခွန်းဆက်စကား

## အပ္ပမာဒေန သမ္ပာဒေထ

"အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ဒေသနာဟာ–ပိဋကတ်သုံးပုံအကုန်ငုံမိတဲ့ မြတ်ဗုဒ္ဓ၏ လက်စွဲတရားတော် ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓသည် ဤအပ္ပမာဒတရားကို နေ့စဉ်နေ့စဉ် တစ်နေ့နှစ်ကြိမ် ဟောပါတယ်။ အဓိပ္ပာယ် အကျဉ်းချုပ်ကတော့ "လောကနှင့်ဘဝ"ကို သတိနဲ့ စောင့်ကြည့်ကြ–လို့ အဓိပ္ပာယ်ရပါတယ်။ သတိဟာ ကိုယ်စောင့်တရား၊ စိတ်စောင့်တရားပါ။ မိမိရဲ့ဘဝကို သတိနဲ့စောင့်ရှောက်နိုင်သူဟာ အောင်မြင်သူပါပဲ။

ကောသလမင်းဟာ မြတ်စွာဘုရားနှင့်အတူတကွ တစ်သက်လုံးနေခဲ့ရသူပါ။ ပမာဒ–အားကြီးတဲ့အတွက် သူ့ဘဝဟာ ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။ ကြမ်းတမ်းရက်စက်သော အသောကမင်း စဏ္ဍာသောကဟာ ရှင်သာမဏေ နိဂြောဓထံမှ အပ္ပမာဒတရားကိုနာရတဲ့အတွက် စဏ္ဍာသောကမှ ဓမ္မာသောက ဖြစ်ခဲ့ပါပြီ။ အကွဲကွဲအပြားပြား ဖြစ်နေသော မြန်မာနိုင်ငံတော်ကြီးကို ပထမဆုံးစည်းလုံး တည်ထောင်ခဲ့သော အနော်ရထာမင်းကြီးဟာလည်း အရှင်အရဟံခေါ် ပိယဒဿီမထေရ်၏ အပ္ပမာဒတရားကို နာကြားရသောကြောင့်ပင် မြန်မာနိုင်ငံ၌ အောင်မြင်သော သာသနာပြုမင်းတစ်ပါး၏ ဘဝသမိုင်းမှတ်တမ်းကို ကောင်းကောင်းကြီးလွှင့်ထူနိုင်ခဲ့ပါသည်။



နိုင်ငံသူနိုင်ငံသား အားလုံးတို့၏ဘဝဟာ မြန်မာနိုင်ငံပါပဲ။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ မဆုံးရှုံးမပျက်ပြားရေးအတွက်လည်း သတိစောင့်ကြည့် 'အပ္ပမာဒေန သမ္ပာဒေထ'ပါပဲ။ မြန်မာနိုင်ငံရဲ့ ကြီးပွားတိုးတက်ရေးအတွက်လည်း သတိနဲ့စောင့်ကြည့်'အပ္ပမာဒေန သမ္ပာဒေထ' ပါပဲ။

အတိတ်နှစ်ဟောင်းတွေကိုလည်း သတိနဲ့ ပြန်ကြည့် ပါ–'အပ္ပမာဒေန သမ္ပာဒေထ'၊

အနာဂတ်နှစ်သစ်တွေကိုလည်း သတိနဲ့ကြိုကြည့်ပါ–'အပ္ပမာဒေန သမ္ပာဒေထ'၊

သစ်ပင်တွေ သစ်ရွက်လဲသလို နှစ်တွေ စနစ်တွေ ခေတ်တွေဟောင်းခဲ့ပြီဖြစ်တဲ့ အတိတ်ကနှစ်ဟောင်းတွေကိုလည်း 'အပ္ပမာဒေန သမ္ပာဒေထ'လို့နှုတ်ဆက်ခဲ့ပါတယ်။ စနစ်သစ်တွေနဲ့ချီတက်ရမယ့် နှစ်သစ်ခေတ်သစ်တွေကိုလည်း "အပ္ပမာဒေန သမ္ပာဒေထ"လို့နှုတ်ခွန်းဆက်ကြိုဆိုပါတယ်။

အားလုံးပဲ "အပ္ပမာဒေန သမ္ပာဒေထ'ပါ။

**သီတဂူဆရာတော်**
**စစ်ကိုင်းတောင်ရိုး**

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် အဘိဓမ္မတက္ကသိုလ်တို့၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးသြဝါဒ

၂၀၂၀ ပြည့်နှစ် နိုင်ငံတကာနှစ်သစ်ကူး နှစ်ဦးကာလ အခါသမယမှစ၍ ကမ္ဘာသူ ကမ္ဘာသားအားလုံး "သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒပြည့်ကြပါစေ" ဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုဖွား မြန်မာနိုင်ငံမျိုးနွယ်စုသား အားလုံးသည် ချမ်းသာသုခကို မြတ်နိုးကြပြီး ငြိမ်းချမ်းစွာ နေထိုင်လိုကြသူများ ဖြစ်ကြပါတယ်။ သို့သော် ယနေ့တိုင် လိုချင်ဆန္ဒ အပြည့်အဝ မရရှိကြသေးသည်မှာ သတိသမ္ပဇဉ အားနည်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။

သတိသမ္ပဇဉကို တိုးမြှင့်လေ့ကျင့်ပြီး မလုပ်သင့်တာကို ရှောင်၍ လုပ်သင့်တာကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရပါမယ်။ သို့မှသာ မိမိတို့ မျှော်လင့်ထားကြတဲ့ ချမ်းသာသုခနဲ့ ငြိမ်းချမ်းမှုကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။

မလုပ်သင့်တာ လုပ်နေသမျှ၊ လုပ်သင့်တာ မလုပ်သေးသမျှ မည်သူမှ ချမ်းသာသုခ မရနိုင်ပါ။ မလုပ်သင့်တာ လုပ်နေသမျှ ဆိုးကျိုးနဲ့သာ ကြုံတွေ့ရမှာဖြစ်ပြီး လုပ်သင့်တာ မလုပ်သမျှ ကောင်းကျိုးချမ်းသာနဲ့ ဝေးကွာနေမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနှစ်သစ်ကူး ၂၀၂၀ ပြည့်နှစ် နှစ်ဦးကာလမှအစပြု၍ သတိသမ္ပဇဉတရား လက်ကိုင်ထားကာ အတ္တအကျိုး၊ ပရအကျိုး ပွားတိုးအောင် ဆောင်ရွက်နိုင်ကြပါစေ။



သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် အဘိဓမ္မတက္ကသိုလ် တို့၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# စုပေါင်းညီညီ ရှေ့သို့ချီ

မိုးမြင့်လင်းလက်

**ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံအတွင်း တည်ဆောက်ထားသည့် လွတ်လပ်ရေးကျောက်တိုင်ကြီးက ခိုင်မြဲတည်တံ့သော ဂုဏ်ကျက်သရေဖြင့် တင့်တယ်စွာတည်ရှိနေသည်။ လွတ်လပ်ရေးအောင်ပွဲနှင့် လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို မြင်ရသူတိုင်း မြန်မာ့လွတ်လပ်ရေးကို ကြိုးပမ်းရယူခဲ့မှုဖြစ်စဉ်များနှင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်ရနေကြသည်ချည်းဖြစ်သည်။**

မြန်မာနိုင်ငံတစ်ဝန်းတွင် လွတ်လပ်ရေးကျောက်တိုင်များကို စိုက်ထူထားခြင်းမှာ ပြည်သူများ၊ လူငယ်မျိုးဆက်သစ်များအနေဖြင့် ခက်ခက်ခဲခဲရယူခဲ့ရသည့် လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေးအရေးကြီးပုံနှင့် လွတ်လပ်ရေး မဆုံးရှုံးရစေရေး လူတိုင်း အသိတရားရှိရှိဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရမည့် စိတ်များ ကိန်းအောင်းလာစေရန်ဖြစ်သည်။

## လူငယ်များစည်းလုံးညီညွတ်ကြရန်

လွတ်လပ်ရေးနေ့ရောက်တိုင်း မြန်မာပြည်သူတို့စိတ်ထဲတွင် လွတ်လပ်ရေးနှင့် ပတ်သက်သည့် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းများပါ အချက်များကို ယနေ့ခေတ်တွင် မည်မျှအထိ လိုက်နာစောင့်ထိန်းကြသည့် အခြေအနေအတိုင်းအဆကို သတိပြုဆင်ခြင်မိသည်။ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်များက မရှိတော့သော်လည်း မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော၊ တိုးတက်ဖွံ့ဖြိုးလိုသော၊ စိတ်ဓာတ်ပြင်းပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များကို သတိရမိသည်။

“လူငယ် နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမဟုတ်လျှင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာ မဟုတ်ဘူး” ဟု ၁၉၄၇ ခုနှစ် မတ်လအတွင်း ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သတိပေးအသံလွှင့် ဟောပြောကြားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားများ ညီညီညွတ်ညွတ် အမြဲရှိကြရန် လိုအပ်ပုံနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် စုပေါင်းပြီး မကွဲမပြား လက်တွဲညီညီ လုပ်ကိုင်ကြမှသာ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံအဖြစ် ရောက်ရှိမည်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက ကြိုတင်မှာကြားခဲ့သည်များ ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနှစ်ပေါင်း ၇၀ ကျော်ကြာသည်အထိ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောစကားများက တိုင်းရင်းသားအားလုံးကို သတိပေးနေဆဲ။

“ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီတို့က တခြား အကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်” ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ည ပင်လုံမြို့၊ စော်ဘွားများ ထမင်းစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

## တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အား

ကိုလိုနီဘဝမှ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းတို့ ကြိုးစားပေးခဲ့ပြီးဖြစ်ရာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ နိုင်ငံတကာတွင် ထည်ထည်ဝါဝါရပ်တည်နိုင်သော နိုင်ငံအဖြစ်သို့ ဆက်လက်တည်ဆောက်ရန် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အား၊ တွဲလက်ညီညီဖြင့် ရှေ့သို့ချီနိုင်မည့်စိတ်ဓာတ်တို့ ကိုယ်စီရင်ထဲစွဲမြဲပြည့်ဝနေမှသာ ရမည်ဖြစ်သည်။

လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေသော်လည်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်းတို့လည်း ဟန်ချက်ညီညီဖြစ်ထွန်းနေမှသာ သာယာဝပြောသော လူနေမှုအဆင့်အတန်း မြင့်မားသောဘဝများကို ပုံဖော်နိုင်ကြမည်ဖြစ်သည်။ ပြည်ထောင်စုဟူသော စည်းလုံးညီညွတ်သည့် အခြေခံစိတ်ဓာတ် အရင်းတည်ကာ တိုင်းရင်းသားအားလုံးအကျိုး၊ နိုင်ငံတော်အကျိုးစီးပွားတို့ကို စုစည်းညီညွတ်မှုအားဖြင့် ထုဆစ်ပုံဖော်နိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအလယ်တွင် စိုက်ထူထားသော လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်အခြေ၌ ရေးထိုးထားသည့် လွတ်လပ်ရေးမော်ကွန်းအပိုဒ်(၉)တွင် “လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။ ဤငါတို့ သစ္စာအဓိဋ္ဌာန်မှန်သည်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်စေသတည်း” ဟု ပါရှိသည်။

မှန်ပါသည်။ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရန်၊ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည့် ကဏ္ဍအသီးသီးတွင် ပြည်ပ ပယောဂကြောင့် လက်လွှတ်ဆုံးရှုံးမရှိစေရန်မှာ ပြည်ထောင်စုဖွား မြန်မာနိုင်ငံသားအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်သည်။ ထိုတာဝန်မှာ သားစဉ်မြေးဆက်အထိ တာဝန်ရှိသည်ဟူသော အသိတရားကို စိတ်ထဲနှလုံးသားထဲတွင် စွဲမြဲစွာကိန်းအောင်းနေစေရန် ယနေ့ ပြည်သူများက အမြဲမပြတ်သွန်သင်ဝေမျှပေးနေရမည်ဖြစ်သည်။



မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် အင်္ဂလန်သို့ သွားရောက်ဆွေးနွေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့။

> **“လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ရှိနေပြီဖြစ်သော မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သည့် စုပေါင်းအားလိုအပ်နေချိန်ဖြစ်သည်။ တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်းများကို လက်တွေ့ဖော်ထုတ် တည်ဆောက်ကြရန် လိုအပ်နေချိန်လည်းဖြစ်သည်။ ငြိမ်းချမ်းရေးလမ်းကို ဖော်ဆောင်ပြီး ပြည်သူလူထုအားလုံး ဖွံ့ဖြိုးတိုးတက်သော လမ်းမပေါ်၌ တွဲလက်မဖြုတ် နောက်မဆုတ်ဘဲ စုပေါင်းညီညီဖြင့် ရှေ့သို့ ချီကြရမည်”**

## ညီညွတ်မှု၊ စည်းလုံးမှုအားများ

မြန်မာ့လွတ်လပ်ရေးကို ရယူခဲ့ကြစဉ်က ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး သွေးစည်းချစ်ကြည်ညီညွတ်ခဲ့ကြသည်။ ထိုသို့ ညီညွတ်မှုအင်အား၊ ပေါင်းစည်းမှုအားတို့ တစ်စိတ်တစ်ဝမ်းတည်းတူညီကာ လွတ်လပ်ရေးကို ရယူခဲ့ခြင်းဖြစ်သည်။ ယခု လွတ်လပ်ရေးရပြီးကာလများတွင်လည်း ညီညွတ်မှု၊ စည်းလုံးမှုအားများ ဆက်လက်ဖြစ်ထွန်းနေစေရန် အားလုံးက သတိရှိရှိ၊ အမြင်ကျယ်ကျယ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ကာ ရေပက်မဝင်သော စုစည်းမှု၊ ပေါင်းစည်းညီညွတ်မှုများဖြင့် တည်ဆောက်ကြရမည်ဖြစ်သည်။

အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့ ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး (ဖဆပလ)အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် “ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ ဒါတွေကို ရအောင်၊ အဲဒီလို တူညီတဲ့အကျိုး ပြည်သူပြည်သားတွေ ရအောင်၊ တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်နဲ့ ပြောရုံနဲ့မပြီးဘူး၊ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး၊ အလုပ်မှာလည်း တူရမယ်၊ အကျိုးမှာလည်း တူရမယ်၊ ရည်ရွယ်ချက်မှာလည်း တူရမယ်၊ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်” ဟု ပြောကြားခဲ့သည်။

## တူညီသောခြေလှမ်း၊ တူညီသောအနာဂတ်

မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကိုများ၊ ပြည်သူများအားလုံး အကျိုးဖြစ်ထွန်းရန် ညီညွတ်ရေးက အရေးကြီးပုံကို ဗိုလ်ချုပ်အောင်ဆန်းက လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် သတိပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံ၏အင်အားသည် ပြည်တွင်းမှသာရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တူညီသောခြေလှမ်း၊ တူညီသောအနာဂတ်ကို လက်တွဲမဖြုတ်တမ်း ဇွဲသန်သန်ဖြင့် စုပေါင်းကြိုးစားကြရမည်ဖြစ်သည်။

လွတ်လပ်ရေးရယူခဲ့စဉ်က မြန်မာနိုင်ငံတစ်ဝန်း ထက်သန်နိုးကြားသော စိတ်ဓာတ်များ၊ တွဲလက်များခိုင်ခိုင်ဖြင့် စုပေါင်းဆင်နွှဲခဲ့သည့် ပုံစံကောင်းများက သမိုင်းဖြစ်ရပ်မှန်များအဖြစ် တည်ရှိခဲ့ကြသည်။ ဘယ်သူခွဲခွဲ သွေးမကွဲဘဲ လွတ်လပ်ရေးဟူသော အောင်ပန်းကို အရယူနိုင်ခဲ့ကြသည့် စိတ်ဓာတ်နှင့် စုပေါင်းအင်အားတို့က ပြန်စဉ်းစားရင် လူတို့နှလုံးအိမ်ဝယ် ပူနွေးနေဆဲဖြစ်သည်။

ယနေ့ လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ရှိနေပြီဖြစ်သော မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သည့် စုပေါင်းအားလိုအပ်နေချိန်ဖြစ်သည်။ တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်းများကို လက်တွေ့ဖော်ထုတ် တည်ဆောက်ကြရန် လိုအပ်နေချိန်လည်းဖြစ်သည်။ ငြိမ်းချမ်းရေးလမ်းကို ဖော်ဆောင်ပြီး ပြည်သူလူထုအားလုံး ဖွံ့ဖြိုးတိုးတက်သော လမ်းမပေါ်၌ တွဲလက်မဖြုတ် နောက်မဆုတ်ဘဲ စုပေါင်းညီညီဖြင့် ရှေ့သို့ချီကြရမည်မှာ အမှန်ပင်ဖြစ်သည်။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး “စုပေါင်းအင်အား” ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊


၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာရေး၊

# ဘာသာပေါင်းစုံမှ နှစ်သစ်ကူးဆုတောင်းစကားသံများ



မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းထိုက်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ဟိန္ဒူဘာသာဝင် ဂေါ်ရခါးလူမျိုး ကိုယ်စားပြုဗဟိုအဖွဲ့ အလုပ်အမှုဆောင် ဦးလချူမန်း။



မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်(အင်္ဂလီကန်) သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦး။



အစ္စလာမ်ဓမ္မဗိမာန်၏ ဦးဆောင်ဆော်ဩရေးမှူး ငြိမ်းချမ်း မေတ္တာဘာသာပေါင်းစုံအဖွဲ့၏ အမြဲတမ်းအဖွဲ့ဝင် အလ်ဟာဂျ်ခလီဖွာ ဦးအေးလွင်။

**မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းထိုက်**

၂၀၂၀ နှစ်သစ်မှာ မြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဟာ မတူကွဲပြားတဲ့ ဘာသာအယူအဆ အမျိုးမျိုးကို ယုံကြည် ကိုးကွယ်လျက်ရှိပါတယ်။ ဘာသာအယူအဆများ မတူ ကွဲပြားသော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးရဲ့ ငြိမ်းချမ်းမှု၊ သာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားလုံးမှာ တာဝန်ရှိပါတယ်။

အားလုံးက ဝိုင်းဝန်းကြိုးစားဖို့ လိုအပ်ပါတယ်။ တစ်ဦး ရဲ့ ဘာသာ၊ တစ်ဦးရဲ့ ယုံကြည်ကိုးကွယ်မှုကို တစ်ဦးက အပြန်အလှန်လေးစားပြီး ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးကို တိုးမြှင့်တည်ဆောက်သွားဖို့အတွက် ကျွန်တော့်အနေနဲ့ အထူးပန်ကြားလိုပါတယ်။ ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ခြင်းမှသည် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကြီးဖြစ်ဖို့ အားလုံးက ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ ဝိုင်းဝန်း ဆောင်ရွက်ခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုကြပါလို့ ကျွန်တော့် အနေနဲ့ ဆုတောင်းမေတ္တာပို့သပါတယ်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ဟိန္ဒူဘာသာဝင် ဂေါ်ရခါးလူမျိုး ကိုယ်စားပြုဗဟိုအဖွဲ့ အလုပ်အမှုဆောင် ဦးလချူမန်း**

အမိမြန်မာနိုင်ငံတော်ကြီး ဒီထက်မက သာယာဝပြောပါ စေ။ ကျွန်တော်တို့ဆီမှာ ရှိနေတဲ့ အချင်းချင်းမပြေလည်ခြင်း တွေလည်း အားလုံးပြီးပျောက်ပြီး တိုင်းပြည်ကြီး ငြိမ်းချမ်း ပါစေ။ တိုင်းပြည်ကြီးငြိမ်းချမ်းဖို့ နိုင်ငံသူနိုင်ငံသားအားလုံး တစ်ဦးချင်းဆီမှာ ငြိမ်းချမ်းချင်တဲ့ စိတ်ဖြစ်ပေါ်နေမှ စလို့ ရမှာဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်မှာ အားလုံးရဲ့စိတ်ထဲမှာ ငြိမ်းချမ်းရေး လိုချင်နေကြပါပြီ၊ တိုင်းရင်းသားတွေအားလုံး၊ နိုင်ငံသား တွေအားလုံး လိုချင်နေကြပြီဆိုတော့ သေချာပေါက် ငြိမ်းချမ်းသွားမယ်။ ငြိမ်းချမ်းသွားပြီဆိုရင် အာရှမှာ တိုးတက်တဲ့ တိုင်းပြည်ဖြစ်လာမယ်။ ဒီအချိန်ကို အခက် အခဲတွေ ဖြတ်သန်းနေတယ်လို့ မြင်ပါတယ်။ ဒီအခက်အခဲ တွေအားလုံးကို ကျော်ဖြတ်နိုင်ပါစေ၊ နိုင်ငံသူနိုင်ငံသား အားလုံးကလည်း တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကြီးဆီကို အောင်မြင်စွာနဲ့ လျှောက်လှမ်းနိုင်ပါစေလို့ မေတ္တာစကား ပြောကြားချင်ပါတယ်။

**မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလီကန်) သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦး**

လာမယ့်နှစ် ၂၀၂၀ က ကောင်းခြင်းမင်္ဂလာခံစားရမယ့် နှစ်ဖြစ်မယ်လို့ စိတ်ထဲက မျှော်လင့်မိပါတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်ခြင်း၊ တိုင်းပြည်ရဲ့ ကြေအေးခြင်း၊ တိုင်းပြည်ရဲ့ ငြိမ်းချမ်းငြိမ်သက်ခြင်းနဲ့တကွ မေတ္တာကရုဏာပွားတဲ့နှစ် တစ်နှစ်ဖြစ်မယ်လို့ ယုံကြည်တဲ့ အတိုင်းဖြစ်လာဖို့အတွက်လည်း ဆုမွန်ကောင်းတောင်း ပါတယ်။

ငြိမ်သက်ခြင်းလို့ ပြောတဲ့အထဲမှာ ငြိမ်းချမ်းရေးပါ ပါတယ်။ ငြိမ်းချမ်းရေးလို့ ပြောတဲ့အခါမှာ အပြင်ပန်း တစ်ဖွဲ့နဲ့ တစ်ဖွဲ့ရဲ့ ပဋိပက္ခတွေ၊ ငြိမ်းချမ်းဖို့အပြင် အဓိက ငြိမ်းချမ်းရေး ဆိုတဲ့အရာက အတွင်းကလာတဲ့အရာဖြစ်တဲ့ အတွက် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှု၊ အေးချမ်းမှုလည်းရှိဖို့ အတွက် အားလုံးကနေပြီး ဝိုင်းဝန်းဆုတောင်းဖို့လိုသလို ကိုယ်တိုင်လည်း အထူးမေတ္တာပို့ ဆုတောင်းအပ်ပါတယ်။

**အစ္စလာမ်ဓမ္မဗိမာန်၏ ဦးဆောင်ဆော်ဩရေးမှူး ငြိမ်းချမ်း မေတ္တာဘာသာပေါင်းစုံအဖွဲ့၏ အမြဲတမ်းအဖွဲ့ဝင် အလ်ဟာဂျ် ခလီဖွာ ဦးအေးလွင်**

၂၀၂၀ ပြည့်နှစ်မှာ အမိမြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြတဲ့ ဘာသာပေါင်းစုံ ညီအစ်ကိုမောင်နှမတွေ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကမ္ဘာကြီးလည်း အေးချမ်းသာယာပါစေ၊ ဒါ ပထမ ဆုတောင်းပါ။

ဒုတိယဆုတောင်းက ကျွန်တော်တို့ ခေါင်းဆောင်ကြီး က ကမ္ဘာမှာ မြန်မာ့အလှကို ထုတ်ဖော်ပြီး ပြနေပါတယ်။ မတူကွဲပြားမှုသည် အလှတရားဖြစ်ပါတယ်။ မတူကွဲပြားမှု သည် အားဖြစ်ပါတယ်။ ခြားနေတာမမှားဘူးလို့ ကမ္ဘာကို တင်ပြပါတယ်။ ကျွန်တော်တို့ တိုင်းသူပြည်သားတွေက နှစ်သစ်ကူးမှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်က ကတိပေးခဲ့ တဲ့အတိုင်း မတူကွဲပြားမှုတွေကို အားအဖြစ်အသုံးချပြီး တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု၊ သည်းခံမှု၊ သဘောထားကြီးမှုနဲ့ အမိမြန်မာနိုင်ငံတော်ရဲ့ ဂုဏ်ရှိန်ကို မြှင့်တင်ပေးကြပါလို့ မေတ္တာပို့ဆုတောင်းအပ်ပါတယ်။



မြန်မာနိုင်ငံ ဂျူးဘာသာအသင်းအဖွဲ့မှ ဦးဆယ်မီဆယ်မူအယ်။



နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်မှ အဖွဲ့ဝင် ဦးတင်ဇော်မင်း။

**မြန်မာနိုင်ငံ ဂျူးဘာသာအသင်းအဖွဲ့မှ ဦးဆယ်မီဆယ်မူအယ်**

မြန်မာပြည်ဆိုတာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် မတူကွဲပြားမှုတွေက အမြဲတမ်းရှိမှာပဲ။ အဲဒီလို မတူကွဲပြား မှုတွေကို ကျွန်တော်တို့တွေက မတူကွဲပြားမှုရဲ့ အင်အား၊ မတူကွဲပြားမှုရဲ့ အလှတရားလို့ သဘောထားပြီး အားလုံး ညီညီညွတ်ညွတ်နဲ့ ၂၀၂၀ တင် မဟုတ်ဘဲနဲ့ ရှေ့ဆက်ပြီး မြန်မာနိုင်ငံကြီး အေးအေးချမ်းချမ်း သာသာယာယာနဲ့ သွားနိုင်ပါစေလို့ ဆုတောင်းချင်ပါတယ်။

**နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်မှ အဖွဲ့ဝင် ဦးတင်ဇော်မင်း**

လာမယ့်နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင် ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးအနေနဲ့ ကျွန်တော်တို့ ရရှိပိုင်ဆိုင်ထားတဲ့ လူ့ဘောင်လောက လူမှု အသိုက်အဝန်းကြီး သာယာဝပြောဖို့၊ ယခုထက် ပိုမိုစစ်မှန် ပီပြင်တဲ့ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှုတွေဖြစ်ဖို့အတွက် လူဟာ တစ်မျိုးတည်းဆိုတဲ့ စည်းမျဉ်းရဲ့အောက်မှာ ကျွန်တော်တို့ အားလုံးဟာ ညီရင်းအစ်ကို မောင်ရင်းနှမထက် ပိုတဲ့ ချစ်ခြင်းမေတ္တာတွေကို ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝ တစ်သက်တာမှာ ကျင့်သုံးဆောက်တည် ကြိုးပမ်းအားထုတ် ကြရင်း အကောင်းဆုံး အတူယှဉ်တွဲနေထိုင်ခြင်းဖြင့် ကျွန်တော်တို့ရဲ့ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးကို တည်ဆောက်တဲ့နေရာမှာ၊ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ၊ ပိုမိုကောင်းမွန်တဲ့ ရပ်ရွာလူထုကို ထူထောင်တဲ့နေရာမှာ ကျွန်တော်တို့တွေဟာ ဘုရား သခင်များ ကြိုက်နှစ်သက်တော်မူတဲ့ ကောင်းမြတ်ဖြူစင် သော၊ ကောင်းမြတ်တဲ့ လုပ်ရပ်တွေ၊ ချီးမွမ်းဖွယ်ကောင်း သော ပြုမူဆောင်ရွက်ချက်တွေနဲ့ တကယ့်ကို ကမ္ဘာလောက ကြီးအတွက် အမှုတော်ထမ်းကောင်းတွေ၊ လုပ်သားကောင်း တွေအဖြစ် အမှုတော်ထမ်းရွက်နိုင်ကြပါစေလို့ နှစ်သစ် ဆုမွန် တောင်းလိုက်ပါတယ်။

**တွေ့ဆုံမေးမြန်း – မင်းသစ်(MNA)**
**ဓာတ်ပုံ – လှမိုး**

## နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မင်းဘူးမြို့ရှိ အထင်ကရနေရာများ၌ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်

**မင်းဘူး ဒီဇင်ဘာ ၃၁**

နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မကွေး တိုင်းဒေသကြီး မင်းဘူးမြို့ရှိ ရှင်ပင်စက္ကိန်တဲဘုရားနှင့် နဂါးပွတ် တောင်တော်တို့တွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက် လည်ပတ်ခြင်းဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"စက္ကိန်တဲဘုရားကို ယခုနှစ် သစ်ကူးရုံးပိတ်ရက်တွင် ဘုရားဖူး ပြည်သူ ညအိပ်လာရောက်ကြသူတွေ ကို ကျွန်တော်တို့အနေနဲ့ အခမဲ့ တည်းခိုဆောင်တွေ စီစဉ်ပေးထားပါ တယ်။ စက္ကိန်တဲဘုရား ရင်ပြင်ပေါ်မှာ ရှိတဲ့ နဂါးရုံဘုရားလမ်းများကို ကွန်ကရစ်လမ်းခင်းခြင်းနှင့် နေပူခံ ကျောက်ပြားများကို ခင်းကျင်းထား ပါတယ်။ ဘုရားလမ်းကိုလည်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကတ္တရာ လမ်းခင်းခြင်းများ ဆောင်ရွက်ပြီးစီး သွားပြီဖြစ်လို့ အများပြည်သူများ၊ ဘုရားဖူးပြည်သူများ အနေဖြင့် မင်းဘူးမြို့ရဲ့ အထင်ကရနေရာ တစ်ခုဖြစ်တဲ့ စက္ကိန်တဲဘုရားသို့ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါ တယ်" ဟု ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်သိန်းက ပြောသည်။

"ကျွန်တော်က ရန်ကုန်မြို့မှ ပရဟိတအသင်းက ဖြစ်ပါတယ်။ ချင်းပြည်နယ် မင်းတပ်မြို့က ကလေးတွေကို လှူရင်းနဲ့ နတ်မ တောင်၊ ဝိတိုရိယတောင်တို့တက်ခဲ့ ပါတယ်။ မိဘမဲ့ကျောင်းများ နှင့် ဘုန်းတော်ကြီးသင် ကျောင်းများကိုလည်း လှူဒါန်းခဲ့ ပါတယ်။ မင်းတပ်မြို့နယ် အတွင်းရှိ ကျောင်းများကိုတော့ လူကိုယ်တိုင် မသွားနိုင်တဲ့အတွက် အခြားဘုန်းတော်ကြီးကျောင်းများမှ တစ်ဆင့် လှူဒါန်းခဲ့ပါတယ်။ လူဦးရေ စုစုပေါင်း ၄၇ ဦး ပါပါတယ်။ ဆရာဝန်၊ သူနာပြုတွေ လည်းပါတယ်။ ဓာတ်ခွဲခန်း ဝန်ထမ်းတွေလည်းပါပြီး အခြား စီးပွားရေး လုပ်ငန်းရှင်တွေ လည်း ပါပါတယ်။ ရှင်ပင်စက္ကိန်တဲ ဘုရားဖူးပြီးရင် နတ်မောက်မြို့ က ဗိုလ်ချုပ်အိမ်ပြခန်းကို သွားမှာပါ" ဟု ဦးမြင့်စိုးလတ်က ပြောသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးဆုတောင်းစကား

၂၀၁၉ ခုနှစ်သည် နှစ်ဟောင်းအဖြစ် ကျန်ခဲ့ပြီး တစ်နှစ်တာ ကုန်ဆုံးခဲ့ပြီ ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်သည် ရွေးကောက်ပွဲများအပါအဝင် ငြိမ်းချမ်းရေး ဖြစ်စဉ် အကောင်အထည်ဖော်မှုများနှင့် အတူ အခင်းအကျင်းအသစ်အဖြစ် ချဉ်းနင်း ဝင်ရောက်လာပါတော့မည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ကြသူများ၏ နှစ်သစ်နှုတ်ခွန်းဆက် ဆုတောင်းစကားနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို သိရှိနိုင်စေရန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။


ဦးလှမောင်ရွှေ


စောမြရာဇာလင်း


ခွန်မြင့်ထွန်း


ဦးမျိုးဝင်း

**ဦးလှမောင်ရွှေ**
**ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင် ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်**

၂၀၂၀ ပြည့်နှစ် နှစ်ဆန်းကစပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုတာ မိဘပြည်သူများကို နှစ်သစ်ရဲ့ မင်္ဂလာသတင်းအနေနဲ့ ပေးပို့အပ်ပါတယ်။ ဇန်နဝါရီလ ဒုတိယပတ်မှာ စတင်မယ့် တရားဝင်ဆွေးနွေးပွဲတွေကနေပြီးတော့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ရောက်ရှိအောင်သွားနိုင်မှာဖြစ်သလို NCA လက်မှတ် မရေးထိုးထားရသေးတဲ့ အဖွဲ့တွေကိုလည်း ၂၀၂၀ ပြည့်နှစ်အတွင်းမှာ လက်မှတ်ရေးထိုးနိုင်ဖို့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်ရော၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကပါ ဆက်လက်ကြိုးပမ်းမယ်ဆိုတာကိုလည်း အသိပေးတင်ပြအပ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ။ ငြိမ်းချမ်းလွတ်လပ်တဲ့ ဘဝကို ရနိုင်ကြပါစေလို့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်ကလည်း ဆုမွန်ကောင်းတောင်း ဂါရဝပြုပါတယ်။ မိဘပြည်သူများကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကျွန်တော်တို့ အားလုံးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ ဒီနေရာကနေ မေတ္တာရပ်ခံတင်ပြလိုပါတယ်။

**စောမြရာဇာလင်း**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် (ALP–ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)UPDJC အတွင်းရေးမှူးအဖွဲ့ဝင်**

၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ မြန်မာတစ်နိုင်ငံလုံးမှာရှိနေကြတဲ့ တိုင်းရင်းသူ၊ တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးသာ မရဘူးဆိုရင် ကျွန်မတို့ ပြည်သူတစ်ရပ်လုံးက စိတ်မချမ်းသာခြင်း၊ ကိုယ်မချမ်းသာခြင်းတွေနဲ့ ကြုံတွေ့နေရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရဲ့ အရေးဟာ ပိုမိုအရေးကြီးပါတယ်။ အသက်အိုးအိမ်လုံခြုံမှုနဲ့ အားလုံးစိတ်ချမ်းသာဖို့ဆိုရင် ဖြစ်ပွားနေတဲ့စစ်ပွဲတွေကို ရပ်ဆိုင်းဖို့ အရေးကြီးပါတယ်။ တိုင်းပြည်အေးချမ်းသာယာဖို့အတွက် တိုက်ပွဲတွေမှာ ပါဝင်ပတ်သက်နေကြသူများအားလုံး တိုင်းပြည်ငြိမ်းချမ်းရေးကို ရှေးရှုပြီးတော့မှ တိုင်းပြည်ကောင်းစားရေးအတွက် ဦးတည်ဆောင်ရွက်ကြဖို့ အလေးထား တိုက်တွန်းလိုပါတယ်။

**ခွန်မြင့်ထွန်း (ဒုတိယဥက္ကဋ္ဌ)**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့– PNLO**

ကျွန်တော်တို့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်အနေနဲ့ ပြောရမယ်ဆိုရင် အခုငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အရင်ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ မတူတဲ့အချက် (၂) ချက်ရှိပါတယ်။ (၁) နိုင်ငံရေးဆွေးနွေးမှုအပေါ်မှာ အခြေခံတယ်။ (၂) ပြည်သူလူထုပါဝင်မှုကို အခြေခံတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တည်ဆောက်မှု အောင်မြင်ဖို့ဆိုရင် နိုင်ငံရေးဆွေးနွေးမှုနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ တစ်ပြိုင်တည်း လိုအပ်တာဖြစ်ပါတယ်။ ယနေ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွေကို ခေါင်းဆောင်တွေ၊ လက်နက်ကိုင်ထားတဲ့သူတွေ လက်ထဲမှာပဲ ထားလို့ မရပါဘူး။ ကျွန်တော်တို့ ပြည်သူလူထုကပါ အားလုံးအတူတကွ ပူးပေါင်းပြီး ဖော်ဆောင်ရမှာဖြစ်ပါတယ်။

**ဦးမျိုးဝင်း (ဒုတိယဥက္ကဋ္ဌ)**
**(မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး–ABSDF)**
**UPDJC အတွင်းရေးမှူးအဖွဲ့ဝင်**

၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့အတွက် ကျွန်တော်တို့ ဒီထက်မက ပိုမိုအားထုတ် ကြိုးပမ်းသွားဖို့ ရည်ရွယ်ထားပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ ပြည်သူလူထု စိတ်ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံမှုရှိနိုင်ဖို့ အတွက်ဆိုရင်တော့ ပဋိပက္ခမှာ ပါဝင်သူအားလုံးဟာ ပြည်သူလူထုကို မျက်နှာမူပြီး ဖွဲ့ရှိရှိနဲ့ ကြိုးပမ်းရပါလိမ့်မယ်။ အာဃာတတရားတွေ၊ ရန်လိုမှုတွေ ဖြေလျှော့နိုင်ပြီးတော့မှ တိုင်းပြည်ရဲ့ အနာဂတ်ကို ငြိမ်းချမ်းရေးတည်ဆောက်ပြီးတော့ နှစ်သစ်ကိုကြိုဆိုကြပါလို့ တိုက်တွန်းလိုပါတယ်။

၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ ပိုမိုကြိုးပမ်းနေပါတယ်ဆိုတဲ့ ပြည်သူလူထုကို သတင်းကောင်းပါးချင်ပါတယ်။ ဒါတွေဟာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွေမတိုင်ခင် ငြိမ်းချမ်းရေးညီလာခံတစ်ကြိမ် ကျင်းပနိုင်ရေးကို ရည်ရွယ်ပါတယ်။ အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ထားတယ်။ ရွေးကောက်ပွဲအလွန်မှာလည်း နောက်တက်လာမယ့် အစိုးရနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သွားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဒီထက်မက ဆောင်ရွက်နိုင်လိမ့်မယ်။ ကြိုးပမ်းအားထုတ်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။ ။

**မေး၊ ရေး…ရဲခေါင်ညွန့်၊ ဓာတ်ပုံ..ဖိုးထောင်**

# အနုပညာရှင်များ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး ဆုတောင်းစကားသံများ

**အကယ်ဒမီများရှင် ဒါရိုက်တာ ဦးကြည်စိုးထွန်း**

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး "လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ"၊ "သက်ရှည်ကျန်းမာစိတ်ချမ်းသာ လိုရာဆန္ဒပြည့်ပါစေ"၊ "မေတ္တာတရားလွှမ်းခြုံထားပြန့်ပွားများပြားကြပါစေ"။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာ ညီညီထွန်းလွင်**

၂၀၂၀ နှစ်သစ်မှာ တိုင်းသူပြည်သားတွေအားလုံး စားဝတ်နေရေးပြေလည်ပြီး စစ်မှန်တဲ့ ဒီမိုကရေစီစခန်းသာမှာ လမ်းဖြာဝမ်းသာနိုင်ကြပါစေ။

**စာရေးဆရာမ ဂျူး**

နှစ်သစ်မှာ မြန်မာပြည်သူအပေါင်း ပူပင်သောက ကင်းဝေးပြီး ငြိမ်းအေးစွာ၊ စိမ်းလန်းစွာ၊ ပြည့်စုံစွာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**အဆိုတော် အောင်ထက်**

သီချင်းချစ်သူ ပရိသတ်ကြီးအားလုံး ၂၀၂၀ ပြည့်နှစ် နှစ်သစ်



ဒါရိုက်တာ ဦးကြည်စိုးထွန်း


ဒါရိုက်တာ ညီညီထွန်းလွင်


စာရေးဆရာမ ဂျူး


အဆိုတော် အောင်ထက်


အဆိုတော် နီနီခင်ဇော်


သရုပ်ဆောင် ဇာဏ်ခီ


ဒါရိုက်တာ ခရစ်စတီးနားခီ

မှာ အမြဲတမ်းစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတွေနဲ့ ပြည့်စုံပြီး ကြံစည်ဆောင်ရွက်သမျှ အလုပ်အကိုင်တွေအားလုံး အောင်မြင်ကြပါစေ။ ပြီးတော့ ပျော်ရွှင်သာယာတဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**အဆိုတော် နီနီခင်ဇော်**

မြန်မာပြည်က ပရိသတ်တွေအားလုံး၊ တစ်ကမ္ဘာလုံးမှာရှိကြတဲ့သူတွေအားလုံး ၂၀၂၀ ပြည့်နှစ်က စတင်ပြီး ပိုမိုငြိမ်းချမ်းပြီးတော့ သာယာလှပတဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**သရုပ်ဆောင် ဇာဏ်ခီ**

မြန်မာပြည်သူပြည်သားအားလုံး ဘေးရန်သောကအပေါင်းမှ ကင်းရှင်းကြပါစေ။ မြန်မာပြည်ကြီးလည်း အမြန်ဆုံးငြိမ်းချမ်းပြီး အာရှရဲ့ ကျားတစ်ကောင်အသွင်သို့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ပြောင်းလဲနိုင်ပါစေ။ ဘေးပယောဂအပေါင်းမှ ကင်းလွတ်ပါစေ။

**ဒါရိုက်တာ ခရစ်စတီးနားခီ**

၂၀၂၀ နှစ်သစ်မှာ အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ။ စီးပွားဥစ္စာတွေ တိုးပွားပြီး ဘေးရန်အန္တရာယ်ခပ်သိမ်း ကင်းဝေးကြပါစေ။ မြန်မာပြည်ကြီးလည်း ငြိမ်းချမ်းပြီး အားလုံးအတူတကွ အေးချမ်းစွာနေထိုင်နိုင်ကြပါစေ။

**မြတ်စန္ဒီ**

❖ *ကျောဖုံးမှ*

အုပ်စုအလိုက် လာရောက်အပန်းဖြေအနားယူသော မိသားစုအချို့ကိုလည်း တွေ့ရသည်။

အများပြည်သူရုံးပိတ်ရက်ဖြစ်သောကြောင့် အင်းလျားကန်ပေါင်ပေါ်ရှိ အကြော်ဆိုင်များ၊ အအေးဆိုင်များ၊ ရှမ်းခေါက်ဆွဲဆိုင်များ၊ ရခိုင်မုန့်တီဆိုင်များမှာ နေ့လယ်နေ့ခင်းမှသည် ညအချိန်ထိ လက်မလည်အောင် ရောင်းချနေရသည်။ နှစ်သစ်ကူးနေ့ဖြစ်သောကြောင့် စားသောက်ဆိုင်များကို ည ၁၁ နာရီခွဲခန့်အထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကလေးကစားစရာ မီးအလှရုပ်ကလေးများ၊ မီးအလှဘီးကုပ်များ၊ ကစားစရာ ပူဖောင်းသေနတ်ရောင်းချနေသူများ၊ အသုပ်စုံကိုခေါင်းရွက်ဗန်းဖြင့် လှည့်လည်ရောင်းချနေသူများ၊ လာရောက်အပန်းဖြေသူများ သောက်သုံးရန် ရေသန့်၊ အအေး လိုက်လံရောင်းချနေသူများကိုလည်း တွေ့ရသည်။ ပြည်လမ်းကန်ပေါင်အလယ်ခန့်တွင်ရှိသော အတက်အဆင်း လှေကားအောက်ခြေတွင် ဗွီကုပ်ကော်ဖီ၊ စပါကလင် ခွန်အားဖြည့်အချိုရည်မှ အချိုရည်အလုံးပေါင်း ၇၀၀၀ ခန့်ကို ည ၈ နာရီမှ ၁၂ နာရီအထိ တိုက်ကျွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

နှစ်သစ်ကူးကြိုဆိုမည့် လူငယ်လူရွယ်များအား မတော်တဆ ထိခိုက်ဒဏ်ရာရရှိပါက အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရန်အတွက် ရန်ကုန်လူမှုကယ်ဆယ်ရေးအသင်းမှ အသင်းဝင်များက လူနာတင်ယာဉ်များဖြင့် စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ကမာရွတ်မြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များကလည်း လူငယ်လူရွယ်များအန္တရာယ်ကင်းရှင်းပြီး ခိုက်ရန်ဒေါသဖြစ်ပွားမှု မရှိစေရေး၊ ရာဇဝတ်မှုများဖြစ်ပွားမှုမရှိစေရေးတို့အတွက် လုံခြုံရေးလာရောက်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူရနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြိတ်-တနင်္သာရီလမ်းအပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



### တံတားတည်ဆောက်ရေးလုပ်ငန်းများကြည့်ရှု

ယင်းနောက် ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်သည့် မင်းသန်း-မောင်းလော့်ကျေးရွာ ချင်းဆက်လမ်းပေါ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်နေသော မင်းသန်း- မောင်းလော့်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းစဉ် အဆင့်ဆင့် အရည်အသွေးစစ်ဆေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မင်းသန်း- မောင်းလော့်တံတားသည် အရှည်ပေ ၂၁၀၀ ရှိပြီး တံတားကြီးပြီးစီးသွားပါက ကျွန်းစုမြို့နယ် ကျေးရွာ ၁၄ ရွာနှင့် တနင်္သာရီမြို့နယ် ကျေးရွာတစ်ရွာ စုစုပေါင်း ၁၅ ရွာမှ လူဦးရေ ၁၅၂၈၀ ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ကာ ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြေးနန်းတိုင် -ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းအခြေအနေကို လည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ အရှည် ၂၈၅ ပေ တောင်းရှည်တံတား တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

### ရာသီမရွေးသွားလာနိုင်

ကြေးနန်းတိုင် -ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၇ မိုင် ၄ ဖာလုံရှိပြီး ကျေးရွာ ၁၇ ရွာ၊ လူဦးရေ ၁၇၉၆၀ ကို အကျိုးပြုမည်ဖြစ်ကာ ရာသီမရွေးသွားလာနိုင်သော လမ်းတစ်လမ်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးအား တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မိုးဦးက မရင်းကြီးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း ၃ မိုင် ၂ ဖာလုံ ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ အော်ကြီး - မမသောင် - အနောက်ဘန်လော- ရေပေါ် - အနောက်သမီးလှ - ဝမ်းနာ - တကူလမ်း မိုင် ၂၀ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ကျေးလက်လမ်း၊ တံတားများသည် အဓိကကျကြောင်း ၊ လမ်း၊ တံတားလုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ တည်ဆောက်နေသော တနင်္သာရီတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်မျိုးထွန်းက တံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းစီမံချက်နှင့်တိုးတက်မှု၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်ဝင်းက တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ တံတားတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် တနင်္သာရီတံတားသစ်သည် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း မိုင်တိုင်(၄၉/၄)နှင့် (၄၉/၆) အကြားတွင်တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၁၄၄၄ ပေ ၊ မီတာ ၄၄၀ ဖြစ်ကာ တံတားအမျိုးအစားမှာ အုတ်မြစ်- 1.5m ø Bore Pile ၊ ကိုယ်ထည် – RC Concrete နှင့်အပေါ်ထည် –RC Girder, P.C Girder , Steel Box Girder နှင့် RC Decking တို့ ဖြင့် တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ ၊ လူသွားလမ်းတစ်ဖက်လျှင် လေးပေစီပါရှိကာ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ ၊ အမြင့် ၃၃ ပေရှိပြီး ခွင့်ပြုအလေးချိန်မှာ AASHTO HS (25-44) ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး ၈၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

### သွားလာရေးလွယ်ကူအဆင်ပြေ

ယခင်တံတားဟောင်းသည် တစ်လမ်းမောင်း ဘေလီတံတားဖြစ်ပြီး သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ကြံ့ခိုင်မှုအားနည်းလာသည့်အတွက် ယခု နှစ်လမ်းမောင်းတံတားသစ်ကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ တံတားကြီးပြီးစီးသွားပါက ခရီးသွားပြည်သူများ အချိန်တိုအတွင်း သွားလာရေးလွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*✽ ကျောဖုံးမှ*

ကျောင်းဖွင့်ရက်တွေမှာဆိုရင် လာလည်တဲ့သူက တစ်ရက်ကို ၁၀၀ ကျော်၊ ၂၀၀ လောက်ပဲ ရှိတယ်။ ဒီလိုရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ နှစ်သစ်ကူး အခါကြီးရက်ကြီးတွေမှာဆိုရင်တော့ တစ်ရက်ကို လူဦးရေ ၁၅၀၀၊ ၁၆၀၀ လောက်အထိ လာရောက်လည်ပတ်ကြပါတယ်" ဟု အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဝန်ဆောင်မှုဌာနမှ တာဝန်ခံ ဒေါ်ခင်နန်းစိုးက ပြောသည်။

### လစဉ်ပုံမှန်ဖျော်ဖြေမှုများရှိ

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် အခါသမယတွင် လာရောက်လည်ပတ်ကြသူများအတွက် ဝင်ကြေး လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ အသက် ငါးနှစ်မှ ၁၀ နှစ်အထိ ကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀ သတ်မှတ်ထားပြီး အဖွဲ့လိုက် လာရောက်လည်ပတ်သူများအတွက် လူအရေအတွက်အလိုက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထူးဈေးနှုန်း လျှော့ချသတ်မှတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လာရောက်လည်ပတ်သူများအတွက် ဝန်ဆောင်မှုအနေဖြင့် Ebike နှင့် ကားစီး၍ လည်ပတ်နိုင်သည့်အပြင် တိုင်းရင်းသားဝတ်စုံများဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ရေလှော်လှော်စီးခြင်း၊ လှေစီးခြင်း၊ တိုက်ကားစီးခြင်းနှင့် သရဲအိမ်ဝင်ရောက် ဆော့ကစားနိုင်ရေးအတွက် ဆောင်ရွက်ထားကာ လာရောက်လည်ပတ်သူများက ရေလှော်လှော်စီးခြင်းကို အများဆုံးနှစ်သက်လေ့ရှိကြောင်း၊ ထို့ပြင် လာရောက်လေ့လာလည်ပတ်သူများအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ လစဉ်ပုံမှန်ဖျော်ဖြေမှုများရှိသည့်အတွက် လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း ၎င်းက ပြောသည်။

"ဒီနေ့မှာတော့ နှစ်သစ်ကူးရက်ဖြစ်တာနဲ့ သူငယ်ချင်းတွေနဲ့အတူ တိုင်းရင်းသားကျေးရွာသွားမယ်ဆိုပြီး လာလည်ဖြစ်တာပါ။ အရင်ကလည်း ရောက်ဖူးပါတယ်။ များသောအားဖြင့်တော့ ရုံးပိတ်ရက်တွေမှာပဲ လာဖြစ်ပါတယ်။ ဒီကိုလာရင် တိုင်းရင်းသားရိုးရာဝတ်စုံတွေနဲ့ ဓာတ်ပုံရိုက်ရတာ သဘောကျတယ်။ မမြင်ဖူးတဲ့ တိုင်းရင်းသားအိမ်တွေကို လေ့လာလို့ရတဲ့အတွက် ဗဟုသုတရပါတယ်"ဟု နေပြည်တော်မှ လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လည်ပတ်သူများ မိကျောင်းပြကွက်၌ ကြည့်ရှုလေ့လာနေကြစဉ်။

အလားတူ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်သို့ ယနေ့ နံနက်ပိုင်းမှစတင်၍ လာရောက်လေ့လာ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။ ယနေ့ ညနေပိုင်းအထိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လည်ပတ်သူ ၂၀၀၀ ခန့်ရှိပြီး ဆာဖာရီဥယျာဉ်သို့ လူဦးရေ ၁၅၀၀ ခန့် လာရောက်လည်ပတ်ကြကြောင်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ် တာဝန်ခံတစ်ဦးထံမှ သိရသည်။

### ပိတ်တဲ့ရက်တွေမှာ လာလည်တဲ့သူပိုများ

"ဥယျာဉ်ထဲကို လာရောက်လည်ပတ်သူတွေက နေပြည်တော်က ရုံးဝန်ထမ်းတွေများတာဖြစ်တဲ့အတွက်ကြောင့်မို့ သာမန်ကြားရက်တွေမှာဆိုရင် ၃၀၀ ကနေ ၅၀၀ လောက်ပဲရှိတယ်။ အခုလိုမျိုး ဒီဇင်ဘာကျောင်းပိတ်ရက်၊ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်မှာဆိုရင်တော့ ၂၀၀၀၊ ၃၀၀၀ လောက်အထိ ဝင်တယ်။ ကျောင်းရက်ရှည်ပိတ်တဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင်လို၊ သင်္ကြန်လို၊ ဒီဇင်ဘာရုံးပိတ်ရက်တွေလို နေ့မျိုးတွေမှာဆိုရင်တော့ တစ်ရက်ကို ၁၂၀၀ ကနေ ၃၀၀၀ လောက်အထိ ဝင်ပါတယ်။ အဓိက ကတော့ ကလေးတွေ ကျောင်းပိတ်တဲ့ရက်တွေမှာ များသောအားဖြင့် လာလည်တဲ့သူတွေ ပိုများပါတယ်"ဟု ၎င်းက ပြောသည်။

### အထူးဝန်ဆောင်မှု

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း အများပြည်သူ ရုံးပိတ်ရက်များ၊ အခါကြီးရက်ကြီးများတွင် အများအပြား လာရောက်လည်ပတ်သူများအတွက် အထူးဝန်ဆောင်မှုအနေဖြင့် ဆင်စီးခြင်း၊ ဆင်အကအလှများ ကပြဖျော်ဖြေခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်ဝင်ကြေးအဖြစ် အသက် ငါးနှစ်မှ ကိုးနှစ်အထိ ကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀ နှင့် အသက် ၁၀ နှစ်နှင့် အထက်မှ လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ ပိတ်ရက်ကာလ လူအများအပြား လာရောက်လည်ပတ်သည့်အချိန်များတွင် အထူးဈေးနှုန်းများ လျှော့ချသတ်မှတ်ထားပြီး လူဦးရေ ၅၀ အောက် ၁၀ ရာခိုင်နှုန်းလျှော့ဈေး၊ ၅၀ မှ ၁၀၀ ထိ ၂၀ ရာခိုင်နှုန်း လျှော့ဈေးနှင့် လူဦးရေ ၁၀၀ အထက်ကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ဈေးသတ်မှတ်ထားသည့်အပြင် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီနှစ်မျိုးလုံး လည်ပတ်ပါက ၃၅ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးသတ်မှတ်ထားကြောင်း၊ အထူးသဖြင့် ကျောင်းသားများ အပန်းလည်းပြေ ဗဟုသုတလည်းရရှိစေရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

### ရှားပါးတောရိုင်းတိရစ္ဆာန်များ လေ့လာနိုင်

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း နို့တိုက်သတ္တဝါ ၃၈ မျိုး၊ ကျေးငှက်သတ္တဝါ ၃၄ မျိုးနှင့် တွားသွားသတ္တဝါကိုးမျိုး စုစုပေါင်း တိရစ္ဆာန် ၈၁ မျိုးတို့ကို ပြသထားသည့်အပြင် မြန်မာ့မျိုးရင်း ကြယ်လိပ်များကိုလည်း အများပြည်သူလေ့လာနိုင်ရန် ပြသထားသည်။ သမင်ပြကွက်၊ ခြသေ့်ဖြူပြကွက်၊ ရေမြင်းပြကွက်၊ သစ်ကုလားအုတ်ပြကွက်၊ ပင်ဂွင်ငှက်နှင့် မိကျောင်းပြကွက်များမှာ လာရောက်လေ့လာသူများ စိတ်ဝင်စားမှုအရှိဆုံးဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဥယျာဉ်အတွင်းရှိ ငါးပြတိုက်မှာ ငါးမျိုးစိတ် ၅၆ မျိုးကို မွေးမြူပြသထားသည်။ အဆိုပါပြတိုက်အတွင်း ဒေသတွင်းငါးမျိုးစိတ်များအပြင် ပြည်ပငါးမျိုးစိတ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက် မွေးမြူပြသထားသည်။ ယခုအခါ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်းရှိ ငါးပြတိုက်အတွင်း ဂျပန်ရွှေဝါငါးကြင်းများကို အများပြည်သူများ လေ့လာနိုင်သည့်အပြင် အမေဇုန်မြစ်ဝှမ်းမှ ငါးမျိုးစိတ်တစ်မျိုးဖြစ်သည့် အယ်ပိုင်းမားငါးကြီးမျိုးစိတ်များကိုလည်း အများပြည်သူများ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ မွေးမြူပြသထားပြီဖြစ်ကြောင်း၊ ထို့အတူ ဆာဖာရီဥယျာဉ်တွင်လည်း တောတွင်းတိရစ္ဆာန်များ၏ ဓလေ့စရိုက်များကို သဘာဝအတိုင်း လေ့လာနိုင်မည့်အပြင် မြန်မာနိုင်ငံရှိ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ကမ္ဘာ့နိုင်ငံအချို့ရှိ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက် နေထိုင်ကျက်စားပုံများကို လေ့လာနိုင်မည့် ဥယျာဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

# စီးပွားရေးလုပ်ငန်းရှင်များ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးဆုတောင်း စကားသံများ



ဦးအောင်ကိုဝင်း



ဦးဇော်မင်းဝင်း



ဦးချစ်ခိုင်



ဒေါက်တာခင်ရွှေ



ဦးကိုကိုထွေး



ဦးမောင်ဝိတ်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် နာယက ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း**

မင်္ဂလာရှိသော နှစ်သစ်အခါသမယမှာ မြန်မာပြည်သူပြည်သား အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

နိုင်ငံတော်အစိုးရက ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန် အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာမှာ ကျွန်တော်တို့ ပြည်သူ ပြည်သားအားလုံးကလည်း စည်းလုံး ညီညွတ်သော စုပေါင်းအင်အားနဲ့ နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲ ဝန်းရံ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တာဝန်သိသော၊ တာဝန်ကျေပွန်သော ပြည်သူပြည်သားကောင်းများ ဖြစ်ကြ ပါစေလို့ ဆုမွန်ကောင်းတောင်းအပ် ပါတယ်။

မင်္ဂလာရှိသော နှစ်သစ်အခါ သမယမှာ တိုင်းရင်းသားညီနောင် အားလုံး စည်းလုံးညီညွတ်စွာနဲ့ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် လေးစား ချစ်ခင်ယုံကြည်လျက် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြ ပါစေ။ သဘာဝဘေးအန္တရာယ် အမျိုးမျိုး၊ ဘေးဘယာ အမျိုးမျိုးတို့မှ ကင်းဝေးနိုင်ကြပြီး မျိုးဆက်သစ် လူငယ်တွေကို အညွန့်တုံးစေမယ့် မူးယစ်ဆေးဝါး အန္တရာယ်မှလည်း ကင်းဝေးနိုင်ကြပါစေ။ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဘဝ ပိုမိုမြင့်မား တိုးတက်ကောင်းမွန်နိုင်ကြ ပါစေ။ တရားမျှတမှန်ကန်တဲ့ တရားစီရင်ရေးစနစ်နဲ့ တရားဥပဒေရဲ့ အကာကွယ်ကို အပြည့်အဝခံစား ရရှိ နိုင်ကြပါစေ။

နိုင်ငံတကာနဲ့ ရင်ပေါင်တန်း နိုင်တဲ့ ခေတ်မီတိုးတက်သော ပညာ ရေးစနစ်ကို ပိုင်ဆိုင်နိုင်ကြပြီး ပြည်သူ များအားလုံး ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု အပြည့် အဝ ရရှိနိုင်ကြပါစေ။ နိုင်ငံတော်ရဲ့ ကောင်းမြတ်တဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာတွေနဲ့ အမျိုးသားရေး လက္ခဏာတွေကို ထိပါးခြင်းမရှိစေတဲ့ လွတ်လပ်မှုနဲ့ လူ့အခွင့်အရေးကို လူတိုင်းလူတိုင်း ပြည့်ပြည့်ဝဝ ပိုင်ဆိုင်နိုင်ကြပြီး နှစ်သစ်မှာ စိတ်သစ်၊ ကိုယ်သစ်၊ အားအင်သစ်များနဲ့ နိုင်ငံတော် အကျိုး၊ ပြည်သူ့အကျိုးကို ထမ်းဆောင်နိုင်ကြပါစေ။

နိုင်ငံတော်အစိုးရနဲ့ ပြည်သူ လူထုတစ်ရပ်လုံးရဲ့ စုပေါင်းအင်အား တွေနဲ့ ပေါင်းစပ်ဝန်းရံပြီး ကြုံတွေ့ နေရတဲ့ ပြည်တွင်းပြည်ပမှ အခက်အခဲ အမျိုးမျိုးနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင် ကျော်လွှားကာ၊ နှစ်သစ်မှာ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်နေမှု ဆက်လက်တိုးတက်အောင်မြင်ပါစေ ကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါတယ်။

**ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း**

နှစ်ဟောင်းကုန်၍ နှစ်သစ် မင်္ဂလာအခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ နိုင်ငံသူ၊ နိုင်ငံ သားများနဲ့ မြန်မာနိုင်ငံအား စိတ်စေတနာကောင်းနဲ့ အဘက် ဘက်မှ ကူညီပေးကြတဲ့ နိုင်ငံတကာ မိတ်ဆွေတွေအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာရှိကြပြီး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ၍ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၊ တိုးတက်ဖွံ့ဖြိုး စေဖို့နဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ မြင့်မား တိုးတက်စေဖို့အတွက် ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို ဦးဆောင်နေတဲ့ မြန်မာနိုင်ငံ ကုန်သည် စက်မှုအသင်းချုပ်သည် နိုင်ငံတော် အစိုးရ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့ အစည်းတွေနဲ့အတူ တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု မှသည် နိုင်ငံရဲ့ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင် ရန်အတွက် နိုင်ငံတော်အစိုးရသည် မိမိတို့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ အသင်းအဖွဲ့တွေနဲ့ ပိုမိုနီးကပ်စွာ လက်တွဲကြိုးပမ်းမှုပြုနေတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကျေးဇူးတင် ရှိပါတယ်။

ထိုသို့ဆောင်ရွက်နေတဲ့ လုပ်ငန်း စဉ်မှာ ကုန်သည်စက်မှုအသင်းချုပ် အမှုဆောင်တွေအပါအဝင် ညီနောင် အသင်းတွေ၊ အသင်းဝင်တွေနဲ့ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်တွေ အားလုံးက လာမယ့်နှစ်သစ်ကာလ အတွင်း ပိုမိုတက်ကြွစွာ ပူးပေါင်း ဆောင်ရွက်သွားကြပါဖို့နဲ့ နှစ်သစ် မင်္ဂလာမှာ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ ပြည်သူများရဲ့ အကျိုးစီးပွားနဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွားတွေ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှု အကျိုးရလဒ်ကောင်း တွေ ရရှိခံစားနိုင်ပါစေလို့ ဆုမွန် ကောင်းတောင်း မေတ္တာပို့သအပ် ပါတယ်။

**မြန်မာ့ရှေ့ဆောင်ဘဏ် ဥက္ကဋ္ဌ ဦးချစ်ခိုင်**

လက်ရှိတိုင်းပြည်ရဲ့ အခြေအနေ အရကတော့ ငြိမ်းချမ်းရေးပဲပေါ့၊ ဖြစ်ပေါ်နေတဲ့ အနေအထားနဲ့ ပြည်သူ လူထုခံစားနေရတဲ့ မလုံခြုံမှုနဲ့ ဒုက္ခသည်တွေဖြစ်နေတဲ့ ကိစ္စတွေ ပြီးပျောက်သွားစေချင်ပါတယ်။ ဒီလို ငြိမ်းချမ်းမှလည်း စီးပွားရေးရှုထောင့် က ပြောလို့ရှိရင် ရင်းနှီးမြှုပ်နှံမှု အပိုင်းက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လုံခြုံ စိတ်ချစွာနဲ့ အမြောက်အမြား အလုံး အရင်းနဲ့ ဝင်လာလိမ့်မယ်လို့ မျှော်လင့် တယ်ပေါ့နော်၊ တိုင်းပြည်ကလည်း နှစ် ၇၀ လောက်ကြာပြီ၊ မငြိမ်းချမ်း သေးတဲ့ အခါကျတော့ ဒီအချိန် ဒီကာလမှာတော့ ငြိမ်းချမ်းရေးက အထူး လိုအပ်နေတဲ့အတွက် ငြိမ်းချမ်းတဲ့ အနေအထားကို အမြန်ဆုံးပြီးပြည့်စုံတဲ့ အနေအထား ရောက်ပါစေလို့ ဆုတောင်းပေးပါ တယ်။

စီးပွားရေးကောင်းလာဖို့ အဓိက ကတော့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုအပိုင်းက ပိုအရေး ကြီးပါတယ်။ သူတို့ဝင်လာတဲ့အခါ ကြမှ ရင်းနှီးမြှုပ်နှံမှု ပိုများပြားမယ်။ အလုပ်အကိုင် အခွင့်အလမ်းဖော်ထုတ် နိုင်မှုတွေ ပိုများပြားမယ်။ နည်းပညာ ပိုင်းဆိုင်ရာ လွှဲပြောင်းသင်ယူနိုင်မှုတွေ ပိုများပြားမယ်။ ပြည်တွင်းလုပ်ငန်းရှင် တွေအနေနဲ့က ကဏ္ဍတစ်ခုတည်း ကိုပဲ စုပြုံလုပ်တာမျိုး မဟုတ်ဘဲနဲ့ နိုင်ငံတော်အတွက် လိုအပ်တဲ့ စိုက်ပျိုးရေးနယ်ပယ်၊ အခြားနယ်ပယ် တွေမှာလည်း အင်တိုက်အားတိုက် ရင်းနှီးမြှုပ်နှံပြီး တိုင်းပြည်ရဲ့ အကျိုး စီးပွား တိုးတက်အောင်ဆောင်ရွက်ဖို့ သင့်ပါတယ်။

အရေးကြီးတာက အားလုံးမတူ ကွဲပြားတဲ့ကိစ္စတွေ၊ ကျွန်တော်တို့ လည်း ကျောင်းသား ဘဝကတည်းက နေလာတဲ့အခါမှာ ကျွန်တော်တို့ သူငယ်ချင်းတွေ ဟိန္ဒူတွေရှိတယ်။ မွတ်စလင်တွေရှိတယ်။ ခရစ်ယာန် တွေရှိတယ်။ အားလုံး ချစ်ချစ်ခင်ခင်နဲ့ လက်တွဲပြီးတော့ တက္ကသိုလ်တွေမှာ နေခဲ့ကြပါတယ်။ ကျောင်းတွေမှာ နေခဲ့ကြတယ်။ အင်မတန်လည်း ခင်မင်ပါတယ်။ အေးချမ်းခဲ့တယ်ပေါ့၊ အဲ့ဒီအခင်းအကျင်းကြီးဟာ နိုင်ငံမှာ ပြောင်းလဲသွားတာပေါ့။ ပြောင်းလဲမှု ဖြစ်ပေါ်နေတဲ့ အနိဋ္ဌာရုံတွေဟာ ပြည်သူလူထုနဲ့ တိုင်းရင်းသားတွေပဲ ခံစားရတာပေါ့၊ ဒီဟာတွေကို အမြန် ချုပ်ငြိမ်းပြီးတော့ တကယ်ရည်မှန်းတဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံသစ်၊ ဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကို တစ်ဦးစီမှာ တာဝန်ရှိတဲ့ အတွက် ဒါတွေအားလုံးကို အမြန် ဆောင်ရွက်နိုင်တဲ့ ပြည့်စုံနိုင်တဲ့ အနေအထားရောက်ပါစေ။ ကျွန်တော် တို့က အသက်အရွယ် ရလာပြီဖြစ်တဲ့ အတွက် အနာဂတ်မျိုးဆက်သစ် အတွက်ကို နေရောင်ခြည်အစွန်း အစလေး မြင်ရပါစေလို့ ဆုတောင်းပါ တယ်။

**ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ**

၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ကို ကူးပြောင်း ရောက်ရှိလို့လာပါပြီ။ နိုင်ငံနဲ့ လူမျိုးအတွက် တိုင်းပြည် အတွက် အခုဆိုရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း သူ့ရဲ့ ရိုးသားတဲ့ ဂုဏ်နဲ့ ဦးဆောင်နေပါ တယ်။ သူရဲ့ရိုးသားမှုအပေါ် အသိ အမှတ်ပြုပြီး တိုင်းပြည်အတွက် ရှေ့ဘယ်လို ကောင်းအောင်လုပ်ကြ မလဲ။ ဒီထက် ပိုပြီးဖွံ့ဖြိုးအောင် ဘယ်လိုလုပ်ကြမလဲ။ အထူးသဖြင့် အောက်ခြေမိသားစုတွေရဲ့ စားဝတ် နေရေး ဘယ်လိုပြေလည်အောင် လုပ်ကြမလဲ။ အခုလက်ရှိမြန်မာပြည် အနေအထားက ကမ္ဘာနဲ့ယှဉ်ရင် အောက်ဘက်ကို ရောက်နေပါတယ်။ အဆင့်အတန်းတစ်ခုအထိ ပြန်ရောက် အောင် ဆွဲတင်ဖို့က လူတိုင်းမှာ တာဝန်ရှိပါတယ်။

တညီတညွတ်တည်း ၂၀၂၀ မှာ စည်းလုံးညီညွတ်စွာနဲ့ ဝိုင်းဝန်း ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အဓိက အားဖြင့် ငြိမ်းချမ်းဖို့လိုပါတယ်။ မငြိမ်းချမ်းရင် စီးပွားရေးလည်း မကောင်းနိုင်ပါဘူး။ ငြိမ်းချမ်းရေးက စီးပွားရေးဖြစ်သလို နိုင်ငံရေး၊ လူမှု ရေးလည်းဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ အလွန်အရေးကြီး ပါတယ်။ နိုင်ငံတော်ကနေ ဆက်လက် ပြီးတော့ ယခုထက်ပိုမိုပြီး ငြိမ်းချမ်း သာယာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးပါလို့ တိုက်တွန်း ချင်ပါတယ်။ လက်ရှိစီးပွားရေး အနေ အထားကိုကြည့်ရင် စီးပွားရေးက လည်နေတဲ့အတွက် စီးပွားရေး ကောင်းလာဖို့အတွက်လည်း လူတိုင်း မှာ တာဝန်ရှိပါတယ်။ နေပူထဲမှာ နေရတဲ့ လူက အရိပ်ရဲ့တန်ဖိုးကို ပိုနားလည်သိရှိသလို မငြိမ်းချမ်း သေးတဲ့ ဒေသမှာ နေထိုင်တဲ့ လူတွေ ကလည်း သူတို့အမြဲတမ်းကြုံတွေ့ နေရတဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေ အစား ငြိမ်းချမ်းနေတဲ့ ဒေသကလူတွေ ပျော်ရွှင်ခံစားရသလို သူတို့လည်း ဒီလို အသီးအပွင့်ကို ရယူခံစားချင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအနှံ့ အပြား ငြိမ်းချမ်းရေးရဖို့ အရေးကြီးပါ တယ်။

ယနေ့ကမ္ဘာမှာ ဖွံ့ဖြိုးပြီးနိုင်ငံ တွေက လမ်းကြောင်းသုံးခုနဲ့ လည်ပတ်နေကြပါတယ်။ နံပါတ် ၁ က ငြိမ်းချမ်းရေးဖြစ်ပါတယ်။ နံပါတ် ၂ က ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပါ တယ်။ နံပါတ် ၃ က နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့် တိုးတက်ရေးလမ်း ကြောင်း ဒီသုံးခုနဲ့ သွားနေတာဖြစ်ပါ တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ အားလုံး ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံက ဘက်ပေါင်းစုံက တိုးတက် လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ လိုအပ်ပါတယ်။

**မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ တော်ဝင်မိသားစု ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေး**

ကျွန်တော်တို့ မကြာခင်ကာလ အတွင်းမှာ ၂၀၂၀ နှစ်သစ်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ နှစ်သစ်ကူး နောက်နှစ်အတွက်ကို မြန်မာနိုင်ငံဟာ စီးပွားရေးကောင်းမွန် ပြီးတော့ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံ ဖြစ်ပါစေလို့ ပထမဆုံး ဆုတောင်း လိုပါတယ်။ နောက်တစ်ခုက ဆုတောင်းရုံ တစ်ခုတည်းနဲ့လည်း မပြည့်စုံပါဘူး။ ဆုတောင်းတဲ့ နောက်ကို ကျွန်တော်တို့ လိုက်ပြီး လုပ်မှသာ ပြီးပြည့်စုံမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အားလုံးသော ပြည်သူ ပြည်သားရော၊ အစိုးရပါ အေးချမ်း သာယာအောင်၊ စီးပွားရေးကောင်းမွန် အောင် ကျွန်တော်တို့ ဝိုင်းဝန်း လုပ်ဆောင်ကြမှသာ အောင်မြင်မှု ဖြစ်ပေါ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စီးပွားရေး လုပ်ငန်းရှင်ရော၊ လုပ်သား ပြည်သူအားလုံး၊ ဝန်ထမ်းလုပ်သား တွေပါ ပိုမိုကောင်းမွန်တဲ့ စနစ်ကျတဲ့ စီးပွားရေးကို အကောင်အထည်ဖော်ဖို့ အဓိက လိုအပ်ပါတယ်။ အဲ့ဒီလို အကောင်အထည်ဖော်ဖို့ ဦးဆောင် ရမှာ နိုင်ငံတော်အစိုးရပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ နိုင်ငံတော် အစိုးရရဲ့ ဦးဆောင်မှုနဲ့ စီးပွားရေး ကောင်းအောင်၊ ငြိမ်းချမ်းသာယာ အောင် ဆောင်ရွက်ဖို့ အထူးလိုအပ်ပါ တယ်။ ဦးဆောင်တဲ့နေရာမှာ နိုင်ငံ တော်အစိုးရကလည်း စီးပွားရေး လုပ်ငန်းကို တကယ်ကောင်းမွန်အောင် လုပ်ပေးနိုင်တဲ့ အစီအမံဆိုတဲ့နေရာမှာ ဒီနေ့ ငွေကြေးလည်ပတ်မှု အားနည်း နေတာကို ငွေကြေးလည်ပတ်မှု ကောင်းအောင် လုပ်ပေးဖို့ရယ်၊ ဒီနေ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် တွန်းအားပေးတဲ့အနေနဲ့ မြေယာ ကဏ္ဍတွေ ဖွံ့ဖြိုးလာအောင်၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာအောင်ဆိုရင် နိုင်ငံတော်က ပထမဆုံး လုပ်ပေးသင့်တာကတော့ ဒီလုပ်ငန်းတွေကို အလွယ်တကူနဲ့ အမြန်ဆုံးလုပ်နိုင်အောင် အစီအမံတွေ စီမံပေးဖို့ လိုပါတယ်။ အဲ့ဒီ အစီအမံ တွေကို မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်း ရှင်များအသင်းအနေနဲ့ မကြာမီ တင်ပြဖို့ စုစည်းနေပါတယ်။

အဲဒီအစီအမံတွေကို လုပ်ဆောင် ပေးလိုက်လို့ရှိရင် ဒီနေ့ဆင်းရဲတဲ့ တိုင်းပြည်ကနေ၊ ချမ်းသာတဲ့ တိုင်းပြည်ဖြစ်လာဖို့၊ ဆင်းရဲနေတဲ့ ပြည်သူတွေ စားဝတ်နေရေး ပြေလည် ပြီး ဖူလုံတဲ့အပြင် စိတ်ချမ်းသာသာနဲ့ ဘဝကို ဖြတ်သန်းနိုင်ဖို့ အဲဒီလို စီးပွားရေး ကောင်းတဲ့အပေါ်မှာ အခြေခံပြီး တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေး အတွက် ရင်ကြားစေ့နိုင်အောင် ပြုလုပ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျွန်တော်ပြောနေတာဖြစ်ပါတယ်။

**စေပိုင်ဖွံ့ဖြိုးမှုလီမိတက် ဥက္ကဋ္ဌ ဦးမောင်ဝိတ်**

လာမယ့်နှစ်သစ်ကို ကြည့်တဲ့အခါ မှာ ထူးခြားတဲ့ဂဏန်းနဲ့ ဖွဲ့စည်း ထားတဲ့ ၂၀၂၀ ပြည့်နှစ် ဖြစ်နေတာကို တွေ့ရပါတယ်။ စိတ်ဝင်စားစရာတွေ၊ ရင်ခုန်စရာတွေ များစွာရှိလာမယ့်နှစ် တစ်နှစ်ဖြစ်မယ်လို့ ထင်ပါတယ်။ နှစ်ဆယ်နှစ်ဆယ်ဆိုတဲ့အတိုင်း နှစ်ခံ ထားရတဲ့ အဖြစ်တွေ၊ နစ်နေတဲ့အဖြစ် တွေရှိခဲ့လျှင်လည်း နှစ်သစ်မှာ ဆယ်တင်နိုင်ကြပါစေလို့ ဆုတောင်း ပါတယ်။ ၂၀၂၀ နှစ်သစ်မှာ ကျွန်တော် တို့အားလုံး ငြိမ်းချမ်းသာယာပြီး စီးပွားဥစ္စာများ ပေါများလျက် ကျန်းမာရွှင်လန်း ရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ်(MNA)/ ဓာတ်ပုံ - နေလင်း**

*အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီသည် နိုင်ငံဖွံ့ဖြိုးရေးတိုးတက်ရေးကို ဆောင်ရွက်နေကြသော ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို လွှတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် အဖွဲ့အစည်းများဖြစ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးကို စနစ်တကျ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကို လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် – (စာတည်းအဖွဲ့)*

# အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြည်သူလူထုထံ တကယ်ရောက်ပြီး အကျိုးရှိ ထိရောက်စေချင်တယ်

**အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦး**

*တွေ့ဆုံမေးမြန်း – နန္ဒာဝင်း*



ဦးမင်းဦး၊ ဥက္ကဋ္ဌ
အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ
အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ

## အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအသီးသီး၌ နိုင်ငံဖွံ့ဖြိုးရေးတိုးတက်ရေးကို ဆောင်ရွက်နေကြသော ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို လွှတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် အဖွဲ့အစည်းများဖြစ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးကို စနစ်တကျ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးကို ကူညီပေးနိုင်ရန်ရည်ရွယ်လျက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို ဖွဲ့စည်းခဲ့သည်။



၂၇-၁၁-၂၀၁၉ ရက်က အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းခဲ့သည်။ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင်လည်း အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လ ၁၄ ရက်တွင် ကော်မတီဝင်အစားထိုးပြောင်းလဲကာ သက်တမ်းတိုးပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်း ကျင်းပဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် MoU လက်မှတ်ရေးထိုးထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း လေ့လာခဲ့သလို အခြားဝန်ကြီးဌာနများနှင့် MoU လက်မှတ်ရေးထိုးထားသည့် INGOs များ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း လေ့လာခဲ့သည်။

ပညာရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရွှေ့ပြောင်းနေထိုင်သူများကိုဦးတည်၍ အမျိုးသမီးနှင့် လူငယ်များ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်လာစေရန်၊ စွမ်းရည်မြင့်လာစေရန် ကူညီခြင်း၊ လုပ်ငန်းသုံးကိရိယာများ ထောက်ပံ့ပေးခြင်း၊ စွန့်ဦးတီထွင်စီးပွားရေး လုပ်ငန်းများနှင့် နည်းပညာသစ်များကို သင်တန်းများဖွင့်လှစ်ခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ နယ်စပ်ဒေသ အစွန်အဖျားရှိ ပညာသင်ကြားမှု လက်လှမ်းမမီလစ်ဟာနေသည့် နေရာဒေသများတွင် မူလတန်း ပညာသင်ကြားပေးခြင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို (Training of Trainer-TOT ) သင်တန်းများဖွင့်လှစ်ပေးခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုတိုးတက်အောင် သင်ကြားပေးခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းပေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ထို့အပြင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သော စာသင်ကျောင်းများကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မသန်စွမ်းသည့် ကလေးသူငယ်များ ပညာသင်ယူမှု နှောင့်နှေးခြင်းမရှိစေရန် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြား၍ သရုပ်ပြတရားခွင်များ ပြုလုပ်ပေးခြင်း၊ တရားဥပဒေစိုးမိုးရေးစင်တာများတွင် ကွင်းဆင်းလေ့လာစေခြင်း၊ နိုင်ငံခြားသားပညာရှင်များ လာရောက်ဆွေးနွေးပို့ချခြင်း၊ နိုင်ငံခြားလေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံအမျိုးသားပညာရေးမူဝါဒကော်မရှင်တို့နှင့်ပေါင်းစပ်၍ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုစီမံကိန်းတွင် ကူညီခြင်းနှင့် တက္ကသိုလ်ကောလိပ်များတွင် သုတေသနဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း သိရှိရသည်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်ပြီး နိုင်ငံအတွက် အထောက်အကူနှင့် အကျိုးကျေးဇူးများရရှိစေရန် ကူညီဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမှန်တကယ် လိုအပ်သည့်နေရာများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးကိုလည်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးမင်းဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး ။ ။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိရှိလိုပါတယ်။**

**ဖြေ ။ ။** လွှတ်တော်မှာ ဖွဲ့စည်းရတဲ့ ကော်မတီ၊ ကော်မရှင်တွေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီတွေကတော့ နာမည်တွေ ပြောင်းလို့ ပြင်လို့မရဘူး။ ကျန်တဲ့ ရေးရာကော်မတီတွေကတော့ လိုအပ်ရင်လိုအပ်သလို အမည်တွေ ပြောင်းလဲဖွဲ့စည်းခွင့်ရှိတယ်။ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေလည်း ပြောင်းလဲသတ်မှတ်ဖွဲ့စည်းခွင့်ရှိတယ်။ မလိုအပ်ဘူးဆိုရင် ဖျက်သိမ်းခွင့်ရှိတယ်။ များသောအားဖြင့် လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီတွေဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို Focal ပြုပြီး ဝန်ကြီးဌာနတွေကို အပြန်အလှန် ထိန်းကျောင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းတာဖြစ်ပြီး အဲဒီလိုဖွဲ့စည်းရာမှာ ပြည်သူ့လွှတ်တော်မှာရော အမျိုးသားလွှတ်တော်မှာပါ များသောအားဖြင့် ဝန်ကြီးဌာနတွေနဲ့ဆက်စပ်တဲ့ နာမည်တွေနဲ့ ဖွဲ့စည်းထားတာများတယ်။

ဒါပေမယ့် ကျွန်တော်တို့ ကော်မတီကတော့ ဝန်ကြီးဌာနကို စောင့်ကြည့်ထိန်းညှိဖို့အတွက်ဖွဲ့စည်းတဲ့ ကော်မတီမျိုးမဟုတ်ဘူး။ ဥပမာ- ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဆိုရင် ဆောက်လုပ်ရေး၊ စက်မှုနှင့် လျှပ်စစ်နဲ့စွမ်းအင်ဝန်ကြီးဌာနများကို အပြန်အလှန် ထိန်းညှိမယ်၊ ဥပဒေအရ ထိန်းညှိမယ်၊ ဘတ်ဂျက်တွေ စိစစ်ပြီး ထိန်းညှိတာရှိမယ်၊ မူဝါဒပိုင်းဆိုင်ရာ ထိန်းညှိတာတွေရှိမယ်။ ကျွန်တော်တို့မှာက အဲဒီလို ဝန်ကြီးဌာနကို Focal လုပ်ပြီး ဖွဲ့ထားတဲ့ အဖွဲ့အစည်းမျိုး မဟုတ်ဘူး။

လွှတ်တော်ထဲမှာရှိတဲ့ ကော်မတီတွေကလည်း ဝန်ကြီးဌာနကို စောင့်ကြည့်ပြီး အပြန်အလှန်ထိန်းကျောင်းတာ ဖြစ်သင့်သလို ပြည်သူတွေကို ကိုယ်စားပြုတဲ့ ကော်မတီမျိုးလည်းဖြစ်သင့်တယ်။ ပြည်သူတွေရဲ့ အသံကို နားထောင်ပြီး အစိုးရရဲ့ ပေါ်လစီ၊ မူဝါဒကို ထိန်းကျောင်းရာမှာ အခုလိုအချိန်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို အသွင်ကူးပြောင်းမှု ဆောင်ရွက်နေတဲ့နိုင်ငံမျိုးမှာ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ သူတို့ရဲ့အသံကို လွှတ်တော်က ကြားနိုင်ဖို့ဆိုရင် သူတို့ကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတစ်ရပ် လွှတ်တော်မှာ ရှိသင့်တယ်၊ သူတို့ရဲ့အသံကို လွှတ်တော်ကိုတင်ပြနိုင်တဲ့ အခွင့်အလမ်းတစ်ခုရဖို့အတွက် ရှိသင့်တယ်လို့ ယူဆကြတဲ့အတွက် ကျွန်တော်တို့ ကော်မတီကို ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

နောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ ပုဒ်မ ၃၅၄ (ဂ) အရလည်း အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးထားတဲ့အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အသင်းအဖွဲ့တွေ ဖွဲ့စည်းရာမှာ နှောင့်နှေးကြန့်ကြာနေတာမျိုးတွေ ရှိခဲ့လို့ ကျွန်တော်တို့ကော်မတီကို တင်ပြလာရင် အခက်အခဲမရှိအောင်၊ ဒါ့အပြင် အဲဒီလိုဖွဲ့စည်းထားပြီး သက်ဆိုင်ရာနယ်မြေဒေသတွေမှာ အစိုးရနဲ့ဖြစ်စေ၊ ဒေသခံပြည်သူနဲ့ဖြစ်စေ မူဝါဒအရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရာမှာ အခက်အခဲရှိခဲ့တယ်ဆိုရင် ပြည်သူလူထုအတွက် ဒါတွေကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပေါင်းစပ်ညှိနှိုင်းတဲ့ အလုပ်ကိုလည်း ကျွန်တော်တို့ကော်မတီက ဆောင်ရွက်ပေးပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“လွှတ်တော်ထဲမှာရှိတဲ့ ကော်မတီတွေကလည်း ဝန်ကြီးဌာနကို စောင့်ကြည့်ပြီး အပြန်အလှန် ထိန်းကျောင်းတာ ဖြစ်သင့်သလို ပြည်သူတွေကို ကိုယ်စားပြုတဲ့ ကော်မတီမျိုးလည်း ဖြစ်သင့်တယ်။ ပြည်သူတွေရဲ့ အသံကို နားထောင်ပြီး အစိုးရရဲ့ ပေါ်လစီ၊ မူဝါဒကို ထိန်းကျောင်းရာမှာ အခုလိုအချိန်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို အသွင်ကူးပြောင်းမှု ဆောင်ရွက်နေတဲ့နိုင်ငံမျိုးမှာ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်”**

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ဖော်ဆောင်မှု

*စာမျက်နှာ ၁၀ မှ*

အရပ်ဘက် လူမှုအဖွဲ့အစည်းတွေက မြို့နယ်အတွင်းမှာပဲ ဆောင်ရွက်မယ်ဆိုရင် မြို့နယ်မှာပဲ မှတ်ပုံတင်ရတယ်။ ခရိုင်အတွင်း ဆိုရင် ခရိုင်မှာ၊ တိုင်းဒေသကြီးအတွင်းဆိုရင် တိုင်းဒေသကြီးမှာ မှတ်ပုံတင်ရတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် နေပြည်တော်မှာ မှတ်ပုံတင်ရတယ်။ ဒီလိုတရားဝင် မှတ်ပုံတင်ထားတဲ့ ပြည်တွင်းအဖွဲ့အစည်းများ ဆက်သွယ်လာရင် ကော်မတီက လက်ခံ တွေ့ဆုံပါတယ်။ ပြည်ပအဖွဲ့အစည်းတွေနဲ့ ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ MoU ရေးထိုးဆောင်ရွက်တာ ရှိပါတယ်။ အဲဒီလိုအဖွဲ့အစည်းတွေဆိုရင် သူတို့ကို ဖိတ်ကြားပြီး ဘယ်ကဏ္ဍတွေမှာ အစိုးရနဲ့ MoU ရေးထိုးထားသလဲ၊ ဘယ်နယ်ပယ်တွေ၊ ဘယ်ဒေသတွေမှာ အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေသလဲဆိုတာ သိချင်တဲ့အတွက် သူတို့ကိုဖိတ်ကြားပြီးတော့ မေးမြန်းတယ်။ တစ်ပြိုင်နက်တည်းမှာပဲ သူတို့နဲ့ ပူးပေါင်း ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနရဲ့ မူဝါဒတွေ၊ ချိတ်ဆက်ဆောင်ရွက်နေတဲ့ အပိုင်းတွေကို သိလိုတာတွေ တစ်ပြိုင်တည်းမေးမြန်းလို့ ရပါတယ်။

ကျွန်တော်တို့က Focal Ministry မရှိဘူးဆိုသော်လည်း ပြည်တွင်းပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ (NGOs, INGOs) တွေကို ဖိတ်ကြားပြီး တွေ့ဆုံဆွေးနွေး မေးမြန်းတဲ့အခါတိုင်း သက်ဆိုင်ရာဝန်ကြီး တွေကိုလည်း မေးမြန်းခွင့်ရတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနပေါင်းများစွာနဲ့ ထိတွေ့ခွင့် ရတယ်။ အပြန်အလှန် စောင့်ကြည့်ထိန်းညှိခွင့် ရတယ်။ တစ်ဖက်ကလည်း ပြည်တွင်းပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ လေ့လာသိရှိခွင့်ရတာ ဖြစ်ပါတယ်။

**မေး။ ။ ဆရာတို့ ကော်မတီအနေနဲ့ ပြည်တွင်းပြည်ပအရပ်ဘက်လူမှု အဖွဲ့အစည်းတွေရဲ့ အသံကို နားထောင်ပြီး လွှတ်တော်ကို တင်ပြခဲ့တာမျိုးတွေရှိရင် လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေးမှူး တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ ကော်မတီက ဦးဆောင်ပြီး ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ ပြင်ဆင်ခဲ့တာပါ။ အဲဒီလိုပြင်ဆင်ရာမှာ ကျွန်တော်တို့က သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်း တွေရဲ့အသံကို နားထောင်တယ်။ သူတို့ ပြင်ဆင်လိုတဲ့ ပြင်ဆင်ချက်တွေကို တောင်းတယ်။ ဖက်စ်၊ အီးမေးလ်နဲ့ဖြစ်စေ၊ စာနဲ့ဖြစ်စေ ပေးပို့လို့ရပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီဥပဒေအပေါ်မှာ ပြင်ဆင်ချက် တွေ၊ အသစ်ဖြည့်စွက်ချက်တွေ၊ ထုတ်ပယ် လိုတာတွေကိုလည်း ကျွန်တော်တို့ကော်မတီ ကို ကိုယ်တိုင်လာရောက်ပြီး ဆွေးနွေးလို ပါတယ်ဆိုရင်လည်း ဖိတ်ကြားတယ်။ လာရောက်ဆွေးနွေးစေပါတယ်။ အဲဒီလို သူတို့ရဲ့အသံတွေကို ကျွန်တော်တို့ ကော်မတီ က ကိုယ်စားပြုပြီး သူတို့ရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ပြင်ဆင်ခဲ့တဲ့ သာဓကတစ်ခုလည်း ဖြစ်ပါ တယ်လို့ ပြောချင်ပါတယ်။

**မေး ။ ။ ဖွံ့ဖြိုးတိုးတက်မှုဆီ အားယူနေတဲ့ နိုင်ငံတွေအတွက် ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍအပေါ် ဆရာရဲ့သုံးသပ်ချက်ကို လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ပြည်တွင်း၊ပြည်ပ အရပ်ဘက်လူမှု အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍ ကလည်း ဒီအချိန်မှာ အရေးပါပါတယ်။ အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလမှာ ဘတ်ဂျက်အနေအထားအရ သော်လည်း ကောင်း၊ နယ်ပယ်အစုံကနေ ဖွံ့ဖြိုးရေးကိစ္စ တွေကို တစ်ပြိုင်နက်တည်း ပြုပြင်ပြောင်းလဲ ရေး လုပ်နေရတဲ့အခါမျိုးမှာ သော်လည်း ကောင်း၊ အစိုးရက အပြည့်အဝ မလုပ်ပေးနိုင် တာတွေ၊ လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်တဲ့ နေရာဒေသတွေ ရှိပါတယ်။ အဲဒီလိုအခါမျိုးတွေမှာ အစိုးရက ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နေ တဲ့ အပိုင်းတွေမှာ ပိုမိုပီပြင်အောင်၊ အကောင် အထည်ပေါ်သွားအောင် လိုက်ပါဆောင်ရွက် ပေးနိုင်မယ်ဆိုရင် အရပ်ဘက်လူမှုအဖွဲ့အစည်း တွေရဲ့ အခန်းကဏ္ဍက ပိုမိုအရေးပါလာပြီး ပြည်သူလူထုရဲ့ ယုံကြည်အားကိုးမှုလည်း ပိုရလာမှာဖြစ်သလို အစိုးရဲ့ မဟာမိတ် အဖွဲ့အစည်းတွေဖြစ်နေမှာပါလို့ ပြောချင် ပါတယ်။

**မေး ။ ။ အချို့အရပ်ဘက်လူမှုအဖွဲ့အစည်း တွေနဲ့ ပေါင်းစပ်ဆောင်ရွက်ရတဲ့ အခါ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိတယ် ဆိုရင်လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ကို ကြားနာမှုတွေမှာ ကျွန်တော် တို့ ဝေဖန်ထောက်ပြတာတွေ ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပဲဖြစ်ဖြစ်၊ ပညာ ရေး ဝန်ဆောင်မှုပဲဖြစ်ဖြစ် အချို့နေရာ တွေမှာသွားပြီး Overlap ဖြစ်နေတာတွေ ရှိတယ်။ ဝန်ကြီးဌာနနဲ့ INGOs ၊ လုပ်ငန်းနဲ့ နေရာ တိုက်ဆိုင်နေတာမျိုးတွေရှိသလို၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအချင်းချင်းလည်း လုပ်ငန်းနဲ့ နေရာ တူနေတာမျိုးတွေရှိတယ်။ အဲဒါကို အခြားလိုအပ်တဲ့ နေရာမျိုးတွေမှာ ပြောင်းရွှေ့သုံးစွဲမယ်ဆိုရင် ပြည်သူ့အတွက် ပိုပြီးထိရောက်မယ်လို့ အကြံပြုတယ်။ ဒါပေမယ့် အလှူရှင်ရဲ့ စိတ်ဝင်စားမှုရှိတဲ့ နေရာကိုပဲ အကောင်အထည်ဖော် ဆောင်ရွက် ရတာဖြစ်တဲ့အတွက် ဟိုနေရာမှာလုပ်ပါ၊ ဒီနေရာမှာလုပ်ပါ။ ကျွန်တော်တို့က အကြံ ဉာဏ်ပေးတဲ့ အနေအထားလောက်ပဲရမယ်။ ဖိအားပေးလို့မရဘူး။ ဒါကတော့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ အခက်အခဲ ဖြစ်ပါတယ်။

**မေး ။ ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ကို ဆရာတို့ကော်မတီအနေနဲ့ အဓိက ထောက်ပြအကြံပြုခဲ့တာတွေက ဘယ်လိုအချက်တွေဖြစ်မလဲ သိရှိလိုပါတယ်။**

ဖြေ ။ ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ က ကျန်းမာရေးစောင့်ရှောက်မှု တွေပဲဖြစ်ဖြစ်၊ ပညာရေးဝန်ဆောင်မှု၊ သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စသည် အားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြည်သူလူထုထံ တကယ် ရောက်ပြီး ထိရောက်အကျိုးရှိစေချင်တယ်။ ကျွန်တော်တို့က သူတို့ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်း ထဲမှာပါတဲ့ ဒေသခံသော်လည်းကောင်း၊ ဆွေမျိုးသော်လည်းကောင်း အဲဒီလိုလူတွေ ပြောတဲ့နေရာကိုပဲ အကောင်အထည်ဖော် လိုက်တာမျိုးတွေလည်း ရှိတယ်လို့လည်း ကြားသိရတာတွေ ရှိတယ်။



၁၁-၁၂-၂၀၁၉ ရက်က အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

တကယ်တော့ အဲဒီလိုဆောင်ရွက်တဲ့ နေရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး များနဲ့ သက်ဆိုင်ရာဒေသအာဏာပိုင်များ လည်း မသိလိုက်ရတာတွေရှိတယ်။ တကယ် လိုအပ်နေတဲ့နေရာကို မရောက်ဘဲ သူတို့ထဲမှာ ပါတဲ့သူတွေရဲ့ လိုချင်တာကိုပဲ ဖြည့်ဆည်းပေး လိုက်တဲ့အခါမျိုးမှာ ပြည်သူတကယ်လိုအပ်တဲ့ နေရာကိုရောက်ရင် အကျိုးပြုမှုနည်းတာမျိုး တွေလည်း ရှိတတ်တဲ့အတွက် အကောင်းဆုံး ကတော့ အဲဒီဒေသမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဓိကဆောင်ရွက် ရတဲ့ ဝန်ကြီးဌာနနဲ့ အဲဒီဒေသက လွှတ်တော် ကိုယ်စားလှယ်တွေကို အသိပေးပါလို့လည်း အကြံပြုပါတယ်။ အဲဒီလိုမဟုတ်ဘဲ နီးစပ်ရာနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လိုက်မယ် ဆိုရင် အကျိုးရှိသော်လည်း အကျိုးမများဘူး ထိထိရောက်ရောက် ပြည်သူလူထုထံရောက် အောင် ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြု တာမျိုးတွေလည်း ရှိပါတယ်။

**မေး။ ။ အခြားဒေသတွင်း နိုင်ငံတွေမှာ ဘယ်လိုတွေ ပေါင်းစပ်ဆောင်ရွက် နေတယ်ဆိုတာကိုလဲ သိရှိလိုပါတယ်။**

ဖြေ ။ ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ပိုမိုအလုပ်လုပ်နိုင်အောင်၊ အစိုးရ အတွက်လည်း သူတို့ဖော်ဆောင်နေတဲ့ ကဏ္ဍတွေမှာ အထောက်အပံ့ ပြည့်ပြည့်ဝဝ ရရှိအောင်၊ ပြည်သူလည်း တကယ်အကျိုးရှိ အောင် ဆောင်ရွက်နိုင်ဖို့ ဥပဒေအရ ချောချော မွေ့မွေ့ လုံလုံခြုံခြုံဖြစ်အောင် သူတို့ကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မယ့် ဥပဒေ တစ်ရပ် ပေါ်ပေါက်လာမယ်ဆိုရင် ကောင်းလိမ့် မယ်လို့ထင်ပါတယ်။ ပြည်တွင်း၊ ပြည်ပ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကို ထိန်းကျောင်းတဲ့ဥပဒေတွေ အချို့နိုင်ငံတွေ မှာ ရှိပါတယ်။ ဒါပေမယ့် သူတို့ကို ထိန်းချုပ် တယ်ဆိုတဲ့အမြင်လည်း မြင်သွားမယ့် ဥပဒေမျိုးဆိုရင်လည်း ကျွန်တော်တို့ သေသေ ချာချာစဉ်းစားရမယ့် အနေအထား ဖြစ်ပါ တယ်။ ဒါနဲ့ပတ်သက်ပြီး ဥပဒေမူကြမ်း တစ်ခုတည်ဖို့ ကြိုးစားခဲ့တာတွေ ရှိပါတယ်။ ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီး အထူးကော်မရှင် မှာ တစ်ကြိမ်ဆွေးနွေးခဲ့ဖူးတယ်။ နောက်တော့ ဆက်ပြီး မဆွေးနွေးဖြစ်တော့ဘူး။ ရပ်သွားခဲ့ ပါတယ်။ ခုအချိန်ထိပေါ့။

**မေး ။ ။ ဆရာတို့ ကော်မတီအနေနဲ့ ပြည်တွင်း၊ ပြည်ပ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေအပါအဝင် ပြည်သူ လူထုကို ဖြည့်စွက်ပြောကြားချင်တာရှိရင် လည်း ပြောပြပေးပါ။**

ဖြေ ။ ။ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ အနေနဲ့လည်း သူတို့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုတွေ၊ ပြည်သူအတွက် တကယ်အကျိုးရှိမယ့် လုပ်ငန်းမျိုးတွေကို ကျွန်တော်တို့ ကော်မတီကတစ်ဆင့် လွှတ်တော်ကို တင်ပြနိုင်ပါတယ်။ အစိုးရကို သိစေချင်တာတွေနဲ့ပတ်သက်ရင် ကျွန်တော် တို့ကော်မတီကို အချိန်မရွေး ဆက်သွယ်လို့ ရပါတယ်။ ရှိနေတဲ့ ဥပဒေတွေနဲ့ပတ်သက်ပြီး ပြုပြင်ချင်တာတွေ၊ ဖြည့်စွက်ချင်တာတွေ ရှိခဲ့ရင်လည်း အကြံဉာဏ်ပေးလို့ ရပါတယ်။

အစိုးရကို တရားဝင်မှတ်ပုံတင်ထားတဲ့ ပြည်တွင်းပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်း တွေကို လက်ခံတွေ့ဆုံပေးပါတယ်။ ဆက်သွယ်တွေ့ဆုံနိုင်ပါတယ်လို့ ပြောကြား ချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ် အခါသမယမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပြီး မိမိတို့ရဲ့ မိသားစုအကျိုး၊ မြို့နယ်၊ တိုင်းပြည်၊ နိုင်ငံတော်ရဲ့အကျိုးကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သယ်ပိုးထမ်းရွက်နိုင်ကြ ပါစေ။ ကျွန်တော်တို့အားလုံး မျှော်လင့် တောင့်တနေတဲ့ ငြိမ်းချမ်းရေးလည်း အမြန်ဆုံးရရှိပါစေလို့ ဆုမွန်တောင်းအပ် ပါတယ်ခင်ဗျာ။ ။



၁၈-၆-၂၀၁၉ ရက်က အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ဩစတြေးလျနိုင်ငံ Earth Systems မှ လာအိုနိုင်ငံဆိုင်ရာ Country Manager ဖြစ်သူ Mr. Chris Smithies တို့ တွေ့ဆုံဆွေးနွေးစဉ်။

## မန္တလေးမြို့တွင် နှစ်သစ်ကူးကြိုဆိုပွဲ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးမြို့ ၂၆ လမ်း ကျုံးတောင်ဘက် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့တွင် ဒီဇင်ဘာ ၃၁ ရက် ည ၉ နာရီက နိုင်ငံကျော်အဆိုတော်များနှင့်အတူ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကြိုဆိုပွဲကို ပျော်ရွှင်စွာဖြင့် စည်ကား သိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ နှစ်သစ်ကူးကြိုဆိုပွဲကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီတို့၏ ပူးပေါင်းစီစဉ်မှုနှင့်အတူ မန္တလေးဒေသခံ ပြည်သူများ နှစ်သစ်ကို ပျော်ရွှင်စွာ ကျင်းပခြင်းဖြစ်သည်။

နှစ်သစ်ကူးကြိုဆိုပွဲသို့ ညနေ ၆ နာရီမှစ၍ မန္တလေး မြို့နယ်များမှ လူငယ်များ၊ မိသားစုများ၊ ကား၊ ဆိုင်ကယ် များဖြင့်လာရောက်ကြကာ မန္တလေးမြို့တော်စည်ပင်သာယာ ရေးရုံးရှေ့တွင် အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုကို ပျော်ရွှင်စွာ ခံစားကခုန်ခြင်း၊ ကျုံးတောင်ဘက်ခြမ်းနှင့် ကျုံးအရှေ့ဘက်ခြမ်းတို့တွင် LED မီးဆိုင်းများဖြင့် အလှဆင် ထားသည့် နေရာများတွင် အမှတ်တရဓာတ်ပုံများ ရိုက်ကူး ခြင်းနှင့်အတူ နှစ်သစ်သို့ကူးပြောင်းမည့် ည ၁၂ နာရီတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ- အောင်ဖြိုးကျော်**



# ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုကြမည့် ပြည်သူများဖြင့် နေပြည်တော်တစ်ခွင် စည်ကားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ယနေ့သည် ၂၀၁၉ ခုနှစ် တစ်နှစ်တာ၏ နောက်ဆုံးနေ့ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုကြမည့် ပြည်သူများဖြင့် နေပြည်တော် တစ်ခွင်၌ စည်ကားသက်ဝင်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ ဘုရားကျောင်းကန် စေတီပုထိုးများတွင် လာရောက်လည်ပတ်ဖူးမြော်ကြသူများ၊ ကုသိုလ်ပြုကြသူများနှင့် တရားဘာဝနာပွားများ၍ နှစ်သစ်ကိုကြိုဆိုကြသူများဖြင့် စည်ကားလျက်ရှိသည်။

နှစ်သစ်ကို နေပြည်တော်ရှိ ဘုရားစေတီများ သွားရောက်ဖူးမြော်ပြီး မိသားစုများဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းရန် ရန်ကုန်မြို့မှ လာရောက်သည့် မသဇင်က "ညပိုင်းမှာမိသားစုတွေ စုံစုံလင်လင်နဲ့ အစားအသောက်တွေ ချက်ပြုတ်စားသောက်ကြရင်း နှစ်သစ်ကို ကြိုဆိုကြမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ဖူးမြော်ရန် လာရောက်သည့် လက်ပံတန်း GTI ကျောင်းမှ ဆရာ ဦးအောင်ခိုင်ဖြိုးက



မသဇင်



ကိုမင်းမင်း

"ကျွန်တော်တို့ ဘုရားဖူးအလည်အပတ်ခရီးထွက်လာတာ ခုနစ်ရက်လောက်ရှိပါပြီ။ ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ပြီး တည်ထားတဲ့ ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ဖူးမြော်ချင်လို့ နေပြည်တော်ကို ဝင်ခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

မိသားစုနှင့်အတူ နေပြည်တော်ရှိ ဘုရားစေတီများအား လာရောက်ဖူးမြော်သည့် မိုးညှင်းဒီဂရီကောလိပ်မှ ကထိက ဒေါ်သွယ်သွယ်က နှစ်သစ်ကူးရုံးပိတ်ရက်ဆိုတော့ မိဘတွေကို နေပြည်တော်ဘုရားတွေ လိုက်ပို့ရင်း ဒီမှာရှိတဲ့ အဒေါ်တွေဆီ လာရောက်လည်ပတ်တာဖြစ်ပါတယ်။ နှစ်သစ်မှာ ကျွန်မတို့နိုင်ငံတော် အေးချမ်းသာယာဝပြောပါစေ၊ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

ရုံးပိတ်ရက်တွင် ညီအစ်မများနှင့်အတူ ရန်အောင်ချမ်းသာဘုရားသို့ လာရောက်ဖူးမြော်သည့် မြတ်တော်ဝင်ဟိုတယ်မှ ဝန်ထမ်း မစုလှဲ့ဦးက "ကျွန်မတို့ နှစ်သစ်ကူးအစီအစဉ်ကတော့ မနက်ပိုင်းမှာ ညီအစ်မတွေစုပြီး နေပြည်တော်က ဘုရားတွေ သွားကြမယ်။ ညပိုင်းမှာ ညီအစ်မ၊ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ အိမ်မှာပဲ ချက်ပြုတ်စားသောက်ပြီး နှစ်သစ်ကို ကြိုဆိုကြပါမယ်" ဟု ပြောသည်။

ထို့အတူ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကို မိမိတို့၏ မိတ်ဆွေများ၊ မိသားစုများနှင့်အတူ အစားအသောက်များ ချက်ပြုတ်စားသောက်ကာ ပျော်ရွှင်စွာ ကြိုဆိုနိုင်ရန်လိုအပ်သော ပစ္စည်းများလာရောက်ဝယ်ယူကြသူများ၊ နှစ်သစ်တွင် လူကြီးမိဘများအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ရန် လာရောက်ဝယ်ယူကြသူများဖြင့် နေပြည်တော်ရှိ ဈေးကြီးများနှင့် ဈေးဝယ်စင်တာများတွင် စည်ကားလျက်ရှိသည်။

မိသားစုနှင့်အတူ နှစ်သစ်ကို ကြိုဆိုမည့် ကိုမင်းမင်းက "နှစ်သစ်ကို မိသားစုနဲ့အတူ အိမ်မှာပဲ ကြိုဆိုမှာဖြစ်ပါတယ်။ မိသားစုနဲ့ ချက်ပြုတ်စားသောက်မယ်။ နှစ်သစ်မှာ မြန်မာပြည်သူပြည်သားအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဆုတောင်းပါတယ်" ဟု ပြောသည်။

"ဒီလို နှစ်ကူးအချိန်ဆို အန်တီတို့ဆိုင်မှာ စုံလင်အောင် ရောင်းချပေးတယ်။ ဝယ်တဲ့ လူတွေလည်း တစ်နေရာတည်းမှာ စုံလင်အောင် ရအောင် ရောင်းချပေးထားတယ်။ လာရောက်ဝယ်ကြတဲ့ သူတွေလည်း တော်တော်များတယ်" ဟု မွှေးကုန်စုံဆိုင်ပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောသည်။

**တွေ့ဆုံမေးမြန်း- မျိုးသူဟိန်း၊ ကျော်ဟိန်း**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်၊ ဟိန်းမင်းစိုး**



နှစ်သစ်ကိုကြိုဆိုသောအားဖြင့် နေပြည်တော် ကံ့ကော်အိမ်ရာ၌ စတုဒိသာ ကျွေးမွေးမှုကို တွေ့ရစဉ်။



"ကမ္ဘဖလ" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သူများအား မီဒီယာများနှင့် တွေ့ဆုံပွဲ၌ တွေ့ရစဉ်။

# "ကမ္ဘဖလ" ရုပ်ရှင်ကို ဇန်နဝါရီ ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

"ကမ္ဘဖလ" ရုပ်ရှင်၏ အထူးပွဲကို ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အဆိုပါရုပ်ရှင်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဟု သိရသည်။

**သရုပ်ဆောင် များစွာပါဝင်**

ယင်းရုပ်ရှင်ကို ဝတ္ထု တင့်တယ်၊ ဇာတ်ညွှန်း အကယ်ဒမီ ငြိမ်းမင်း၊ ဒါရိုက်တာ အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုး၊ တွဲဖက်ဒါရိုက်တာ ဝင်းဆောင်၊ သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီပြေတီဦး၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ အကယ်ဒမီ စိုးပြည့်သဇင်၊ မိုးဟေကို၊ ရန်ကျော်၊ စိုးရန်အောင်၊ စိုးသီဟ၊ ကလေးသရုပ်ဆောင် ဟိန်းကျော်စိုးမိုး၊ ထက်လူ၊ မင်းသူ၊ ဟန်လေး၊ မေစူးနိုင်နှင့် သရုပ်ဆောင်များစွာပါဝင်ပြီး ပွဲခင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

"ဒီဇာတ်ကားမှာ ကျွန်တော် ဆရာတင့်တယ်ရဲ့ ဝတ္ထုကိုပေါ်လွင်အောင် ကြိုးစားရိုက်ထားပါတယ်။ ရုပ်ရှင်ကို မြန်မာကားသည် မြန်မာကားဖြစ်အောင် copy နဲ့ adopt မလုပ်ဘူး။ အားလုံးကိုယ်ပိုင်ဖြစ်အောင် ကြိုးစားပါတယ်။ မြန်မာ့ရုပ်ရှင်ကို ကမ္ဘာမှာ ပြဖို့၊ ကမ္ဘာ့ရုပ်ရှင်ကို copy လုပ်ပြီး ကမ္ဘာမှာ ဘယ်တော့မှ ပြလို့ မရပါဘူး။ မြန်မာဒါရိုက်တာ လူကြီး လူငယ်အားလုံးက ကိုယ်ပိုင်အတွေးနဲ့ ရိုက်ရင်ပိုကောင်းပါတယ်။

"ဒီကားက ဆရာတင့်တယ်ရဲ့ နှစ်ပေါင်းများစွာ အောင်မြင်ခဲ့တဲ့ ဝတ္ထု၊ အကြိမ်ကြိမ် ထုတ်ဝေခဲ့ဖူးတဲ့ ဝတ္ထု၊ ကျွန်တော် ငယ်ငယ်ကတည်းက ကြိုက်ပါတယ်။ တကယ်ရိုက်တဲ့အခါ ဇာတ်အိမ်ကလည်း ခက်တယ်၊ ဇာတ်ကောင်ထိန်းရတာလည်း ခက်တယ်၊ ကင်မရာလည်း အများကြီးရွှေ့လို့မရ၊ ဝတ္ထုကခိုင်းတဲ့ ကင်မရာနဲ့ ရိုက်ရပါတယ်။ ကံကံရဲ့ အကျိုးဆိုတာက ဇာတ်လမ်းကိုက ဦးကံကောင်းရဲ့ ကလေ့စားချေမှုကနေ တန်ပြန်လာတဲ့ ကံသဘောကို ရိုက်ထားတာပါ။ ဇာတ်ကိုတော့ အားရပါတယ်။ ဒီဘက်ခေတ်မှာ ဇာတ်လမ်းကို ဖန်တီးတဲ့ စိတ်ကလိုလာပါတယ်။ ဇာတ်လမ်းက ခိုင်းတာကို ပရိသတ်ကို လေးစားပြီး ရိုက်လို့ ပရိသတ်ကျိန်းသေနှစ်သက်မယ်လို့ ယုံကြည့်ပါတယ်" ဟု ဒါရိုက်တာ အလင်္ကာကျော်စွာ ထပ်ဆင့် အကယ်ဒမီပန်းချီစိုးမိုးက ပြောသည်။

**တရားတော်ဟောကြားမည်**

ကမ္ဘဖလ (ကံကံ၏အကျိုး) တရားကို ရွှေပါရမီတောရဆရာတော် ရှင်ဆန္ဒာဓိကက ဆရာတော်၏ သက်တော် (၅၂)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၉ ရက် ညပိုင်းတွင် Polo Club Residence ၌ တရားဟောကြားမည် ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၃၁

**မန္တလေးဒေသခံ မြို့မိမြို့ဖများနှင့် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်ကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) ည ၇ နာရီတွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် အနှစ်သာရရှိစွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

"အခုကျင်းပမယ့် မငြိမ်းချမ်းလို့ မဖြစ်ဘူးဂီတပွဲတော်ဟာ ကျွန်တော်တို့တစ်သက် မန္တလေးမှာ အကြီးကျယ်ဆုံးပွဲဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် ဒီသီချင်းရဲ့ အနှစ်သာရကို မန္တလေးရဲ့ ယဉ်ကျေးမှု၊ မန္တလေးရဲ့ ပုံရိပ်ဟန်တွေနဲ့ ပိုမိုပေါ်လွင်အောင် ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်တဲ့အတွက် ဒီပွဲတော်မှာ မီဒီယာသမားများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်ဆိုရင် စည်စည်ကားကား ထည်ထည်ဝါဝါ ခံ့ခံ့ညားညားနဲ့ သီချင်းရဲ့ အဓိပ္ပာယ်အနှစ်သာရနဲ့အညီ ဂန္ထဝင်မြောက် ဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်" ဟု မန္တလေးဒေသခံ မြို့မိမြို့ဖ ဦးသိန်းတန်က အဆိုပါပွဲတော်ကျင်းပရန်အတွက် ဒီဇင်ဘာ ၃၁ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများအား ပြောကြားသည်။

ဆက်လက်၍ အဆိုပါရှင်းလင်းပွဲတွင် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးအခြေစိုက် တိုင်းရင်းသား လူမျိုးစုများအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းကြောင်းတွင် အကြောင်းအမျိုးမျိုးကြောင့် မငြိမ်းချမ်းသည့် ဖြစ်စဉ်များဖြင့် ဖြတ်သန်းရင်ဆိုင်နေရသည့်အတွက် ငြိမ်းချမ်းရေးကို ပြည်သူအားလုံးက အထူးလိုလားနေကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် လိုအပ်နေသည့် စည်းလုံးညီညွတ်မှုကို ဂီတအနုပညာဖြင့် ပြည်သူများ၏ နှလုံးသားထဲသို့ ရောက်ရှိစေရန် မငြိမ်းချမ်းလို့ မဖြစ်ဘူး ဂီတပွဲတော်ကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မငြိမ်းချမ်းလို့ မဖြစ်ဘူး ဂီတသံစဉ်သီချင်းသည် ငြိမ်းချမ်းမှုမရှိသည့် ဖြစ်စဉ်များကို လက်တွေ့ခံစားခဲ့ရသည့် ကယားပြည်နယ်မှ စတင်ပေါက်ဖွားလာခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိစေရန်အတွက် မငြိမ်းချမ်းသည့် ဖြစ်စဉ်များတွင် ပါဝင်သူအားလုံး၏ နှလုံးသားတွင် အတ္တ၊ မာနနှင့် မတူကွဲပြားမှုများကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ အဆိုပါသီချင်းကို တေးရေးဆရာ သစ်လွင်အောင်က လက်တွေ့ခံစားရမှုနှင့် ရင်တွင်းဖြစ်ပေါ်မှုများကို ပေါင်းစပ်ခံစားရေးဖွဲ့ပြီး အဆိုတော် ဒေသခံက ယန်းတိုင်းရင်းသူ နော်ဂူးဂူးနှင့် ဒေသခံ တီးဝိုင်းငယ်လေးဖြင့် စတင်သီဆိုတီးခတ်ကာ အဆိုပါသီချင်း စတင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ကယန်းတိုင်းရင်းသား လူမျိုးစုအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်က ပြောကြားသည်။

မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့ မဖြစ်ဘူးဂီတပွဲတော်တွင် သီချင်းစာသား၏ အနှစ်သာရကို ပေါ်လွင်စေရန် ဇာတ်ညွှန်းရေးဖွဲ့စုစည်း၍ သရုပ်ဖော်တင်ဆက်မည့် စာရေးဆရာ ဆူးငှက်ကလည်း "ဒီသီချင်းရဲ့ သံစဉ်နဲ့ စာသားက အင်မတန်အနှစ်သာရရှိတယ်။ ကျွန်တော်တို့နိုင်ငံက ဒီလိုသာ ငြိမ်းချမ်းမှုမရှိဘဲ ဆက်လက်ဖြစ်သွားမယ်ဆိုရင် နောင်မျိုးဆက်သစ်တွေလက်ထက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဆိုတာ ပျောက်ကွယ်သွားလိမ့်မယ်။ ဒီသီချင်းစာသားထဲမှာလည်း ဒီလိုသာမငြိမ်းချမ်းတော့ဘူးဆိုရင် တိုင်းပြည်မဲ့တဲ့ လူမျိုးဖြစ်တော့မယ်လို့ သီဆိုထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေ မျိုးဆက်သစ်လူငယ်တွေရဲ့ ရင်ထဲမှာ မငြိမ်းချမ်းလို့ မဖြစ်တော့ဘူးဆိုတဲ့ စကားလုံးတွေ ရောက်သွားပြီး အသိစိတ်ဓာတ်လေးတွေ ဖြစ်ပေါ်လာစေဖို့ ဒီပွဲတော်ကို ကျင်းပခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ဂီတပွဲတော်တွင် မငြိမ်းချမ်းလို့မဖြစ်ဘူး သီချင်းစာသားအား အနှစ်သာရရှိစွာ ကြည့်ရှုနားဆင်ခံစားနိုင်စေရေးအတွက် နောက်ခံစကားပြောများ၊ သမိုင်းမှတ်တမ်းများ၊ ငြိမ်းချမ်းခြင်းနှင့် မငြိမ်းချမ်းသည့်ကာလများတွင် နေထိုင်ရသည့် ဘဝဖြစ်စဉ်များအား ဇာတ်ညွှန်းများ ရေးဖွဲ့ကာ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များနှင့် ကယန်းတိုင်းရင်းသားလူမျိုးစုများ စုပေါင်း၍ အင်အား ၇၀၀ ကျော်နှင့်အတူ ဂီတမိတ် ဝိုင်းတော်သားများဖြင့် တီးခတ်သီဆို သရုပ်ဖော်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

၁-၁-၂၀၂၀(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - ၂၀၂၀ပြည့်နှစ်၊ ဆရာတော်ကြီးများ၏ နှစ်သစ်ကူးဆုတောင်းမေတ္တာပို့ (ဒေါက်တာနန္ဒမာလာဘိဝံသ၊ ရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်)
၈:၃၀ - ၂၀၂၀ပြည့်နှစ် နှစ်သစ်ကူးဆုတောင်းစကားသံ(သမ္မတ၊ ဒုသမ္မတ(၂)ဦး၊ လွှတ်တော်ဥက္ကဋ္ဌ(၂)ဦး၊ ကာကွယ်ရေးဦးစီးချုပ်)
၈:၅၀ - "လွတ်လပ်ရေးသင်္ကေတ ရှိရာ အပန်းဖြေလည်ပတ်စရာနေရာဆီ"
၁၀:၃၀ - မြန်မာနိုင်ငံဆိုင်ရာဗီယက်နမ်သံအမတ်ကြီး Dr. လုသို့ဗ္ဗန်နှင့် တွေ့ဆုံမေးမြန်းခန်း
၁၂:၃၀ - ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးဆုတောင်းစကားသံ(သမ္မတ၊ ဒုသမ္မတ(၂)ဦး၊ လွှတ်တော်ဥက္ကဋ္ဌ(၂)ဦး၊ ကာကွယ်ရေးဦးစီးချုပ်)

**ညပိုင်း**

၁၆:၂၅ - ၂၀၂၀ပြည့်နှစ် နှစ်သစ်ကူးဆုတောင်းစကားသံ(သမ္မတ၊ ဒု သမ္မတ(၂)ဦး၊ လွှတ်တော်ဥက္ကဋ္ဌ(၂)ဦး၊ ကာကွယ်ရေးဦးစီးချုပ်)
၁၇:၀၅ - "မောင်တောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၇:၃၀ - MRTV Travelogue
၁၈:၂၀ - ၂၀၂၀ပြည့်နှစ် နှစ်သစ်ကူးဆု တောင်းစကားသံ(သမ္မတ၊ ဒုသမ္မတ(၂)ဦး၊ လွှတ်တော်ဥက္ကဋ္ဌ(၂) ဦး၊ ကာကွယ်ရေးဦးစီးချုပ်)
၂၀:၀၀ - ပြည်တွင်းသတင်း
၂၀:၃၀ - ၂၀၂၀ပြည့်နှစ် နှစ်သစ်ကူးဆုတောင်းစကားသံ (သမ္မတ၊ ဒုသမ္မတ(၂)ဦး၊ လွှတ်တော်ဥက္ကဋ္ဌ(၂) ဦး၊ ကာကွယ်ရေးဦးစီးချုပ်)
- ရုပ်ရှင်ရာပြည့်(Promo)

# ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက် သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၁) ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ-၂ လှိုင်၌ ကျင်းပရာ VUC အသင်းက ဂိုးကွာခြားချက်အသာဖြင့် ရာသီဝက် ချန်ပီယံဖြစ်ခဲ့သည်။

၁၀ ပွဲဆက် အနိုင်ရထားသည့် VUC နှင့် လက်ရှိချန်ပီယံ MIU အသင်းတို့၏ နောက်ဆုံးပွဲမှာ ထိပ်ဆုံးနေရာအတွက် အရေးပါသည့်အပြင် ရာသီဝက် ချန်ပီယံဆုအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ဂိုးစီသရေကျခဲ့သည်။ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားသည့်အပြင် ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ထိပ်သီးနှစ်သင်း၏ တွေ့ဆုံမှုဖြစ်သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ကစားသမားများ အချင်းများမှုများလည်း ရှိခဲ့သည်။ VUC အသင်းသည် ဦးဆောင်ဂိုးနှစ်ကြိမ်တိုင်သွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးခဲ့ရသည့်အပြင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေချိန်တွင် ပွဲပြီးခါနီး၌ ဂိုးပြန်ပေးလိုက်ရသောကြောင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ အခြားပွဲများတွင် Do Do Ko Ko အသင်းက လက်ဝဲသုန္ဒရအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ မြို့မ JY အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-နှစ်ဂိုး၊ GV အသင်းက ဖူဆယ်ချစ်သူအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ On Doctor အသင်းက AMM Brothers အသင်းကို လေးဂိုး-ဂိုးမရှိ၊ Winner အသင်းက Dream Team အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပထမအကျော့အပြီးတွင် VUC နှင့် MIU အသင်းတို့ ၃၁ မှတ်စီ တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ဆက်လက်ဦးဆောင်နိုင်ခဲ့ကာ MIU အသင်းက ဒုတိယ၊ GV အသင်းက ၂၇ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

**ရဲရင့်ရှိုင်း**




# ရွှေဘိုမြို့နယ် သီးလုံးကျေးရွာတွင် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ရွှေဘို ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် သီးလုံးကျေးရွာတွင် ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ရွှေဘိုမြို့နယ် သီးလုံးကျေးရွာတွင် ယနေ့ နံနက် ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် ငါးဦး၊ ကျေးရွာနေပြည်သူ ၂၅၀ တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မီးထိန်းနိုင်၍ နံနက် ၁၀ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုဖြစ်ရခြင်းမှာ သီးလုံးကျေးရွာနေ ဦးထွန်းလင်း (၅၁ နှစ်)၏ နေအိမ်ရှိ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးထွန်းလင်း(၅၁ နှစ်)ကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ကျောက်ဆည်မြို့ ဂိမ်းဆိုင်တစ်ဆိုင်တွင် ဓားထိုးမှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ကျောက်ဆည် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ဂိမ်းဆိုင်တွင် ဓားထိုးမှုဖြစ်ပွားရာ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ကျောက်ဆည်မြို့နယ် ပန်နံကျေးရွာနေ သီဟဇော်ဆိုသူသည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ဂိမ်းဆိုင်တွင် ဂိမ်းဆော့ကစားနေစဉ် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်နေ ဘဲဥ(ခ)ရှိုင်းထက်ဟန်နှင့် ရဲမင်းပိုင်တို့ နှစ်ဦး ရောက်ရှိလာပြီး သီဟဇော်အား ဓားဖြင့်ထိုးလိုက်ရာ သီဟဇော်မှာ ရရှိသောဒဏ်ရာဖြင့် ကျောက်ဆည်ဆေးရုံတွင် သေဆုံးသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘဲဥ (ခ) ရှိုင်းထက်ဟန်နှင့် ရဲမင်းပိုင်တို့နှစ်ဦးအား ကျောက်ဆည်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# တောင်ငူမြို့နယ် အမြန်လမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်မောင်းသေဆုံး

**တောင်ငူ ဒီဇင်ဘာ ၃၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တောင်ငူမြို့နယ် မိုင်တိုင် ၁၄၇/၄ နှင့် ၅ အကြားတွင် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က ယာဉ်ငယ်တစ်စီး တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းသေဆုံးကာ သုံးဦးဒဏ်ရာများ ရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာ အမြန်လမ်းရဲစခန်းမှ စခန်းမှူးရဲအုပ် မင်းနိုင်ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်-ရန်ကုန်လမ်းအတိုင်း ရဲမင်းဦး (၂၂ နှစ်) လေးဒေါင့်ကန် မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်ပြီး လေးဒေါင့်ကန် မင်္ဂလာဒုံမြို့နယ်နေ မခိုင်သဇင် (၁၉ နှစ်) နှင့် စိစစ်ဆဲ အမျိုးသားလေးဦး လိုက်ပါလာသည့် ကိုရိုနာ NPW-5C/---- ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်လွန်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ရဲမင်းဦးမှာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားခဲ့ပြီး မခိုင်သဇင်နှင့် အမျိုးသားနှစ်ဦး ဒဏ်ရာများရရှိခဲ့သည်။ ဇီးပင်သာ အမြန်လမ်းရဲစခန်းစခန်းမှူး ရဲအုပ်မင်းနိုင်က "ဒဏ်ရာရရှိတဲ့သူတွေကို ဆေးရုံပို့ထားတယ်။ ကျန်တဲ့ အမျိုးသားနှစ်ဦးကိုတော့ ရဲစခန်းမှာ ခေတ္တထိန်းသိမ်းပြီးတော့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက တာဝန်ရှိသူတွေ စစ်ဆေးနေပါတယ်"ဟု ပြောကြားသည်။ အမှုနှင့် ပတ်သက်၍ ဇီးပင်သာအမြန်လမ်းရဲစခန်းမှ ယာဉ်မောင်းနှင်သူ ရဲမင်းဦးအား အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **ကိုလွင်(ဆွာ)**

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

**သရက် ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်နှင့်အဖွဲ့၊ မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မိုးလွင်နှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၂၉ ရက်က မင်းလှမြို့နယ် မီးလောင်ကုန်းကျေးရွာအုပ်စု ရေယဉ်ကျေးရွာအနီး သွားရောက်ရှာဖွေခဲ့သည်။ ယင်းသို့ရှာဖွေရာတွင် အခြားသားသစ်လုံးဆိုက်စုံ ၃၄ လုံး ၄ ဒသမ ၇၁၄၆ တန်၊ ဒီဇင်ဘာ ၃၀ ရက်တွင် ရေယဉ်ကျေးရွာအနီးမှ မြောက်ဘက်ငါးမိုင်ခန့် အကွာ တောအတွင်း၌ အခြားသားဆိုက်စုံ ၂၇ ချောင်း၊ ၂ ဒသမ ၅၉၂ တန်၊ အရှေ့ဘက် ခြောက်ဖာလုံခန့်အကွာ တောအတွင်း၌ ကျွန်းသစ်လုံးဆိုက်စုံ ၁၄ လုံး ၀ ဒသမ ၅၁၉ တန်၊ ပျဉ်းကတိုး သစ်လုံးဆိုက်စုံ လေးလုံး ၀ ဒသမ ၄၅၁၂ တန်၊ အခြားသစ်လုံး ၁၂ လုံး ၀ ဒသမ ၉၃၇၈ တန်ကို ပိုင်ရှင်မဲ့ တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဖားကန့်မြို့နယ်၌ ဈေးမီးလောင်၊ ဆိုင်ခန်းပေါင်း ၁၄၀ ခန့်နှင့် နေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံး

**ဖားကန့် ဒီဇင်ဘာ ၃၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်းကားလမ်းရှိ ရှဒူးဇွတ်ကျေးရွာ၌ ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက ကျေးရွာဖွံ့ဖြိုးရေးဈေး မီးလောင်မှုဖြစ်ပွားခဲ့၍ ဆိုင်ခန်းပေါင်း ၁၄၀ ခန့်နှင့် လူနေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မီးငြိမ်းသတ်နိုင်**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၀ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ဈေးအတွင်း ဆိုင်ခန်းတစ်ခန်းရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ခဲ့ပြီး နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ကျေးရွာအနီးရှိ ယုဇနကုမ္ပဏီမှ ရေသယ်ယာဉ်တစ်စီးနှင့် ဒေသခံပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

**လိုအပ်သည်များ စီစဉ်ဆောင်ရွက်**

မီးလောင်မှုကြောင့် ဈေးဆိုင်ခန်းပေါင်း ၁၄၀ ခန့်နှင့် နေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရာနေရာသို့ ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်၊ ကာမိုင်းနယ်မြေရဲစခန်းက ရဲအုပ်သိန်းမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# လွယ်ဂျယ်၊ ကောလင်း နှင့် မော်လမြိုင်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းကျေးရွာ သွားလမ်းတွင် ယော်ထုံ(ခ)မာယော် မောင်းနှင်ပြီး မဂျာငိုင်၊ ဖော်ယူး မွန်းအောင်တို့ လိုက်ပါလာသည့် တိုယိုတာကရောင်း အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၅၉၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကောလင်းမြို့နယ် ဆင်ကုန်းကျေးရွာအုပ်စု ကညို့အင်းကျေးရွာအနီး ထီးချိုင့်-ကျောက်တန်း သွားလမ်းတွင် မောင်ကျိန် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၁၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မြိုင်ရတနာလေးထပ်ဈေး ဝင်ပေါက်ရှေ့တွင် တွေ့ရှိသူ ဇော်မျိုးနိုင်(ခ)ရွှေအ(ခ) ကားကားနှင့် မင်းသိန်းတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅၂ ပြား နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြိုင်ရတနာလေးထပ်ဈေး ဝင်ပေါက်ရှိ လက်ဖက်ရည်ဆိုင်အနီးတွင် မမော်မော်စိုးအား တွေ့ရှိပြီး ၎င်းထံမှ ငွေကျပ် ၃၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မောင်ကျိန် အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အမေရိကန်-တရုတ်ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်လက်မှတ်ရေးထိုးခြင်းကို လာမည့်ရက်သတ္တပတ်မှာပြုလုပ်မည်ဟု မီဒီယာများတွင်ဖော်ပြ

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်-တရုတ်ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်လက်မှတ်ရေးထိုးခြင်းကို လာမယ့်ရက်သတ္တပတ်တွင် စောနိုင်သမျှအစောဆုံး ပြုလုပ်သွားမည်ဖြစ်ကြောင်း မီဒီယာများတွင် ဒီဇင်ဘာ ၃၁ ရက်က ဖော်ပြထားသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့က ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်ကို ယခု ဒီဇင်ဘာလတွင် ရရှိခဲ့ကြောင်း၊ သဘောတူညီချက်အရ တရုတ်နိုင်ငံက အမေရိကန်လယ်ယာထွက်ကုန်အများအပြားကို ဝယ်ယူရန် လိုအပ်သလို ဉာဏမူပိုင်ခွင့်များကို အကောင်းဆုံးထိန်းသိမ်းရန်လည်း လိုအပ်ကြောင်း သိရသည်။

အိမ်ဖြူတော်အကြံပေး ပီတာ နာဗာရိုက ဒီဇင်ဘာ ၃၀ ရက်က ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်လက်မှတ်ရေးထိုးခြင်းသည် လာမည့်ရက်သတ္တပတ်တွင် ဖြစ်လာနိုင်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးရန် စောင့်ဆိုင်းနေကြောင်း ပြောကြားချက်ကို ကိုးကား၍ မီဒီယာများတွင် ဖော်ပြထားသည်။

ဟောင်ကောင်၏ South China Morning Post သတင်းစာတွင် တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲသည် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ ဝါရှင်တန်သို့ ယခုတစ်ပတ် စနေနေ့တွင် သွားရန် စီစဉ်ထားကြောင်း ဖော်ပြသည်။ ထို့အပြင် ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု၌ ရက်အနည်းငယ်ကြာလိမ့်မည်ဖြစ်ကြောင်းလည်း အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။ ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်အရ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် စက်တင်ဘာလက တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုကို ပထမအဆင့်လက်မှတ်ရေးထိုးပြီးနောက် တစ်လအကြာတွင် ထက်ဝက်လျှော့ချပေးရမည်ဖြစ်သည်။

ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်ကို လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးတင်းမာမှုကို မည်သို့မည်ပုံ သက်သာစေမလဲဆိုသည့်အချက်ကို ကွဲကွဲပြားပြား မသိရသေးချေ။ အဘယ်ကြောင့်ဆိုသော် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ အကျပ်အတည်းဖြစ်စေသည့် တချို့အကြောင်းအရာများကို ပထမအဆင့်တွင် မဖော်ပြထားသောကြောင့် ဖြစ်သည်။

အင်န်အိတ်ချ်ကေ


၂၀၁၉ ခုနှစ် ဇွန်လက အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို တွေ့ရစဉ်။

# ခရစ္စမတ်ကာလတွင် တိုက်ခတ်ခဲ့သော မုန်တိုင်း ဖန်ဖုန်းကြောင့် ဖိလစ်ပိုင်တွင် သေဆုံးသူ ၅၀ ထိရောက်ခဲ့ပြီး လူပေါင်း နှစ်သန်းကျော် ဘေး ဒုက္ခရောက်

**မနီလာ ဒီဇင်ဘာ ၃၁**

ခရစ္စမတ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကို ဝင်ရောက်ခဲ့သော အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ အရေအတွက်သည် ၅၀ ရှိလာပြီဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၃၁ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါ မုန်တိုင်းသည် ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ သေဆုံးမှုအများဆုံး ဖြစ်စေခဲ့သည့် မုန်တိုင်း တစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

တိုင်ဖွန်း ဖန်ဖုန်းကြောင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကျွန်းမြို့လေးဖြစ်သည့် ဗီဆာရက်စ်၌ မိုးသက်လေပြင်းကျရောက်ခဲ့ကာ အိမ်များနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံများ ပျက်စီးခဲ့ပြီး လူပေါင်းနှစ်သန်းကျော် ဘေးဒုက္ခရောက်ခဲ့သည်။


ခရစ္စမတ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော မုန်တိုင်း ဖန်ဖုန်းကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီးများကိုတွေ့ရစဉ်။

မုန်တိုင်းကြောင့် လူပေါင်း ၈၀၀၀၀ ထက်မနည်း အရေးပေါ် ယာယီ တည်းခိုရာနေရာများတွင် နေထိုင်ကြပြီး သူတို့သည် နှစ်သစ်ကူးကာလအထိ နေထိုင်ကြရဦးမည်ဖြစ်ကြောင်း သိရသည်။

မိမိတို့နိုင်ငံသားများ ယာယီနားခိုရာနေရာများ၌ ခိုနားနေရသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ သို့သော်လည်း သူတို့ကိုယ်တိုင် သူတို့ ပြန်လည်နာလန်မထူနိုင်သေးသည့် ကာလတစ်လျှောက် ထောက်ပံ့မှုများလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးဒုက္ခဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ မာ့ခ်တင်ဘယ်လ်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် လူငါးဦးမှာ ပျောက်ဆုံးလျက်ရှိပြီး လူပေါင်း ၁၄၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ တိုင်ဖွန်း ဖန်ဖုန်း ဒေသအခေါ် ယူရာဆူလာသည် ဖိလစ်ပိုင်သို့ ဝင်ရောက်ခဲ့သည့် ၂၁ခုမြောက် မုန်တိုင်းဖြစ်ပြီး မုန်တိုင်းဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမြေများ ပျက်စီးရသလို နေအိမ်များနှင့် အဆောက်အအုံများလည်း ပျက်စီးပြီး လူသန်းပေါင်းများစွာ ဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အီရတ်ဆန္ဒပြသူများ အမေရိကန်သံရုံးကို တိုက်ခိုက်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးကို အီရတ်ဆန္ဒပြပြည်သူထောင်ပေါင်းများစွာတို့ ဒီဇင်ဘာ ၃၁ ရက်တွင် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၉ ရက်က အမေရိကန်၏လေကြောင်း တိုက်ခိုက်မှုကြောင့် အီရန်ထောက်ခံသည့် တိုက်ခိုက်ရေးအဖွဲ့ဝင် ၂၅ ဦး သေဆုံးခဲ့ရပြီးနောက် ယင်းကိစ္စအပေါ် မခံမရပ်နိုင်ဖြစ်ကာ အီရတ်ဆန္ဒပြပြည်သူများက အမေရိကန်သံရုံးကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားများနှင့် အမျိုးသမီးများပါဝင်သည့် လူအုပ်ကြီးသည် ဘဂ္ဂဒက်မြို့ရှိ လုံခြုံရေးတင်းကျပ်စွာချထားပြီး ဂရင်းဇုန်သို့ ဝင်ရောက်သည့် လုံခြုံရေးစစ်ဆေးရေးဂိတ်မှတစ်ဆင့် ချီတက် စုဝေးခဲ့ကြခြင်းဖြစ်သည်။ လူအုပ်ကြီးသည် လက်နက်ကိုင်အုပ်စု ကွန်ရက်တစ်ခုဖြစ်သည့် ဟာရှက် အယ်လ်ရှာဘီကို ထောက်ခံသည့်အနေဖြင့် အလံများကို ဝှေ့ယမ်းခဲ့ကြသည်။

ဒီဇင်ဘာ ၂၉ ရက်က အီရတ်နိုင်ငံ အနောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုကို အမေရိကန်က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကာတက် ဟစ်ဇ်ဘိုလာဟု လူသိများသည့် အစွန်းရောက်ဟာရှက်အဖွဲ့မှ တိုက်ခိုက်ရေးအဖွဲ့ဝင် ၂၅ ဦးသေဆုံးသွားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် အမေရိကန်တပ်ဖွဲ့ဝင်များ ချထားရာ အီရတ်စစ်အခြေစိုက်စခန်းကို ဒုံးကျည်တိုက်ခိုက်မှုများ အပြင်းအထန်လုပ်ဆောင်ခဲ့မှုကို တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက်တွင် ဆန္ဒပြပြည်သူများသည် အမေရိကန်သံရုံး အပြင်ဘက် တံတိုင်းများဆီသို့ ရောက်ရှိခဲ့ပြီး အမေရိကန် ကျဆုံးပါစေဟု ကြွေးကြော် အော်ဟစ်ခဲ့ကာ အမေရိကန်အလံများကိုလည်း မီးရှို့ခဲ့ကြသည်။ ဆန္ဒပြသူများသည် အမေရိကန်သံရုံးကိုပိတ်ပစ်ရန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်းမှ ထွက်သွားရန် တောင်းဆိုသည့် ပိုစတာများကို ကိုင်ဆောင်ထားကြသည်။


အမေရိကန်သံရုံးအပြင်ဘက်တွင်ရောက်ရှိနေကြသည့် ဆန္ဒပြပြည်သူများ။

**အေအက်ဖ်ပီ**

# ကဘူးလ်မြို့၌ လေထုညစ်ညမ်းမှုကြောင့် ခုနစ်ဦးသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၃၁**

လွန်ခဲ့သည့်သီတင်းပတ်အတွင်း ကဘူးလ်မြို့၌ လေထုဆိုးရွားစွာညစ်ညမ်းမှုကြောင့် ၁၇ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဖီဒါမိုဟာမက် ပိုင်ကန်က ပြောသည်။

လေထုညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားရသည့် လူနာ ရှစ်ထောင်ကျော်ကို တွေ့ရကြောင်း၊ အများစုမှာအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း၊ အဆိုပါလူနာများသည် လွန်ခဲ့သည့်သီတင်းပတ်မှစတင်ကာ ဆေးရုံတက်ရောက်ကုသကြပြီး ၎င်းတို့ထဲမှာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဖီဒါမိုဟာမက်က ပြောသည်။ ကဘူးလ်မြို့မှာ ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အများဆုံးထဲမှ တစ်မြို့ဖြစ်သည်။ အဆိုပါ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် ကဘူးလ်မြို့ စည်ပင်သာယာရေးနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြုလုပ်ခဲ့သည်။

အပူပေးစနစ်တွင် အရည်အသွေးနိမ့်သည့် ပစ္စည်းများအသုံးပြုမှုကိုလည်း ပိတ်ပင်သွားမည်ဟု သတိပေးခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံကဲ့သို့သော တောင်တန်းထူထပ်သည့် နိုင်ငံမျိုးတွင်ပြည်သူများသည် အရည်အသွေးနိမ့်သည့် လောင်စာများကို အသုံးပြုကြသည်။ အထူးသဖြင့် အိမ်များနှင့် ရုံးများကို နွေးထွေးမှုရှိစေရန် ကျောက်မီးသွေးကိုအသုံးပြုကြသည်။

**ဆင်ဟွာ**

# ဆီးရီးယားဒုက္ခသည် ၅၀ခန့် အိုင်ယာလန်နိုင်ငံသို့ရောက်ရှိ

**ဒက်ဗလင် ဒီဇင်ဘာ ၃၁**

အသက် ရှစ်နှစ်အောက်ကလေးငယ် ၂၈ ဦးအပါအဝင် ဆီးရီးယားဒုက္ခသည် ၅၀ ခန့်မှာ အိုင်ယာလန်နိုင်ငံသို့ တနင်္လာနေ့က ရောက်ရှိခဲ့ပြီးနောက် အိုင်းရစ်ဒုက္ခသည်များ ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်၏ စီမံမှုအောက်တွင် ပြန်လည်နေရာချထားခြင်းများ ပြုလုပ်သွားမည်ဟု အမျိုးသားရေဒီယိုနှင့် အသံလွှင့်ဌာနက တင်ပြခဲ့သည်။

အဆိုပါဒုက္ခသည်များမှာ မိသားစု ၁၁ စုမှဖြစ်ပြီး လက်ဘနွန်နိုင်ငံဘေရွတ်မြို့မှ လေယာဉ်ဖြင့် ဒက်ဗလင်လေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ လတ်တလောတွင် အဆိုပါဒုက္ခသည်များကို ဒက်ဗလင်မြို့မြောက်ဘက် ၄၀ ကီလိုမီတာအကွာရှိ မော့စ်နေးအိမ်ရာတွင် ထားရှိမည်ဖြစ်သည်။ ယင်းအိမ်ရာတွင် နေထိုင်နေစဉ်အတွင်း အင်္ဂလိပ်စာအပါအဝင် သီးသန့်သင်ခန်းစာများကို သင်ယူရမည်ဖြစ်သည်။ နောက်ပိုင်းတွင် တိုင်းပြည်တစ်လွှား ပြန်လည်နေရာချထားပေးသွားမည် ဖြစ်သည်။ ယခု အိုင်ယာလန်သို့ရောက်ရှိလာသည့် ဒုက္ခသည်များမှာ ကုလသမဂ္ဂ၏ဒုက္ခသည်အဆင့်အတန်း ရရှိထားပြီး လက်ဘနွန်ရှိ ဒုက္ခသည်စခန်းတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရသူများလည်းဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်က ဖိအားပေးခဲ့သော်လည်း ဟွာဝေးစမတ်ဖုန်းများ ရောင်းအားတက်

**ပေကျင်း ဒီဇင်ဘာ ၃၁**

အမေရိကန်က ဟွာဝေးကုမ္ပဏီ၏ လုပ်ငန်းများအပေါ် ပိုမိုတင်းကျပ်သည့် စည်းမျဉ်းကန့်သတ်ချက်များချမှတ်ကာ ဖိအားပေးမှုများ လုပ်ဆောင်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ဟွာဝေးကုမ္ပဏီထုတ်စမတ်ဖုန်းများ ရောင်းအားတက်လာရန်ရှိနေကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဟွာဝေး၏ နှစ်စဉ်ပုံမှန်ရောင်းချမှုမှာ ၂၀၁၉ခုနှစ်တွင် ယွမ်ငွေ ၈၅၀ ဘီလီယံအထိ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊ ဟွာဝေးကုမ္ပဏီ၏ ဒုတိယ ဥက္ကဋ္ဌနှင့် အလှည့်ကျ ဥက္ကဋ္ဌဖြစ်သူ အဲရစ်ဇူက ၎င်း၏ခန့်မှန်းတွက်ချက်မှုကို ဝန်ထမ်းများသို့ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဟွာဝေးစမတ်ဖုန်းအလုံးရေ သန်းပေါင်း ၂၄၀ကျော်ကို ဖြန့်ချိရောင်းချနိုင်ခဲ့ပြီး ယခင်နှစ်ကထက်မြင့်တက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ သမိုင်းဝင်အပြောင်းအလဲများနဲ့ ထူးခြားခဲ့တဲ့ ၂၀၁၉

**ထွန်းသစ်စ**

၂၀၁၉ ခုနှစ်ဟာ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ထူးခြားမှုတွေ၊ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မှုတွေနဲ့အတူ အပြောင်းအလဲများခဲ့တဲ့နှစ်တစ်နှစ်လို့ ဆိုရမှာဖြစ်ပါတယ်။ နှစ်တိုင်းနှစ်တိုင်းမှာ ထူးခြားမှုတွေရှိနေပါတယ်။ ဒါပေမယ့် ၂၀၁၉ ခုနှစ်ဟာ တခြားနှစ်တွေနဲ့ မတူဘဲ နိုင်ငံရေး အပြောင်းအလဲတွေ၊ စီးပွားရေးအပြောင်းအလဲတွေ၊ ရာသီဥတုဆိုင်ရာအပြောင်းအလဲတွေနဲ့ စိတ်ဝင်စားစရာကောင်းလောက်အောင် ဖြစ်ခဲ့တယ်လို့ပြောရင် ဒါဟာအမှန် တရားပဲဖြစ်ပါလိမ့်မယ်။

ထူးခြားမှုတွေပြည့်နေတဲ့နှစ်တစ်နှစ်၊ အပြောင်းအလဲများတဲ့နှစ်တစ်နှစ်၊ သမိုင်းမှတ်တိုင် စိုက်ထူခဲ့တဲ့နှစ်တစ်နှစ်လို့ပြောရင် မြောက်ကိုရီးယား- အမေရိကန် နျူကလီးယားဆွေးနွေးမှုအရေး၊ ဘရက်ဆစ်အရေး၊ ဗဟိုအမေရိက ပြောင်းရွှေ့သူများအရေး၊ ပါရှန်ပင်လယ်ကွေ့ တင်းမာမှုအရေး၊ အမေဇုန်တောမီးအကြီးအကျယ်လောင်တဲ့အရေး၊ အိန္ဒိယနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လူမျိုးရေးအရွေ့၊ အမေရိကန်က ဆီးရီးယားရှိ ကာ့ဒ်တပ်ဖွဲ့ဝင်တွေကို ထောက်ပံ့မှုရပ်ဆိုင်းလိုက်တဲ့အရေး၊ အမေရိကန်လွှတ်တော်က သမ္မတဒေါ်နယ်ထရမ့်ကို စွဲချက်တင်တဲ့အရေး၊ ဟောင်ကောင်မှာ ဆန္ဒပြတဲ့အရေး၊ အမေရိကန်တပ်ဖွဲ့တွေဟာ အိုင်အက်စ်ခေါင်းဆောင် အဘူဘာဂါအယ်လ်ဘဂ္ဂဒါဒီကို သုတ်သင်လိုက်တဲ့အရေး၊ ဆယ်ကျော်သက် ဂရီတာသွန်းဘာ့ဂ်ျရဲ့ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ တိုက်ပွဲဝင်တဲ့အရေး စတဲ့အရေးတွေကို ချန်လှပ်ထားလို့ မရသလို ဒါဟာ ၂၀၁၉ ခုနှစ်ရဲ့ အထင်ရှားဆုံး ကမ္ဘာ့အရေးတွေပဲဖြစ်ပါတယ်။




ထောင်ပေါင်းများစွာသော ဂမ်ဘီယာပြည်သူများ သမ္မတနုတ်ထွက်ရေး ဆန္ဒပြနေကြစဉ်။

## မြောက်ကိုရီးယားနဲ့ အမေရိကန်နျူကလီးယားအရေး

ပထမဆုံးအနေနဲ့ ပြောချင်တာကတော့ မြောက်ကိုရီးယားနဲ့ အမေရိကန် နျူကလီးယားကိစ္စအေးစက်စက်ဖြစ်နေတဲ့ အရေးပဲဖြစ်ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ ဇွန် ၃၀ ရက်မှာ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တော်မှာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆွေးနွေးခဲ့သော်လည်း နှစ်ဖက်စလုံး သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံဟာ အမေရိကန်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးစေချင်ပါတယ်။ ဒီကိစ္စကို မိမိတို့က လည်း အလျှော့မပေးနိုင်ပါဘူး၊ ဒါကြောင့် ဟန္နိုင်း အစည်းအဝေးဟာ ခပ်စောစောပဲအဆုံးသတ်ခဲ့ပါတယ်လို့ အမေရိကန်သမ္မတ ထရမ့်က ပြောပါတယ်။

ဟန္နိုင်းဆွေးနွေးပွဲအပြီး လေးလအကြာမှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ စစ်မဲ့ဇုန်မှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ နျူကလီးယားအရေး ထပ်မံဆွေးနွေးခဲ့ပါတယ်။ သို့သော်လည်း အခြေအနေကတော့ တိုးတက်ထူးခြားမှု မရှိခဲ့ပါဘူး။ သူတို့နှစ်နိုင်ငံဆွေးနွေးမှုကို ပြန်စဖို့သဘောတူခဲ့ပေမယ့်လည်း အောက်တိုဘာ ၁ ရက်နေ့အထိ ဖြစ်မလာခဲ့ပါဘူး။ မြောက်ကိုရီးယားနိုင်ငံဟာ ကုလသမဂ္ဂဆုံးဖြတ်ချက်ကို သတိမမူဘဲ နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များ ပစ်လွှတ်စမ်းသပ်ခဲ့ပါတယ်။ နှစ်နိုင်ငံကိုယ်စားလှယ်တွေဟာ အောက်တိုဘာ ၅ ရက်မှာ ရှစ်နာရီကြာတွေ့ဆုံခဲ့သော်လည်း ရလဒ်က ထူးခြားမှုမရှိခဲ့ပါဘူး။ ဒီဇင်ဘာအစောပိုင်းမှာ မြောက်ကိုရီးယားက အမေရိကန်ကို ဘယ်လိုမျိုး နှစ်သစ်ကူးလက်ဆောင်ယူမလဲဆိုတာ အမေရိကန်ရဲ့ ရွေးချယ်မှုအပေါ် မူတည်တယ်လို့ ခြိမ်းခြောက်ပြောကြားခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ မြောက်ကိုရီးယားနှင့် အမေရိကန်ကြား နျူကလီးယားကင်းစင်ရေး ကြိုးစားမှုဟာ အရာမထင်ခဲ့သေးပါဘူး။

## ဘရက်ဆစ်အရေး

ဒုတိယစိတ်ဝင်စားစရာကောင်းတဲ့အချက် တစ်ချက်ကတော့ ဘရက်ဆစ်အရေးပဲဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဗြိတိန်ဟာ ဘရက်ဆစ်အရေးကို အဆုံးသတ်ခဲ့သလိုရှိသော်လည်း ကြမ်းတမ်းတဲ့ခရီးတွေကို ကျော်ဖြတ်ရဦးမှာ ဖြစ်ပါတယ်။ မတ်လ ၂၉ ရက်မှာ ဗြိတိန်ဟာ ဥရောပသမဂ္ဂမှနုတ်ထွက်ဖို့ နောက်ဆုံးသတ်မှတ်ရက်ကို ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ထရီဆာမေက ရွေးချယ်ခဲ့ပါတယ်။ သို့သော်လည်း လွှတ်တော်မှာ သဘောထားမတိုက်ဆိုင်စွာနဲ့ပဲ အဆုံးသတ်ခဲ့ရပြန်ပါတယ်။ ဒီလိုနဲ့ပဲ အောက်တိုဘာ ၃၁ ရက်ကိုရွှေ့ဆိုင်းခဲ့ပြန်ပါတယ်။ ဒီတစ်ခါလည်း လွှတ်တော်က ပယ်ချခဲ့ပါတယ်။ ထရီဆာမေရဲ့ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ဖို့အဆိုပြုချက်ကို လွှတ်တော်က သုံးကြိမ်တိုင်တိုင် ပယ်ချခဲ့ပါတယ်။ ဇူလိုင် ၂၄ ရက်မှာ ဘောရစ်ဂျွန်ဆင်ဟာ မဲနိုင်ပြီး ဗြိတိန်ရဲ့ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါတယ်။ သူဟာ မြောက်ပိုင်း အိုင်ယာလန်နဲ့ ဗြိတိန်ရဲ့ ကျန်တဲ့အပိုင်းတွေကြားမှာ အကောက်ခွန်ဆိုင်ရာ အတားအဆီးကိစ္စကို စေ့စပ်ညှိနှိုင်းခဲ့ပါတယ်။ သူဟာ ဟော်လိုဝင်းနောက်ဆုံးသတ်မှတ်ရက်မတိုင်ခင်မှာ ဘရက်ဆစ်အရေးကို နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားခဲ့သော်လည်း အလုပ်သိပ် မဖြစ်သေးတာကိုတွေ့ရပါတယ်။ ဒါကြောင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်ကို ဥရောပသမဂ္ဂမှ နောက်ဆုံးထွက်ခွာဖို့ သတ်မှတ်ခဲ့ပြီး လျှပ်တစ်ပြက် ရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။ အဲဒီမှာ သူအနိုင်ရရှိခဲ့ပါတယ်။ ဒီဇင်ဘာ ၂၀ ရက်မှာ တော့ ဗြိတိန်လွှတ်တော်က ဥရောပသမဂ္ဂမှ ထွက်ခွာဖို့ ဇန်နဝါရီ ၃၁ ရက်ကို သောင်းသောင်းဖြဖြ အတည်ပြုခဲ့ပါတယ်။

## ဗဟိုအမေရိကရွှေ့ပြောင်းမှု

ထပ်မံပြောပြချင်တဲ့အချက်တစ်ချက်ကတော့ ဗဟိုအမေရိကရွှေ့ပြောင်းမှုတွေ ကြီးထွားလာတာပဲဖြစ်ပါတယ်။ ဧပြီလမှာ အယ်လ်ဆယ်ဗေဒိုသားအဖ အမေရိကန်ကို ရောက်ရှိဖို့အရေး ရီယိုဂရန့်မြစ်ကိုဖြတ်ကူးရင်း ရေနစ်သေနေတဲ့ ဓာတ်ပုံဟာ ကမ္ဘာ့ရွှေ့ပြောင်းမှုအရေးနဲ့ပတ်သက်ပြီး ကမ္ဘာကြီးကို ကိုင်လှုပ်နိုင်ခဲ့ပါတယ်။ အမေရိကန်တောင်ပိုင်းနယ်စပ်မှာ ရွှေ့ပြောင်းအခြေချသူတွေ အုံနဲ့ကျင်းနဲ့ မြင့်တက်လာတဲ့အရေးဟာ တိုင်းသိပြည်သိအရေးတစ်ခုပဲဖြစ်ပါတယ်။ နေရပ်ရွှေ့ပြောင်းသူတွေအများစုဟာ အယ်လ်ဆယ်ဗေးဒို၊ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်တို့မှ အမျိုးမျိုးသော အကြောင်းတရားများကြောင့် ပြောင်းရွှေ့လာကြတာ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ ဥပဒေအရ အမေရိကန်နယ်စပ်ကိုရောက်လာတဲ့ ဘယ်သူမဆို သူတို့ရဲ့ မိခင်နိုင်ငံမှာ ဖိစီးနှိပ်စက်ခံရမှုကို ပြသနိုင်ရင် ဝင်ခွင့်ပြုပေးမှာဖြစ်သော်လည်း ဒီလုပ်ငန်းစဉ်ဟာ နှစ်အတော်များများကြာမယ့်လုပ်ငန်းစဉ်ဖြစ်ပါတယ်။ မတ်လမှာ ထရမ့်အစိုးရဟာ အယ်လ်ဆယ်ဗေးဒို၊ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နိုင်ငံတွေကို ကိုယ့်နိုင်ငံသားတွေကို ကိုယ့်ရဲ့နိုင်ငံတွင်းမှာပဲထားဖို့နဲ့ သို့မဟုတ်ပါက အမေရိကန်က အကူအညီတွေ ဖြတ်တောက်ပစ်မယ်လို့ ဆိုခဲ့သော်လည်း ဇွန်လမှာ ထောက်ပံ့မှု တချို့တစ်ဝက်ကို ပြန်ပေးခဲ့ပါတယ်။

## ပါရှန်ပင်လယ်ကွေ့တင်းမာမှု

ဒီတစ်ခါကတော့ ပါရှန်ပင်လယ်ကွေ့မှာ တင်းမာမှုမြင့်တက်လာတဲ့အရေး ဖြစ်ပါတယ်။ မေလမှာ ကုန်တင်သင်္ဘောလေးစင်းဟာ ဟောမုဇ်ရေလက်ကြားအပြင်ဘက်မှာ ကျောက်ချရပ်ထားစဉ် တိုက်ခိုက်ခံခဲ့ရပါတယ်။ အဲဒီရေလက်ကြားဟာ ကမ္ဘာ့ရေနံကုန်တင်သင်္ဘောငါးပုံတစ်ပုံ လောက်ပြေးဆွဲနေတဲ့နေရာဖြစ်ပါတယ်။ အဆိုပါ တိုက်ခိုက်မှုဟာ အီရန်ရဲ့ လက်ချက်လို့ အမေရိကန်ပြည်ထောင်စုက စွပ်စွဲခဲ့သော်လည်း အီရန်က ငြင်းဆိုခဲ့ပါတယ်။ ဇွန်လ ၆ ရက်မှာ ယီမင်ရှိ ဟူသီသူပုန်တွေဟာ အီရန်ရဲ့ အကူအညီနဲ့ အမေရိကန်ထောက်လှမ်းရေး ဒရုန်းယာဉ်ကိုပစ်ချခဲ့ပါတယ်။ နှစ်ပတ် ကြာပြီးနောက်မှာ အီရန်က သူ့ရဲ့ ဝေဟင်ပိုင်နက်ကို ကျူးကျော်တယ်ဆိုပြီး အမေရိကန်ထောက်လှမ်းရေး ဒရုန်းယာဉ်တစ်စင်းကို ပစ်ချခဲ့ပါတယ်။ ဇူလိုင် ၁၈ ရက်မှာ ဟော်မုဇ်ရေလက်ကြားမှာရှိတဲ့ အမေရိကန်ရေတပ်စစ်သင်္ဘောတစ်စင်းဟာ သူ့ရဲ့ ကိုက် ၁၀၀၀အတွင်း ရောက်လာတဲ့ အီရန်ထောက်လှမ်းရေး ဒရုန်းယာဉ်တစ်စင်းကို ပြန်လည်ပစ်ချခဲ့ပါတယ်။ စက်တင်ဘာ ၁၄ ရက်မှာ ဆော်ဒီ ရေနံစက်ရုံတွေကို ထောက်လှမ်းရေးဒရုန်းယာဉ်တွေ တိုက်ခိုက်ခဲ့ပြီးတော့ အဲဒီတိုက်ခိုက်မှုဟာဟူသီသူပုန်တွေရဲ့ လက်ချက်လို့ ယူဆခဲ့ကြပါတယ်။ ဒါပေမယ့်လည်း အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပအင်အားကြီးနိုင်ငံတွေက အီရန်ရဲ့ လက်ချက်မကင်းဘူးလို့ သုံးသပ်ခဲ့ပါတယ်။ အောက်တိုဘာလမှာ အမေရိကန် ပြည်ထောင်စုဟာ သူ့ရဲ့ တပ်ဖွဲ့ဝင် ၃၀၀၀နဲ့ ဒုံးခွင်းဒုံးစနစ်တွေကို အီရန်ရဲ့ ရန်လိုမှုမှ ဆော်ဒီကိုကာကွယ်ဖို့ဆိုပြီး အရှေ့အလယ်ပိုင်းကို ဖြန့်ကြက်ခဲ့ပါတယ်။

## အမေဇုန်တောမီး

နောက်ဖြစ်စဉ်တစ်ခုကတော့ အမေဇုန်တောမီး အကြီးအကျယ်လောင်ကျွမ်းခဲ့တာပဲဖြစ်ပါတယ်။ ဘရာဇီးဟာ ဒီအရေးမှာ အရေးပါတဲ့ကဏ္ဍမှာ ပါဝင်ပါတယ်။ ဆယ်စုနှစ်များစွာကြာအောင် သစ်ခုတ်သမားတွေ၊ လယ်သမားတွေဟာ အမေဇုန်မိုးသစ်တောကြီးကို အသုံးချခဲ့ကြပါတယ်။ ဒီလိုအသုံးချခဲ့တာနဲ့ပတ်သက်ပြီး နိုင်ငံရေးသမားတွေက ဘရာဇီးသမ္မတကို ပြစ်တင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကစပြီး လောင်ကျွမ်းခဲ့တဲ့ အမေဇုန်တောမီးဟာ အောက်တိုဘာလမှာတော့ အမြင့်ဆုံးဖြစ်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်ပေါင်း ၈၇၀၀၀ ခန့်ရှိကာ လောင်ကျွမ်းမှုဧရိယာပေါင်း ၉၀၆၀၀၀ ဟက်တာ (၂၂၄၀၀၀၀ ဧက) ရှိခဲ့ပါတယ်။ ဩဂုတ်လမှာတော့ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က တွစ်တာမှာ "ငါတို့အိမ်ကြီး မီးလောင်နေပြီလို့" တင်စားခဲ့ပါတယ်။ စက်တင်ဘာလအစောပိုင်းမှာ ဘရာဇီးသမ္မတ ဂျာဘော် ဆိုနာရိုးဟာ တောင်အမေရိကနိုင်ငံတွေနဲ့ အမေဇုန် မိုးသစ်တောကို စောင့်ကြည့်နိုင်မယ့် ဂြိုဟ်တုတစ်လုံးကို တည်ဆောက်ဖို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။

## ကာ့ဒ်တွေကို ထောက်ပံ့မှုရပ်တန့်ခြင်း

နောက်တစ်ချက်ကတော့ အမေရိကန်ပြည်ထောင်စုဟာ တူရကီက ကာ့ဒ်တွေကို ထောက်ပံ့ပေးနေမှု အဆုံးသတ်လိုက်တဲ့ အကြောင်းပဲဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ အမေရိကန်သမ္မတ ထရမ့်ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားမှဆုတ်ခွာဖို့ ကြေညာခဲ့ပေမယ့်လည်း ကာကွယ်ရေးဝန်ကြီး ဂျင်မက်တက် ထွက်ခွာသွားတဲ့အချိန်မှာတော့ ဒီကြေညာချက်ဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားပါတယ်။ ဒါပေမယ့်လည်း ထရမ့်ဟာ ဒါကို လက်မလျှော့သေးဘဲ အောက်တိုဘာ ၇ ရက်မှာ တူရကီသမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်အား ဖုန်းနဲ့ဆွေးနွေးပြီး ဆီးရီးယားမြောက်ပိုင်းမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့တွေကို ပြန် ရုပ်သိမ်းမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါကို ထရမ့်နဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းကတောင် ထရမ့်က ဒုက္ခဖြစ်စေမယ့် ဆောင်ရွက်မှုတွေ လုပ်နေတယ်လို့ ဆိုခဲ့ပါတယ်။ ဒါပြောပြီး နှစ်ရက်အကြာမှာ တူရကီတွေဟာ ဆီးရီးယားထဲကို ကျူးကျော်ဝင်ရောက်လာ ခဲ့ပါတော့တယ်။ အိုင်အက်စ်တွေကို နှိမ်နင်းတဲ့အချိန်မှာ အမေရိကန်ဟာ ကာ့ဒ်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းတိုက်စစ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ အခုတော့လည်း ကာ့ဒ်တွေကို ထောက်ပံ့ပေးမှုတွေ ရပ်ဆိုင်းလိုက်တဲ့အတွက် အမေရိကန်ရဲ့ နိုင်ငံခြားရေးဆိုင်ရာ မူဝါဒနဲ့ပတ်သက်ပြီး နားလည်ဖို့ ခက်ခဲပါတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

## သမ္မတထရမ့်ကို ကြားနာမှု

၂၀၁၉ ခုနှစ်မှာ အမေရိကန်လွှတ်တော်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို တရားစွဲတဲ့ ကိစ္စဟာ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းတစ်ချက် ဖြစ်လာပါတော့တယ်။ ဧပြီလမှာ အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးဟောင်း ရောဘတ်မူလာရဲ့ အစီရင်ခံစာ ထွက်လာပြီးတဲ့နောက်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို တရားစွဲဆိုဖို့ စတင်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက သမ္မတကို စုံစမ်းစစ်ဆေးဖို့ ငြင်းဆိုခဲ့ပါတယ်။ ဩဂုတ်လမှာတော့ ထရမ့်ဟာ သမ္မတအာဏာကို အလွဲသုံးစားလုပ်ကာ သူ့ရဲ့ ဒီမိုကရက်ပြိုင်ဘက် ဂျိုးဘိုင်ဒင်နဲ့ သူ့ရဲ့သားကို စုံစမ်းဖို့ ယူကရိန်းကို ဖိအားပေးခဲ့တယ်ဆိုတဲ့ စွပ်စွဲမှုတွေ ထွက်လာပါတယ်။ စက်တင်ဘာ ၂၄ ရက်မှာ ပယ်လိုစီဟာ ပုံမှန်ကြားနာမှုတစ်ခုကို စတင်ခဲ့ပါတယ်။ နောက်တစ်ရက်ကြာပြီး နောက်မှာတော့ အိမ်ဖြူတော်ဟာ ယူကရိန်းသမ္မတနဲ့ ထရမ့်ရဲ့ ဇူလိုင် ၂၅ ရက် ဖုန်းပြောဆိုမှုနှင့်ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေ ထုတ်ပြန်ခဲ့ပါတယ်။ အောက်တိုဘာ ၈ ရက်နေ့မှာ အိမ်ဖြူတော်ဟာ တရားမဝင်တဲ့ ကြားနာစစ်ဆေးမှုမှာ ပါဝင်ဆောင်ရွက်မှာ မဟုတ်ဘူးလို့ သဘောထားဖော်ပြခဲ့ပါတယ်။ သို့သော်လည်း အောက်တိုဘာ ၃၁ ရက်မှာ လူသိရှင်ကြား ကြားနာစစ်ဆေးမှု လုပ်ဆောင်ဖို့ လွှတ်တော်က မဲပေးခဲ့ပါတယ်။ အဲဒီကြားနာစစ်ဆေးမှုကို နိုဝင်ဘာလလယ်လောက်မှာ စတင်ခဲ့ပါတယ်။

## ဟောင်ကောင်ဆန္ဒပြမှုနဲ့ အခြားအကြောင်းအရာများ

၂၀၁၉ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ နောက်ထပ်စိတ်ဝင်စားစရာကောင်းတာကတော့ ဟောင်ကောင်ဆန္ဒပြမှုပဲဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ဟာ ဆန္ဒပြမှုတွေနဲ့ ပြည့်နေတဲ့ နှစ်တစ်နှစ်လို့တောင်ဆိုရမလိုဖြစ်နေပါတယ်။ ပြည်မကြီးကို တရားခံလွှဲပြောင်းပေးရေးဥပဒေနဲ့ ပတ်သက်ပြီး တစ်စတစ်စကြီးထွားလာရာက နောက်ဆုံးမှာ ဒီမိုကရေစီအရေးအထိ တောင်းဆိုမှုတွေ မြင့်တက်လာတဲ့အထိပြင်းထန်လာခဲ့ပါတယ်။ အယ်လ်ဂျီးရီးယားမှာလည်း ဖေဖော်ဝါရီလမှာ ပြည်သူတွေဟာ သမ္မတကို နုတ်ထွက်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဧပြီလမှာ ဆူဒန်ဆန္ဒပြသူတွေဟာ သမ္မတ အိုမာဟာက် ဆန်အယ်လ်ဘတ်ရှာကို နုတ်ထွက်ဖို့ တောင်းဆိုခဲ့ပါတယ်။ အောက်တိုဘာလမှာ သယ်ယူပို့ဆောင်ရေးစရိတ်တွေ မြင့်မားလာတာကြောင့် ချီလီပြည်သူတွေ လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြပါတယ်။ နိုဝင်ဘာလမှာ စက်သုံးဆီဈေးနှုန်းတွေ မြင့်မားလာတာကြောင့် ပြည်သူတွေ ဆန္ဒပြခဲ့ကြပါသေးတယ်။ ဒီဇင်ဘာလမှာ ဂမ်ဘီယာသမ္မတနုတ်ထွက်ပေးဖို့လည်း ပြည်သူတွေ ဆန္ဒပြကြသလို ပြင်သစ်မှာလည်း ပင်စင်ဥပဒေနဲ့ ပတ်သက်ပြီး ဆန္ဒပြမှုတွေဖြစ်ပွားခဲ့ပါတယ်။

ရာသီဥတု ပြောင်းလဲရေး ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဆွီဒင်ဆယ်ကျော်သက် ဂရီတာသွန်းဘာ့ဂ်ျစတင်ခဲ့တဲ့ ရာသီဥတုဆိုင်ရာ ပြောင်းလဲရေးတက်ကြွ လှုပ်ရှားမှုကို ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ မတ်လ ၁၅ ရက်နေ့မှာ စတင်ခဲ့ပါတယ်။ ဧပြီလမှာ ပါရီမြို့ရဲ့ သမိုင်းဝင် နိုထရီဒိမ်းကက်သရွယ် ဘုရားကျောင်းကြီး မီးလောင်ခဲ့ပါတယ်။ မေလမှာ နာရူဟီတိုဟာ ဂျပန်ရဲ့ ထီးနန်းကို ဆက်ခံခဲ့ပါတယ်။ အောက်တိုဘာလမှာ အမေရိကန်တပ်ဖွဲ့တွေဟာ အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာအယ်လ်ဘဂ္ဂဒါဒီကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပါတယ်။ ဒါတွေကတော့ ၂၀၁၉ ခုနှစ်ထဲမှာ ဖြစ်ပွားခဲ့တဲ့ သမိုင်းဝင်ဖြစ်ရပ်များစွာထဲက ထင်ရှားတဲ့ဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။ ။

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် LED Board တပ်ဆင်ထားရှိမှုတို့အား ကွင်းဆင်းကြည့်ရှု

**ပဲခူး ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူးမြို့နယ်စည်ပင်သာယာကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် ၂၉ လမ်းနှင့် လမ်း ၃၀ တို့တွင် ပြုလုပ်မည့် ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းများ ပြင်ဆင်ထားရှိမှုအခြေအနေနှင့် ဗိုလ်ချုပ်ကြေးရုပ်အနီး အစိုးရအဖွဲ့ရုံးရှေ့၊ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် LED Board တပ်ဆင်ထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုသည်။

ပဲခူးမြို့တော်၏လမ်းများ သန့်ရှင်းသပ်ရပ်သာယာလှပလာ၍ မြို့သူမြို့သားများအနေဖြင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပြီး မိမိတို့ ပဲခူးမြို့ကြီးကို ဂုဏ်ယူစွာချစ်တတ်လာစေရန် ပြုလုပ်သည့် ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းများ အစီအစဉ်ကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို မြို့တော်အတွင်း ပိုမိုကောင်းမွန်သည့် လူနေမှုဘဝပုံစံများ ရရှိလာစေရန်၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် အများပြည်သူနေရာ ဖန်တီးမှုတို့အား အလေးအနက် ထားလာစေရန်၊ မိမိပတ်ဝန်းကျင်ကို မြတ်နိုးသန့်ရှင်းစွာ အလှဆင်တတ်လာစေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံစိတ်ချရသည့် စားသောက်ဆိုင်များ၊ စားသောက်ကုန်၊ ရိုးရာအစားအစာနှင့် ရိုးရာအဝတ်အထည်များ ရောင်းချသည့်ဆိုင်များ ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် LED Board တပ်ဆင်ထားရှိမှုတို့အား ကွင်းဆင်းကြည့်ရှုစဉ်။

ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းများ အစီအစဉ်တွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး စိတ်ချလုံခြုံသည့် အစားအသောက်များ ဖြစ်စေရန်အတွက် စံပြနမူနာပြသရောင်းချနိုင်ရန် စီစဉ်ထားရှိသဖြင့် ရောင်းချမည့် စားသောက်ကုန်များအားလုံးတွင် အချိုမှုန့်မသုံးရန်၊ ပဲဆီ၊ နေကြာဆီနှင့် FDA မှ ခွင့်ပြုထားသောဆီများသာသုံးရန်၊ ကြွပ်ကြွပ်အိတ်များ အသုံးမပြုရန်၊ ခေါင်းစွပ်လက်အိတ်၊ ရင်စည်းများကို အစားအသောက်ရောင်းချမည့်လူအားလုံး ဝတ်ဆင်ပေးရန်နှင့် ရေသန့်ဘူးသာ အသုံးပြုပေးရန် ပွဲတော်ကျင်းပရေးကော်မတီမှ စည်းကမ်းချက်ထုတ်ထားကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း၌ ကလေးများအတွက် ဉာဏ်စမ်းပဟေဠိအစီအစဉ်များ၊ Mapping Games၊ ကလေးများ ပန်းချီရေးဆွဲခြင်းအစီအစဉ်၊ ကလေးများအတွက် ကာတွန်းရုပ်ပြောင်များ ရေးဆွဲပေးခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်သည့်အပြင် ပျူအကအလှ၊ ဟံသာဝတီယဉ်ကျေးမှုအကအလှ၊ မျက်လှည့်၊ တစ်ပင်တိုင်ခြင်းအလှ၊ စောင်း၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဗုံတို/ဗုံရှည် မြေဝိုင်း၊ မြန်မာ့အကအလှ၊ ကျေးလက်အကအလှပဒေသာများ စသည့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဟံသာဝတီမြို့ဟောင်း ဓာတ်ပုံပြခန်း၊ ပဲခူးမြို့ ရှေးဟောင်းဓာတ်ပုံပြခန်း၊ စက်ရုပ်ဂိမ်းဖျော်ဖြေရေးအစီအစဉ်၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့် အလှဆင် ဗီနိုင်းများဖြင့် အလှဓာတ်ပုံရိုက်ကူးခြင်း အစီအစဉ်၊ ဘေးကင်းလုံခြုံစိတ်ချပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် FDA စားသောက်ဆိုင်တန်းများ အစီအစဉ်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေး အသိပေးရှင်းလင်းပွဲ လွိုင်ကော်မြို့၌ ပြုလုပ်

**လွိုင်ကော် ဒီဇင်ဘာ ၃၁**

ဆေးလိပ်ကင်းစင် လွိုင်ကော်မြို့တော် တစ်ခွင်ဟူသော ဆောင်ပုဒ်နှင့်အညီ လွိုင်ကော်မြို့နယ်အတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးအသိပေးရှင်းလင်းပွဲကို ယမန်နေ့က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော် သေဆုံးနေပြီး ၁ ဒသမ ၂ သန်းကျော်သည် ဆေးလိပ်/ဆေးရွက်ကြီး မသုံးစွဲသော်လည်း အခြားသူများ၏ သုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားသေဆုံးနေရကြောင်း၊ စစ်တမ်းများအရ ၂၀၁၆ ခုနှစ်တွင် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် မြန်မာနိုင်ငံတွင် ၂ ဒသမ ၆ ထရီလီယံ ဆုံးရှုံးနေပြီး ယင်းပမာဏသည် GDP ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းကဏ္ဍများအသက်ဝင်လာစေရေးအတွက် ဌာန၊အစိုးရတို့ ပူးပေါင်း၍ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ၂၀၁၁ ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးအဖွဲ့ ထိန်းချုပ်ရေးအဖွဲ့များကို ပြည်နယ်အဆင့် အဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် သင်တန်း၌ ဥပဒေပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများက သင့်လျော်သည့် လုပ်ငန်းစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သင့်သည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးမှ ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

လွိုင်ကော် မြို့တော်တစ်ခွင် မြို့နယ်အတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် အများပြည်သူအား အသိပညာပေးခြင်းသင်တန်းကို လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **လွိုင်ကော်သား**



# နမ့်စန်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ စတင်ကျင်းပ

**နမ့်စန် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ၇၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားရုံတွင် ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကား ပြောကြားခဲ့သည်။



ဆက်လက်၍ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ စစ်တုရင် အားကစားပြိုင်ပွဲများကို စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲအလိုက် ယှဉ်ပြိုင်နေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

မာရသွန်၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ ပြေးခုန်ပစ်နှင့် အခြားအားကစားပွဲများကို လွတ်လပ်ရေးနေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲအလိုက် ဆုရရှိသူများကို (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှထွေးထံက သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# တီးတိန်မြို့နယ်တွင် စာသင်ဆောင်သစ်ဖွင့်

**တီးတိန် ဒီဇင်ဘာ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဗာလ်းဗုမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း စာသင်ဆောင်သစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပရာ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်၊ မြို့နယ် ဒုတိယ ပညာရေးမှူး ဦးတွေခင်ခိုထန်၊ ကျောင်းအုပ်ဆရာကြီး ဦးလန့်ခန့်ခုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ကျောင်းစာနှင့် စာပေ၊ အသိဉာဏ်ဗဟုသုတများ ပိုမိုတိုးပွားလာစေရန် အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ အဆိုပါ စာသင်ဆောင်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ ရှိပြီး နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၆၁ ဒသမ ၉၂၀ ဖြင့် Lennupa ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၃၁ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ပေါင်ကျင့်မုန် (ပြန်/ဆက်)**

# မိတ္ထီလာ၌ ကိုယ်လက်လှုပ်ရှားအကနှင့် ယောဂလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်

**မိတ္ထီလာ ဒီဇင်ဘာ ၃၁**

မိတ္ထီလာမြို့ ဓမ္မသုခရွှေစည်းခုံစေတီတော်အနီး ပြည်သူ့ရင်ပြင်တွင် ဝင်းမာလာဖက်ရှင်စတိုးမိသားစု၏ ဦးဆောင်ပံ့ပိုးကူညီမှုဖြင့် ကိုယ်လက်လှုပ်ရှားအကနှင့် ယောဂလေ့ကျင့်ခန်းများကို ဒီဇင်ဘာ ၃၁ ရက်နံနက် ၆ နာရီက လူပေါင်း ၈၀၀ ခန့် ပါဝင်ဆင်နွှဲ စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းကျန်းမာရေးလှုပ်ရှားမှုတွင် ရန်ကုန်မြို့မှ Zumba အကအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသူများက ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှုအကများကို စုပေါင်းကကြပြီး ယောဂဆရာမ စုပုံချစ်ဦးဆောင်၍ ယောဂလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဆေးဆိုင်များက FDA ထံ သက်တမ်းလွန်ဆေးဝါးအပ်နှံမှုများရှိနေ



**မကွေး ဒီဇင်ဘာ ၃၁**
မကွေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆေးဆိုင်များအနေဖြင့် FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနထံသို့ သက်တမ်းလွန်ဆေးဝါးများကို ဖျက်ဆီးပေးရန် အပ်နှံမှုများရှိနေကြောင်း မကွေး FDA တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

ဆေးဆိုင်များတွင် ယခင်က ဆေးဝါးများသက်တမ်းလွန်လာပါက ဖွင့်ဖောက်၍ အိတ်များတွင်ထည့်ပြီး နယ်များကို ဖြန့်သည့်အလေ့အထများ ရှိခဲ့သော်လည်း အသိပညာပေးမှုနှင့် စစ်ဆေးမှုများ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် လုပ်ငန်းရှင်များဘက်မှ ပူးပေါင်းပါဝင်လာနေခြင်းဖြစ်သည်။

"သက်တမ်းလွန် ဆေးတွေ ကျွန်တော်တို့ သိမ်းဆည်းရတာက အပ်နှံတာရဲ့ဆယ်ပုံတစ်ပုံလောက်ပဲ ရှိပါတယ်။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းလောက်က ဆေးဆိုင်တွေက သူတို့ သဘောနဲ့သူတို့ လာအပ်တာ။ သက်တမ်းတွေ လွန်နေပါပြီ။ ဖျက်ဆီးဖို့လိုပါပြီ။ FDA က ဦးဆောင်ပြီး ဒါကိုလုပ်ပေးပါဆိုပြီး လာအပ်တဲ့ ပစ္စည်းတွေဖြစ်ပါတယ်" ဟု ဒေါက်တာပြည့်ထူးက ပြောသည်။

FDA အနေဖြင့် ခေတ်ခွဲခန်းပါသော မော်တော်ယာဉ်ကို အသုံးပြုပြီး မြို့နယ်များရှိ ဈေးများကို ရှောင်တခင် စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပြီး ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးနှင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ ရောင်းချမှုရှိ မရှိကို ကြိုတင်အသိပေးထားခြင်း မရှိဘဲ စစ်ဆေးကြပ်မတ်လျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်း ရှိနေသေးသည့် သက်တမ်းလွန်ပြီး စားသုံးရန် မသင့်သည့် အစားအသောက်နှင့် ဆေးဝါးများ လျော့ကျသွားအောင် ရှေ့ဆက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဒေါက်တာပြည့်ထူးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မြိတ်မြို့အတွင်းရှိ မီးပွိုင့် ၁၄ ခုတွင် လုံခြုံရေးကင်မရာများ တိုးမြှင့်တပ်ဆင်

**မြိတ် ဒီဇင်ဘာ ၃၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်း လူစည်ကားရာနေရာများရှိ မီးပွိုင့်နေရာ ၁၄ ခုတွင် မြို့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေရန်အတွက် လုံခြုံရေးကင်မရာများ တိုးမြှင့်တပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလနောက်ဆုံးပတ်မှ စတင်တပ်ဆင်နေပြီဖြစ်ကြောင်းနှင့် တစ်လအတွင်းအပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ မီးပွိုင့် ၁၄ ခုနေရာတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် စည်ပင်သာယာရေးဘတ်ဂျက် ပထမသုံးလပတ်တွင် ပါဝင်သည့် ငွေလုံးငွေရင်းမှ ငွေကျပ် ၂၆ ဒသမ ၇၄ သန်းဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ယခင်က မီးပွိုင့်အချို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် တပ်ဆင်အသုံးပြုခဲ့ရာမှ ယခုအခါ မြို့၏လုံခြုံရေးအတွက် တိုးမြှင့်တပ်ဆင်ခြင်းဖြစ်သည်။

ထို့အပြင် ဘဏ်များ၊ ကုမ္ပဏီများ၊ ရွှေဆိုင်များ၊ စတိုးဆိုင်၊ လူနေအိမ်တချို့တို့တွင်လည်း လုံခြုံရေးအတွက် မိမိတို့အစီအစဉ်ဖြင့် လုံခြုံရေးကင်မရာများကို တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထိုသို့ လုံခြုံရေးကင်မရာများ တပ်ဆင်ခြင်းသည် အဓိကမြို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် များစွာအရေးပါရုံသာမက မှုခင်းများ ဖော်ထုတ်ရာတွင်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြို့ပေါ်လမ်းဆုံ၊ လမ်းခွများနှင့် လူစည်ကားရာ အထင်ကရနေရာ တချို့တွင်လည်း ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ကျိုင်းတုံမြို့၌ လူငယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကျိုင်းတုံ ဒီဇင်ဘာ ၃၁-** ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် လူငယ်နှင့်ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်က တိုင်းလိခန်းမ၌ကျင်းပရာ ကျိုင်းတုံမြို့ မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ စီမံကိန်းဒါရိုက်တာ ဒေါ်နန်းဝိုးဖတ်က အမှာစကားပြောကြားပြီး မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကြံပေးအဖွဲ့ဝင် ဦးစိုင်းဆမ်တစ်နှင့် ဦးစိုင်းလှထွန်းတို့က လူငယ်နှင့်ငြိမ်းချမ်းရေးအမြင်၊ လူငယ်နှင့်ယဉ်ကျေးမှုဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရှမ်း၊ လားဟူ၊ အာခါ၊ ပလောင်၊ "ဝ" တိုင်းရင်းသားလူငယ်များနှင့် ကျိုင်းတုံတက္ကသိုလ် ကျောင်းသားကျောင်းသူများက ရိုးရာယဉ်ကျေးမှုအက၊ ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၁**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၄ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို အလေးအမြတ်ထား ဂုဏ်ပြုမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "လွတ်လပ်ရေး၏ အဓိပ္ပာယ်" မျက်နှာဖုံးကာတွန်း၊ နံစော်ဖျံ၏ မိမိကိုယ်မိမိအန္တရာယ်မှ ခုခံကာကွယ်နိုင်ပုံအကြောင်းကို ရေးသားတင်ဆက်ထားသည့် "နံစော်ဖျံ၏ လက်နက်" သုတဆောင်းပါး၊ ခန္ဓာကိုယ်ကျန်းမာရေးကောင်းမွန်ရန်အတွက် သန့်ရှင်းသောအစာကို သန့်ရှင်းသော လက်တို့ဖြင့် စားသုံးသင့်ကြောင်း ရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်းနှင့် ယုန်ကလေး၏ အကြံပိုင်နိုင်မှုကြောင့် မြင်းငယ်ကလေးသည် အသက်ဘေးမှ လွတ်မြောက်သွားပုံအကြောင်း ရေးဖွဲ့ထားသည့် ကလေးပုံပြင်အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ပဟေဠိ ကဏ္ဍ၊ ကဗျာ စသည့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကျောက်တော်မြို့နယ်၌ ကျေးရွာကိုးရွာတွင် လျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည်

**ကျောက်တော် ဒီဇင်ဘာ ၃၁**
ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကျောက်တော်မြို့နယ်ကျေးရွာကိုးရွာ၌ လျှပ်စစ်မီးလင်းရေး စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်သွားရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

လာမည့်ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးလင်းရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ကျေးရွာများမှာ အလယ်ကျွန်းကျေးရွာ၊ ရွှေပြည်သစ်ကျေးရွာ၊ ပြိန်ချောင်းကျေးရွာ၊ ပီတုကျေးရွာ၊ ငါးဆောင်ဖက်ကျေးရွာ၊ ရွှေပြည်ရွာဟောင်းကျေးရွာ၊ သဝင်ကိုင်းကျေးရွာ၊ စစ်အောင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ တို့ဖြစ်ပြီး ယင်းကျေးရွာများသို့ ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူးဦးလှထွန်းနှင့် တာဝန်ရှိသူတို့က လျှပ်စစ်နှင့်သက်ဆိုင်သောလုပ်ငန်းကိစ္စရပ်များကို ပြည်သူလူထုတို့နှင့်တွေ့ဆုံကာ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၅၇**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ | ကျပ် | ၉၈၅/၉၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ | ကျပ် | ၉၃၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ | ကျပ် | ၁၀၃၅/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၆ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၅ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၃ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၇၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ . ၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၀၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၂၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၅၀၈ | ၅၆၀၉၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၃၁၃၄ | ၁၂၀၅၇၉၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၉ | ၂၃၇၈၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၁၇၄ | ၃၉၇၇၀၀၀ |
| TMH | ၂၉၀၀ | - | - | - |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင် |
| အငယ်တန်း သတင်းထောက်များ | - | တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဘာသာရေးနှင့်ဆက်နွှယ်သော ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုသူနည်းနေခြင်းနှင့်ပတ်သက်ပြီး ကျော်သူနှင့် တွေ့ဆုံမေးမြန်းခြင်း

မြန်မာ ရုပ်ရှင်ကြည့်ပရိသတ်များအနေဖြင့် ဘာသာရေးနှင့်သက်ဆိုင်သော ပညာပေးရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုမှု နည်းပါးနေလျက်ရှိရာ ထိုသို့ ကြည့်ရှုမှုနည်းနေခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဝါရင့်သရုပ်ဆောင်ဖြစ်ပြီး လတ်တလောတွင် ဘာသာရေးကိုအခြေခံသည့် ပုဂံခေတ်နောက်ခံ ၁၀၁၄ ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးထားသည့် ဒါရိုက်တာလည်းဖြစ်သူ ဦးကျော်သူနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



**မေး။ ။နိုင်ငံတကာမှာ ရုပ်ရှင်က အလွှမ်းမိုးနိုင်ဆုံးလို့ ပြောကြတယ်ဆိုတော့ ရုပ်ရှင်က ကလေးတွေကို ဘယ်လိုအသိတရားတွေ ရစေလဲ။**

ဖြေ။ ။ အနုပညာရှင်ဆိုတာ တိုင်းပြည်ရဲ့မျက်နှာဖုံး။ ဒီအနုပညာရှင်တွေ လုပ်တာကို ပရိသတ်က လိုက်လုပ်တာတွေလည်းရှိတယ်။ အတုခိုးလုပ်တာရှိတယ်။ ကိုရီးယားဇာတ်လမ်းတွဲတွေ ပြတယ်။ အဲဒီမှာ လူမှုရေး ဖောက်ပြန်တာတို့၊ အမျိုးသမီးလေးတွေ အရက်သေစာ သောက်စားတာတို့၊ ဒါတွေ လိုက်အတုခိုးနေရင် မဖြစ်ဘူး။ ဘာဟာ ကောင်းတယ်၊ ဘာဟာ ဆိုးတယ်ဆိုတာ ဦးနှောက်နဲ့ ဝေဖန်ပိုင်းခြားဖို့ အရေးကြီးတယ်။ ဒီ ၁၀၁၄ ကို ကြည့်ရင်လည်း ဒီလိုပဲ။ လူကောင်းဘဝရောက်အောင် ဘယ်လိုနေထိုင်ရမလဲ ဆိုတာ ပိုအရေးကြီးပါတယ်။

**မေး။ ။ဘာသာရေးကားတွေကို ပရိသတ် အကြည့်နည်းနေတဲ့အပေါ်မှာ အမြင်လေး။**

ဖြေ။ ။အဲဒါကတော့ ကျွန်တော် တော်တော်လေးကို ရင်လေးပါတယ်။ ရှေ့မှာလည်း ဘာသာရေးကားတွေ ပြခဲ့တာရှိတယ်။ တချို့က ဘာသာရေးကားပဲ၊ အချိန်ကုန်ခံပြီး တရားဟောတာကို မကြည့်နိုင်ဘူးလို့ ခံယူချက်တွေရှိတယ်။ ခံယူချက်တွေ လွဲမှားနေတယ်။ ဒီလို ဘာသာရေးကားမျိုးတွေက ဝင်ငွေနည်းတယ်ဆိုတာ တိုင်းပြည်အတွက် အလားအလာမကောင်းဘူးလို့ ကျွန်တော်မြင်တယ်။

**မေး။ ။ဘာသာရေးဇာတ်ကားတွေ ဆက်ရိုက်ဖို့ရှိလား၊ ပြီးတော့ ရုပ်ရှင်ထုတ်လုပ်ရေးတွေ အပေါ်မှာရော ပြောစရာလေးတွေ ရှိလား။**

ဖြေ။ ။ကျွန်တော်ကတော့ ကိုယ်လုပ်သင့်တာကို ဆက်လုပ်မှာပဲ။ ဒီလိုကားမျိုး ပိုက်ဆံမရဘူး။ ဝင်ငွေရတဲ့ကားမျိုး ဘယ်လိုရိုက်ရလဲဆိုတာ ကျွန်တော်သိတာပေါ့။ လွယ်လွယ်လေး ရိုက်ရမှာလေ။ ဒါပေမယ့် ကျွန်တော်ရဲ့ ဂုဏ်သိက္ခာကို အထိခိုက်မခံပါဘူး။ ဘာပြောပြော ရုပ်ရှင်ကို ချစ်တဲ့သူတွေ၊ အားပေးသူတွေကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒီလိုအားပေးလို့လည်း အနုပညာရှင်ဆိုတာ အသက်ရှင်ရပ်တည်နိုင်တာပါ။ အနုပညာတွေကို ဖော်ထုတ်နိုင်တာပါ။ အနုပညာကို လူသားအကျိုးပြု၊ ကိုယ့်အကျိုးပြု ဖော်ထုတ်ဖို့လည်း အရေးကြီးပါတယ်။ လူတွေရဲ့ အကျင့်စာရိတ္တကို ပြုပြင်တဲ့နေရာမှာ ပေါ်လစီတွေ နင်းကန်ထည့်ရိုက်နေတာ မဖြစ်သင့်ဘူး။ ပေါ်လစီဆိုတာ ပါးပါးလေးနဲ့ ပရိသတ်က ဘာကိုကြိုက်တယ်ဆိုတာသိပြီး ထည့်ပေးနိုင်ဖို့ အရေးကြီးတယ်။

**မေး။ ။နောက်ထပ်ရိုက်မယ့် ကားတွေရော ရှိလား။**

ဖြေ။ ။ဇာတ်ကားတွေတော့ ရှိပါတယ်။ လောလောဆယ် ဇာတ်ကျပြီးသား တစ်ကားတော့ရှိတယ်။ 'ဇော' ဆိုတဲ့ကားပေါ့။ Psycho ဇာတ်ပါ။ လူတိုင်းမှာ ဇောဆိုတာ ရှိတယ်။ စားချင်တဲ့ဇော၊ သွားချင်တဲ့ဇောပေါ့။ ကောင်းမှုဇောနဲ့ အကုသိုလ်ဇောကို ဝေဖန်ပိုင်းခြားပြီးတော့ အကုသိုလ်က ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ပြဖို့ပေါ့။ ဇာတ်ကျနေပါပြီ။ ဇွန်လမှာ စရိုက်ဖို့ မင်းသမီး ပိုင်ဖြိုးသုကို ပြောထားတယ်။ အခြေအနေတော့ ကြည့်ရဦးမယ်။ ဒီကားရတဲ့ငွေ၊ ပရိသတ်အားပေးတာကို ချိန်ရပါဦးမယ်။ နောက်တစ်ကားကတော့ 'ရာဇဝတ်'ဆိုတဲ့ကားပေါ့။ ရာဇဝတ်က ဘာသာရေး မဟုတ်ပါဘူး။ ကောင်းမှုနဲ့ မကောင်းမှု အကြောင်းပါ။ ဇောက ကလေးတစ်ယောက် ဇာတ်ညွှန်းရေးတယ်။ ရာဇဝတ်ကိုတော့ ကျွန်တော့်စိတ်ကူးနဲ့ ဖန်တီးထားတာ။ နှစ်ကားလုံး ကိုယ်တိုင်ရိုက်မှာပါ။

**မေး။ ။ ပြောင်းလဲလာတဲ့ မြန်မာ့ရုပ်ရှင်လောကအပေါ် ဦးမောင် အမြင်ကရော။**

ဖြေ။ ။ ခုခေတ်က ဒစ်ဂျစ်တယ်ခေတ်၊ ကင်မရာကလည်း ပေါ့လာတယ်။ မီးလုံးကအစ ပေါ့ပေါ့ သေးသေးလေးတွေ ဖြစ်လာတယ်။ ရုပ်ဝတ္ထုတွေ ပေါ့လာတဲ့အလျောက် စက်အဖွဲ့တွေ၊ ဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေက ပေါ့ပေါ့တန်တန်မလုပ်ဖို့ အရေးကြီးတယ်။ လေးလေးနက်နက် လုပ်ရမယ်၊ ဥပမာ - ရိုက်ကွင်းတစ်ခုမှာ ဘေးအသံပါလည်း ရပါတယ်၊ edit ကျမှ noice ဖြတ်လိုက်မယ်။ Lighting တွေ မကောင်းရင်လည်း edit ကျမှ ပြင်လိုက်မယ် ဆိုတာမျိုးတွေ မလုပ်ဖို့ အရေးကြီးတယ်။ မြန်မြန်ပြီးရော မြန်မြန်ရုံတင်ရဖို့ အရေးကြီးတယ်ဆိုပြီး လုပ်နေရင် ရုပ်ရှင်က ဗီဒီယိုသာသာပဲ ဖြစ်နေမယ်လို့ ပြောချင်တယ်။

ကိုလင်း

# မြန်မာနှင့် ကမ္ဘောဒီးယား ပူးပေါင်း၍ "နံရံ"ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမည်

မြန်မာနိုင်ငံမှ Real Bros ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်း ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် LD Picture Production တို့ ပူးပေါင်း၍ နံရံဟု အမည်ရသော ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်က ကြေညာခဲ့ပြီး ယင်းရုပ်ရှင်ဇာတ်ကားတွင် မြန်မာသရုပ်ဆောင် ပိုင်တံခွန်က ခေါင်းဆောင်မင်းသားအဖြစ် သရုပ်ဆောင်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံလုံးတွင် ရိုက်ကူးပြသသွားမည့် အဆိုပါ နံရံ (The Clock: Red Wall)ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘောဒီးယား သရုပ်ဆောင်များဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း ရိုက်ကူးခဲ့သော The Clock: Sprits Awakening ရုပ်ရှင်၏ အဆက်ဖြစ်သည်။ အဆိုပါဇာတ်ကားသည် ကမ္ဘောဒီးယားနိုင်ငံအတွင်း အထူး အောင်မြင်မှုရရှိခဲ့သလို ကမ္ဘောဒီးယားနိုင်ငံ၏ ဂုဏ်အရှိန်အဝါကြီးမားသော ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ခြောက်ကြိမ်မြောက် National Film Festival တွင်လည်း ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု အပါအဝင် ဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

"အခု ဆက်လက်ရိုက်ကူးမယ့် The Clock : Red Wall ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံမှာ ရိုက်ကူးဖို့ အခွင့်အလမ်း ရခဲ့တဲ့အပြင် ပိုင်တံခွန်လို မြန်မာနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံတွေမှာပါ အောင်မြင်ကျော်ကြားနေတဲ့ ရုပ်ရှင်သရုပ်ဆောင်နဲ့ ရိုက်ကူးနိုင်အောင် ကြိုးစားနိုင်ခဲ့တဲ့အတွက် ကျေနပ်မိပါတယ်။ အတူ လက်တွဲလုပ်ဆောင်သွားမယ့် Real Bros Production ရဲ့ အတွေ့အကြုံတွေနဲ့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို ဖလှယ်ပြီး ဒီရုပ်ရှင်ကို အကောင်းဆုံးဆိုတာထက် ပိုကောင်းအောင် ရိုက်ကူးသွားမှာဖြစ်လို့ မြန်မာနိုင်ငံက ပရိသတ်တွေသာမက ဒေသတွင်း ပရိသတ်တွေပါ ကြိုက်နှစ်သက်မယ့် ရုပ်ရှင် ဇာတ်ကားကောင်းတစ်ကား ဖြစ်လာမယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်"ဟု LD Picture Production ၏ ထုတ်လုပ်သူ Mr. Leak Lyda က ပြောကြားသည်။

ကမ္ဘောဒီးယား၌ အောင်မြင်ခဲ့သော The Clock: Sprits Awakening ရုပ်ရှင်ကို ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ဘရူနိုင်း နိုင်ငံများတွင်လည်း ပြသလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ပြသနိုင်ရန် အထက်ပါ ထုတ်လုပ်ရေးကုမ္ပဏီ နှစ်ခုလုံးက ကြိုးပမ်းလျက်ရှိကာ မကြာမီအချိန်အတွင်း ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း




# နော်နော်၏ "အရှေ့ အနောက် တောင် မြောက်"စီးရီးကို လွတ်လပ်ရေးနေ့တွင် ဖြန့်ချိမည်

အတိုင်းထက်အလွန် တေးစီးရီးနှင့် နာမည်ရခဲ့သည့် အဆိုတော် နော်နော်၏ (၆)ခွေမြောက် တစ်ကိုယ်တော်စီးရီးဖြစ်သည့် "အရှေ့ အနောက် တောင် မြောက်" ဟု အမည်ပေးထားသော စီးရီးကို ဒီဗွီဒီ ကာရာအိုကေအဖြစ် ဇန်နဝါရီ ၄ ရက်တွင် The Sun Music မှ စတင်ဖြန့်ချိမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Times City ၌ ပရိုမိုးရှင်းရှိုးပွဲကိုလည်း ကျင်းပသွားမည်ဟု သိရသည် ။



"အရှေ့ အနောက် တောင် မြောက် တေးစီးရီး MTV ထွက်ဖို့အတွက် တစ်နှစ်ကျော်လောက် အချိန်ယူ ကြိုးစားခဲ့ရတယ်။ ရိုက်ကူးရေးကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ကျွန်တော့်ရဲ့ နောက်အယ်လ်ဘမ်အတွက်လည်း သီချင်းတွေ စပြီး စုနေပါပြီ။ ကျွန်တော့်ရဲ့ ဂီတလှုပ်ရှားမှုတွေ ဆက်တိုက် လာပါတော့မယ်၊ ဒီအခွေမှာ သီချင်း ၁၂ ပုဒ်နဲ့ ပရိသတ်အတွက် လက်ဆောင်အနေနဲ့ သီချင်းတစ်ပုဒ် ထည့်ထားတော့ ၁၃ ပုဒ် ပါပါတယ်။ 'နောက်ထပ်ဝေးလို့ မဖြစ်ဘူး' ဆိုတဲ့ သီချင်းဟောင်းတစ်ပုဒ်ကိုလည်း ဗားရှင်းပြောင်းထည့်ထားပါတယ်။ အခွေခေါင်းစဉ်ကတော့ ကျမ်းစာထဲမှာ တွေ့တဲ့အတိုင်း ပေးလိုက်တာပါ"ဟု နော်နော်က ပြောသည်။ အဆိုပါ ဒီဗွီဒီကို ဒါရိုက်တာ ဂျိုနသန်၊ မောင်မောင်သန်း၊ Day B နှင့် ဇော်ကြီးတို့က ရိုက်ကူးပေးထားပြီး သီချင်းများကို ဒူးဒူ၊ သူရိန်၊ ညလင်းထယ်နှင့် နော်နော်တို့က ရေးစပ်ထားကာ BLAZE တီးဝိုင်းနှင့် တီးခတ်ထားကြောင်း သိရသည်။

ကိုလင်း

# အရက်အလွန်အကျွံသောက်မှု လျှော့ချရေး လှုပ်ရှားမှုအရ Street dance အကပြိုင်ပွဲ ကျင်းပမည်

အရက်အလွန်အကျွံသောက်ခြင်းကို လျှော့ချရန် အသိပညာပေးလှုပ်ရှားမှုဖြစ်သည့် U Drink, U safe Campaign (Season-2)အရ ကျင်းပမည့် Street dance အကပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ မြေနီကုန်းခုံးကျော်တံတားအောက်၌ ကျင်းပသွားမည်ဟု သိရသည် ။

အဆိုပါ အကပြိုင်ပွဲတွင် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း အက ဝါသနာပါသည့် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်ရမည့် အကအမျိုးအစားများမှာ B-Boy အကနှင့် Open style အကများဖြစ်ကြောင်း၊ ဆုများအနေဖြင့် Winner နှင့် First Runner up ဆုများ ပေးအပ်သွားမည်ဖြစ်ပြီး Best Feature Winner အဖြစ် Kiss Dance Award ဆုကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အကပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ဂျင်မီကိုကို၊ ဖြိုးသူ(Technique squad)၊ လန့်စ်(Royal flash)နှင့် သန့်ဇော်(RVC) တို့က ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

U drink, U safe Campaign သည် လူငယ်နှင့် လူလတ်ပိုင်းများအား အရက်အလွန်အကျွံသောက်ခြင်းကြောင့် ဖြစ်ပွားနိုင်သော ထိခိုက်ဆုံးရှုံးမှုများ၊ ဆိုးကျိုးများကို လျှော့ချနိုင်ရန် အသိပညာ မျှဝေပေးသည့် လှုပ်ရှားမှုဖြစ်သည်။ U drink, U safe Campaign (Season-1)ကို ၂၀၁၉ ဩဂုတ်လက ပြုလုပ်ခဲ့ပြီး Season-2 ကို လာမည့် လွတ်လပ်ရေးနေ့မှ စတင်ကာ အပတ်စဉ် သောကြာနေ့ ညတိုင်း ဆက်တိုက်ပြုလုပ်၍ အရက် အလွန်အကျွံသောက်ခြင်းကို လျှော့ချရန် အသိပညာပေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# အောင်သွယ်ဝက်ဘ်ဆိုက်ကနေ ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်း အထုတ်ခံရ

ရွှေကမ္ဘာလုံးဆုရှင် မင်းသမီး ရှာရွန်စတုန်းကတော့ သူဟာအောင်သွယ်ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Bumbleကနေ အထုတ်ခံလိုက်ရတယ်လို့ ကိုယ်တိုင်ပြောကြားလာပါတယ်။ ဘာလို့လဲဆိုတော့ ဒီဝက်ဘ်ဆိုက်ကိုအသုံးပြုတဲ့အခြားလူတွေက ရှာရွန်စတုန်းရဲ့ ဓာတ်ပုံကို အစစ်မဟုတ်ဘဲ အတုအယောင်သာဖြစ်တယ်ဆိုပြီးတိုင်တန်းခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်။ ရှာရွန်စတုန်း အစစ်အမှန်မဟုတ်ဘူးလို့ ဝက်ဘ်ဆိုက်အသုံးပြုသူတွေက ယုံကြည်ခဲ့ကြပါတယ်။ အသက် ၆၁ နှစ်အရွယ်ရှိ မင်းသမီး ရှာရွန်စတုန်းဟာ၁၉၉၂ခုနှစ် Basic Instinct ဆိုတဲ့ ဇာတ်ကားနဲ့ နာမည်ကျော်ကြားလာသူလည်း ဖြစ်ပါတယ်။ ရှာရွန်စတုန်းရဲ့ ဓာတ်ပုံဟာ အစစ်အမှန်မဟုတ်ဘူးလို့ အခြားအသုံးပြုသူတွေက တိုင်တန်းခဲ့ကြတဲ့နောက်Bumble ကနေ ရှာရွန်စတုန်းရဲ့အကောင့်ကို ပိတ်ပစ်လိုက်ပါတယ်။ နောက်ပိုင်းမှာတော့ Bumble ဘက်ကနေ ရှာရွန်စတုန်းရဲ့ အကောင့်ကိုမူလအတိုင်းပြန်ပေးခဲ့ပါတယ်။ သူတို့ရဲ့ဝက်ဘ်ဆိုက်မှာ ရှာရွန်စတုန်း ပါဝင်အသုံးပြုတဲ့အတွက်လည်း ဂုဏ်ယူမိတယ်လို့ ပြောကြားခဲ့ပါတယ်။

ရှာရွန်စတုန်းဟာ နာမည်ကျော်တစ်ဦး ဖြစ်နေတဲ့အတွက် အခြားဝက်ဘ်ဆိုက်အသုံးပြုသူတွေဟာ ရှာရွန်စတုန်း အစစ်အမှန်ပဲဆိုတာသိရတော့ ပိုပြီးကောင်းသွားလိမ့်မယ်လို့လည်း Bumble ဘက်က ကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။ ရှာရွန်စတုန်းဟာ ၁၉၈၄ ခုနှစ်မှာ ထုတ်လုပ်သူ မိုက်ကယ်ဂရင်းဘတ်နဲ့လက်ထပ်ခဲ့ပြီး သုံးနှစ်အကြာမှာ လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက် ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဖေလ်ဘရွန်စတိန်းနဲ့လက်ထပ်ခဲ့ကာ ၂၀၀၄ ခုနှစ်မှာ ကွာရှင်းခဲ့ပါတယ်။ **စီအင်န်အင်န်**



ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်း။

# သမီးဖြစ်သူရဲ့မွေးရပ်မြေ အီသီယိုးပီးယားသို့ အင်ဂျလီနာဂျိုလီ အလည်အပတ်သွားရောက်

ဟောလိဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီကတော့ သမီးဖြစ်သူ ဇာဟာရာရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ အီသီယိုးပီးယားကို အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ဇာဟာရာဂျိုလီပစ်ကို ၂၀၀၅ခုနှစ်မှာ အီသီယိုပီးယားကနေ ခေါ်ယူမွေးစားခဲ့တာပါပဲဖြစ်ပါတယ်။ အခုအခါမှာတော့ ဂျိုလီဟာ ဇာဟာရာကိုပါခေါ်ပြီး အီသီယိုးပီးယားကို အလည်အပတ်သွားခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ သာမန်ခရီးစဉ်တော့မဟုတ်ပါဘူး။သူတို့သားအမိနှစ်ဦးဟာ အီသီယိုးပီးယား သမ္မတနဲ့လည်း တွေ့ဆုံခဲ့ကြပါတယ်။ ဆော်ဝေ့ါခ်ဇူ့ဒ်ကတော့ အီသီယိုးပီးယားရဲ့ ပထမဦးဆုံးသော အမျိုးသမီးသမ္မတတစ်ဦး ဖြစ်ပါတယ်။ သမ္မတနဲ့ သွားရောက်တွေ့ဆုံတဲ့အခါ ဂျိုလီရဲ့နောက်ထပ်သမီးတစ်ဦးဖြစ်တဲ့ ရှီလိုကိုပါ ခေါ်သွားခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်က ဂျိုလီဟာ အီသီယိုးပီးယားကို အလည်လာရင်း ဇာဟာရာကို မွေးစားဖို့ဖြစ်လာခဲ့ပါတယ်။ အခုလည်း မွေးရပ်မြေနဲ့ အဆက်အသွယ်မပြတ်ဖို့ ဇာဟာရာကို အီသီယိုးပီးယားကို အလည်ခေါ်လာတာဖြစ်တယ်လို့ ဂျိုလီနဲ့ နီးစပ်သတင်းအရင်းအမြစ်က ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ဂျိုလီရဲ့ရည်ရွယ်ချက်ကတော့ "ဇာဟာရာရဲ့မွေးရပ်မြေဟာ ဘယ်လောက်လှပတယ်ဆိုတာကိုလည်း ပြသချင်တယ်လေ" ဟု အဆိုပါသတင်းအရင်းအမြစ်က ဆက်ပြောပြပါတယ်။ အင်ဂျလီနာဂျိုလီဟာ အမြဲတမ်းရုပ်ရှင်ရိုက်ကူးမှုတွေနဲ့ မအားမလပ်အောင်ဖြစ်နေရပေမယ့် ကလေးတွေအတွက် အချိန်ပေးဖို့ ဘယ်တော့မှမမေ့တဲ့ အမေတစ်ယောက်ပါပဲ။ **ဟောလိဝုဒ်လိုက်ဖ်**



ရှီလို၊ အင်ဂျလီနာဂျိုလီနှင့် ဇာဟာရာဂျိုလီပစ်။

မြိုး

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၀၅)

# ဆင်းရဲနွမ်းပါးသူနှင့် ဥပဒေအထောက်အကူ

**ဦးဟန်ညွန့် (ဥပဒေ)**



**ဟိုကမေး၊ ဒီကမေး**

ဥပဒေဆိုင်ရာ အထောက်အကူအကြောင်း သတင်းစာမှာ ဆောင်းပါးများ အခန်းဆက် ကျွန်တော်ရေးခဲ့ပါသည်။ နေ့စဉ်လိုလို ရုံးခန်းက တယ်လီဖုန်းမှာ (ဟိုကမေး၊ ဒီကမေး) စဉ်ဆက်မပြတ်လာပါသည်။ အလုပ်သင်ရှေ့နေ မောင်ပျင်းရိက တယ်လီဖုန်းကိုင်ရင်း "ဒီကိစ္စတွေပဲ ဖြေနေရတယ်။ တခြားအလုပ် မလုပ်ရတော့ဘူး။ လာပြန်ပြီ။ ဆင်းရဲနွမ်းပါးသူတွေကို အကူအညီဘယ်လိုပေးသလဲ။ ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲ။ တကယ်ဆင်းရဲတဲ့သူကို ကူညီပါ့မလား။ သိချင်တယ်တဲ့။ အတွင်းရေးမှူးဦးခင်ဇော်ကို မမေးဘဲ ဆရာကြီးကိုပဲ အလုပ်ရှုပ်တဲ့ကြားက မေးနေကြတယ်။ အတော်ခက်တဲ့လူတွေ။ ဘယ်လိုလုပ်ရမလဲ ဆရာကြီး" ဟု ကျွန်တော့်ကို မေးနေလေသည်။

**စေတနာဝေဖြာ**

"ဒီလိုမေးတာကိုပဲ ကျေးဇူးတင်ရမှာကွ။ မြန်မာ့ရုပ်မြင်သံကြားမှာ ဦးခင်ဇော်(အတွင်းရေးမှူး)နဲ့ ဆရာတို့ ဆွေးနွေးခန်း အပိုင်း(၅)ပိုင်း လွှင့်ထုတ်ခဲ့ပြီးပြီ။ ပြောချင်တာတွေက များပြီး အဓိကအချက်တွေ ကျန်သွားသေးတယ်။ ဆောင်းပါးရေးတော့လည်း နေရာအကန့်အသတ်နဲ့မို့ တချို့ကျန်မှာပေ့ါကွာ။ ဦးခင်ဇော်နဲ့ အဖွဲ့ဝင်တွေ အားလုံးလည်း နေ့စဉ်ရက်ဆက် ခရီးထွက်ပြီး ပြည်နယ်၊ တိုင်းအနှံ့သွား ဆွေးနွေးနေကြတာပဲ။ ပြီးပြည့်စုံတယ်တော့ မရှိနိုင်ဘူးပေ့ါ။ တို့က (တိုက်ရိုက်) တာဝန်မယူရပေမယ့် ဆက်နွှယ်တာဝန်ရှိလို့ ပညာပေးအစီအစဉ်တွေ ဝိုင်းကူနေကြရတာပါ။ တို့စေတနာ အကျိုးပေးမှာပါ။ တယ်လီဖုန်းလာရင်လည်း စိတ်ရှည်ရှည်နဲ့ ဆရာ့ကို လွှဲပေးပါကွာ။ မင်းလည်း ဒံပေါက်စားချိန်ရောက်ပြီ။ သွားဝယ်ချည်ဦး..."ဟု ပြောလိုက်မှ မောင်ပျင်းရိ နှုတ်ဆိတ်သွားလေသည်။

**ဆင်းရဲနွမ်းပါးသူ**

"ဆင်းရဲနွမ်းပါးသူဆိုသည်မှာ ပြစ်မှုဆိုင်ရာမှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေငှားရန် ငွေကြေးမပြည့်စုံကြောင်း ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူကို ဆိုသည်" ဟု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂ (ဈ) တွင် အဓိပ္ပာယ်ဖွင့်ပါသည်။

**သဘောတူဆုံးဖြတ်ချက်**

ဆင်းရဲနွမ်းပါးသူအဖြစ် သတ်မှတ်ရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုဥပဒေအထောက်အကူပေးရေးအဖွဲ့၏စုံညီညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ်(၄) အရ ဆင်းရဲနွမ်းပါးသူအဖြစ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၁၄-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈ ဖြင့် သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထား (တစ်ရက်လျှင်ကျပ် ၄၈၀၀ ဝင်ငွေရရှိသူကို အခြေခံစံနှုန်းအဖြစ် သတ်မှတ်ပါသည်။ တစ်ရက်လျှင် ဝင်ငွေကျပ် ၄၈၀၀ထက် ကျော်လွန် ရရှိသော်လည်း အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိပါက ရှေ့နေရှေ့ရပ်ငှားရန် ငွေကြေးမပြည့်စုံသော ဆင်းရဲနွမ်းပါးသူအဖြစ် သတ်မှတ်သင့်ကြောင်းကိုလည်း သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

(က) လျှောက်ထားသူ၏ အခြေခံလစာ/ဝင်ငွေ (ဇနီး၊ ခင်ပွန်း၊ သားသမီး၏ ဝင်ငွေအပါအဝင်နှင့် အခြားမှ ရရှိလာသော ဝင်ငွေရှိ/မရှိ)

(ခ) ပိုင်ဆိုင်မှုတန်ဖိုး(သို့မဟုတ်) အခြားသူတစ်ဦးဦးထံမှ ရရှိသော ထောက်ပံ့စရိတ်ရှိ/မရှိ။

(ဂ) ပိုင်ဆိုင်မှုတန်ဖိုး(နေအိမ်၊ ခြံမြေ၊ မော်တော်ယာဉ်၊ စုဆောင်းငွေ၊ အခြားသူအား ချေးထားသောငွေ၊ အဆောက်အအုံ၊ မြေ) အစရှိသည်ဖြင့် ရှိ/မရှိ။

(ဃ) မှီခိုသူ မိသားစုဝင်ဦးရေ (ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ အရင်းအချာများ ရှိ/မရှိ)

(င) စားဝတ်နေရေးအတွက် တစ်လပျမ်းမျှကုန်ကျစရိတ်(အိမ်ငှားခ၊ သားသမီးပညာရေး၊ မိသားစုကျန်းမာရေး၊ အစရှိသော အခြေခံအသုံးစရိတ်များ အပါအဝင်) အချက်များဖြင့် တိုင်းတာစိစစ်ပြီး(means test) ပြုလုပ်ကာ ရှေ့နေငှားရမ်းရန် ငွေကြေး မပြည့်စုံသော ဆင်းရဲနွမ်းပါးသူအဖြစ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်က စိတ်ဆုံးဖြတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။




**စီမံ၊ ဘဏ္ဍာဝန်ကြီးဌာန**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးကလည်း ၆-၉-၂၀၁၈ နေ့စွဲပါ စာအမှတ် စဘ/ဘဏ္ဍာ/၂/၁/၂၉၅(၃၈၄၄/၂၀၁၈) ဖြင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ တင်ပြချက်များကို စိစစ်ပြီး "ဆင်းရဲနွမ်းပါးမှုကို တွက်ချက်ရာတွင် နိုင်ငံတကာစံသတ်မှတ်ချက်အရ စားသောက်ကုန် မဟုတ်သည့် ပစ္စည်း၊ ပိုင်ဆိုင်ပစ္စည်းနှင့် နေထိုင်မှုအခြေအနေတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်းနှင့် ထိုသို့စဉ်းစားရာ၌ တစ်ဦးလျှင် တစ်ရက်ပျမ်းမျှဝင်ငွေ ၁ ဒသမ ၉ ဒေါ်လာအောက် ရရှိပါက ဆင်းရဲနွမ်းပါးသူဟု World Bank ၏ World Development Report တွင် ဖော်ပြထားပါကြောင်း ဖော်ပြအတည်ပြု၊ ပြန်ကြားခဲ့ကြောင်း သိရပါသည်။

**အထောက်အကူပေးသူများအတွက်**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေ ၄၂ တွင် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် နည်းလမ်းအရ ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် အခကြေးငွေသတ်မှတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတစ်ဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသို့တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရန် ဖော်ပြထားပါသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ စုံညီညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈) (၁/၈/၂၀၁၈)အရ ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် အဖွဲ့ဝင်မဟုတ်သော ပြင်ပရှေ့နေရှေ့ရပ်များဖြင့် အမှုလိုက်ပါဆောင်ရွက်ရာတွင် အမှန်တကယ်စစ်ဆေးကြားနာသောရက် (Effective Hearing) တွင် တစ်နေ့ကျပ်တစ်သောင်းနှုန်းနှင့် အမှန်တကယ်ကုန်ကျသော ခရီးစရိတ်ပေးရန်၊ အမှုတစ်ခုအတွက်ငှားရမ်းသည့်စနစ်ဖြင့် ဆောင်ရွက်ရန် နည်းလမ်းဖြင့် လည်းကောင်း၊ ငှားရမ်းသုံးစွဲလျှင် ငှားရမ်းခတစ်မှုလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ပေးချေသင့်ကြောင်း သဘောတူဆုံးဖြတ်ထားပါသည်။ တင်ပြအတည်ပြုချက်လည်း ရယူထားပါသည်။

**ဘယ်လိုအကူအညီ တောင်းခံမည်လဲ**

"ဆင်းရဲနွမ်းပါးတဲ့သူတွေက ဆရာကြီးတို့လို ရှေ့နေရှေ့ရပ်တွေဆီက ဥပဒေအထောက်အကူအကူအညီရဖို့ အလွန်ခက်ခဲလှပါတယ်။ ပညာကလည်းမတတ်၊ ငွေကြေးကလည်းမပြည့်စုံ၊ ဘက်စုံဖွံ့ဖြိုးမှုကလည်းမရှိ၊ ဒီတော့ဘယ်လို အကူအညီတောင်းခံရမယ်ဆိုတာတောင် သိပ့ါမလား၊ ရှင်းပြပါဦးဆရာကြီး..."ဟု အလုပ်သင်ရှေ့နေမောင်ပျင်းရိက ဒံပေါက်စားပြီး ခပ်လေးလေးလေသံဖြင့် ကျွန်တော့်အား ဉာဏ်စမ်းမေးခွန်းမေးလိုက်ပြန်ပါသည်။

**ဟုတ်ပေသားပဲ**

သူမေးမည်ဆိုလည်းမေးစရာပါ။ ဟုတ်ပေသားပဲ။ ဆင်းရဲသားများခမျာ ဆင်းရဲရသည့်အထဲ အမှုကဖြစ်လာ၊ ငွေကြေးကမပြည့်စုံ၊ ရုံးပြင်ကနား မရောက်ဖူး၊ ရှေ့နေကို မတွေ့ဖူး ဘယ်လိုလုပ်ရပ့ါ။

**ဥပဒေပုဒ်မ(၁၇)**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၇ တွင် "ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာ အထောက်အကူရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ **သတ်မှတ်ချက်များနှင့်အညီ** တင်ပြတောင်းခံနိုင်သည်" ဟု ပြဋ္ဌာန်းပြီးပြီပဲ။ **သတ်မှတ်ချက်များနှင့်အညီ** ဟုတော့ ထိန်းထားရသေးသည်။ သတ်မှတ်ပုံစံဖြည့်ဖို့လောက်တော့ လုပ်သင့်ပါသည်။ အချို့ကလည်း ပြန်စဉ်းစားပါဦးဟု ထောက်ပြဝေဖန်ကြသည်။

**ရှေ့နေထု၏အကြံဉာဏ်**

ရှေ့နေထုက လူသားဆန်ပါသည်။ သနားတတ်သည်။ ကူညီတတ်ပါသည်။ ကိုယ်တတ်ကျွမ်းသည့် ဥပဒေပညာ ကိုယ့်အတွက်ချည်းမဟုတ်ပါ။ ပြည်သူအတွက်ဟု ခံယူသူတွေ အများကြီးပါ။ စေတနာရှင်တွေလည်း အများကြီးပါ။ ဥပဒေစကားတွေချည်း ပြောမနေဘဲ တကယ်ဒုက္ခရောက်သူတွေအပေါ်မှာ ဥပဒေအထောက်အကူ၊ အကူအညီတွေပေးကြမည်သာ။

ဥပဒေပြဋ္ဌာန်းချက်က အားနည်းနေသလား။ ဘယ်ပုဒ်မ၊ ဘယ်အပိုဒ်ပြင်မလဲ။ ပိုကောင်းအောင်ပြင်မည်။ စေတနာထားသည်။ ဒါမှရှေ့နေထု ၏ ကောင်းသော အကြံဉာဏ် ဖြစ်ပါသည်။ ပြင်စရာရှိတာ ပြင်ကြရမည်။

**မန္တလေးက ရှေ့နေကြီး**

မန္တလေးက တရားလွှတ်တော်ရှေ့နေကြီး ဦးထွန်းအောင်ကျော်နှင့်ဥပဒေအထောက်အကူကိစ္စ ပြောဖြစ်ခဲ့ကြပါသည်။ လက်တွေ့ဘဝမှာ အခက်အခဲတွေ ဘာတွေလဲ။ ဘယ်လိုပြင်မလဲ။ အချိန်ရှိခိုက် လုံ့လစိုက်ကြပါစို့။ ဥပဒေစာအုပ်ထဲက ပြဋ္ဌာန်းချက်ရှိမှ အကူအညီပေးတာမျိုးမဟုတ်။ မြန်မာရှေ့နေတစ်ယောက်အနေနှင့် မြန်မာပီပီ၊ မြန်မာ့စေတနာ၊ မြန်မာ့မေတ္တာဖြင့် ဆင်းရဲသူကို ကူညီတာ ဘာအပြစ်ရှိသလဲ။ ကိုယ့်ဆန္ဒအလျောက် မိမိတတ်သည့် ဥပဒေပညာဖြင့် ဥပဒေဒါနပေးကြပါစို့။ ဘယ်သူ့ဘယ်သူကမှ တိုက်တွန်းစရာမလို။ ဤအဆိုကို ကန့်ကွက်မည့်သူ ရှိပါသေးသလားဗျာ...။

**စေတနာ**

အတွင်းရေးမှူး ဦးခင်ဇော်တို့အဖွဲ့သည် ဥက္ကဋ္ဌကြီး ဦးဉာဏ်ဝင်း၏ လမ်းညွှန်မှုဖြင့် ဥပဒေအထောက်အကူ ပေးလျက်ရှိပါသည်။ ဥပဒေအထောက်အကူအဖွဲ့မှာ ကျွန်တော် မပါဝင်သော်လည်း စေတနာတရားဖြင့် ကျရာတာဝန်ထမ်းပြီး အကြံပြုတင်ပြရခြင်း ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးသူများအား ဥပဒေအထောက်အကူရစေလိုသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

# (၂၈)ကြိမ်မြောက် ကျွန်းမကြီး ကဗျာရွတ်ပွဲ မကွေးမြို့၌ ကျင်းပမည်

**မကွေး ဒီဇင်ဘာ ၃၁**

ကဗျာ၊ ဂီတ၊ ပန်းချီနှင့် အနုပညာကို မြတ်နိုးစွာ ခံစားတတ်သူတိုင်း တက်ရောက်ခွင့်ရှိသည့် (၂၈)ကြိမ်မြောက် ကျွန်းမကြီး ကဗျာရွတ်ပွဲကို ဧရာဝတီတံတား(မကွေး) အထက်ဘက်ရှိ မြစ်လယ်ကျွန်း၌ ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၂ ခုနှစ်မှစ၍ မကွေးမြို့နှင့် မင်းဘူးမြို့မှ ကဗျာဆရာများ အစပြုခဲ့သည့် ကျွန်းမကြီး ကဗျာရွတ်ပွဲများကို အခက်အခဲများစွာကြား၌ အစဉ်အလာမပျက် ကျင်းပခဲ့ပြီးနောက် ငွေရတု ကဗျာရွတ်ပွဲမှစ၍ ပိုမိုကျယ်ပြန့်လာကာ အနုပညာချင်း ဖလှယ်ခွင့်ရသလို လူချင်း ရင်းနှီးခွင့်ရကြသည့်အတွက် နိုင်ငံတစ်ဝန်းမှ အနုပညာရှင် ဦးရေ ၂၀၀ ကျော် နှစ်စဉ်တက်ရောက်ခဲ့ကြသည်။

"ပွဲလုပ်ဖို့ နေရာသတ်မှတ်ပြီးသွားပြီ၊ တဲထိုးပြီးသွားပြီ။ အနုပညာကိုချစ်သူ မည်သူမဆို ပွဲတက်လို့ရတယ်။ ကိုယ်တတ်ကျွမ်းတဲ့အနုပညာနဲ့ ဖျော်ဖြေလို့ရတယ်။ အနုပညာသမားဆိုတာက ပြည်သူထဲက ပြည်သူပဲဗျ။ ပြည်သူကို ကိုယ်စားပြုပြီး ရေးစပ်ထားတဲ့ ကဗျာတွေနဲ့ ပြည်သူနဲ့တစ်သားတည်းဖြစ်တယ်လို့ပဲ ဆိုချင်တယ်။ လူထုကြားထဲမှာရွတ်တဲ့ ကဗျာရွတ်ပွဲတွေလည်း ပေါ်ပေါက်လာစေချင်တယ်" ဟု ကျွန်းမကြီး ကဗျာရွတ်ပွဲကို အစပြုခဲ့သူတစ်ဦးဖြစ်သည့် ကဗျာဆရာ ထက်သစ်က ပြောသည်။

ယမန်နှစ်က ကဗျာရွတ်ပွဲတွင် ကဗျာရွတ်ဆိုခြင်းများအပြင် ပန်းချီဆရာကြီးဦးမျိုးညွန့်နှင့် ပန်းချီဆရာများက မဲပေါက်သူများအား ပုံတူပန်းချီများ ရေးဆွဲပေးခြင်း၊ ဓာတ်ပုံပညာရှင်များ ရိုက်ကူးထားသည့် ကဗျာရွတ်ပွဲ ဓာတ်ပုံများကို ချိတ်ဆွဲပြသပြီး မဲဖောက်ပေးခြင်း၊ ဆရာမ စုမီအောင်နှင့် ကဗျာဆရာမများက ကဗျာနှင့် ဂီတများဖြင့် ဖျော်ဖြေခြင်း၊ ပါဖောမန့် ပြသခြင်းများ ပါဝင်ခဲ့ပြီး ယခုနှစ်တွင်လည်း အလားတူ အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ကဗျာဆရာ ဇေ်ထံမှ သိရသည်။

ကျွန်းမကြီး ကဗျာရွတ်ပွဲသို့ ထင်ရှားကျော်ကြားသော ကဗျာဆရာများဖြစ်သည့် ဆရာမောင်သာနိုး၊ ဆရာမောင်သင်းခိုင်နှင့် ဆရာအောင်ဝေးတို့လည်း တက်ရောက်ချီးမြှင့်ခဲ့ဖူးကြောင်း၊ အနုပညာတန်းဝင်နာမည်ကြီး ကဗျာဆရာများအပြင် မျိုးဆက်သစ်ကဗျာဆရာများ၊ အနုပညာကို ချစ်မြတ်နိုးသူများ နှစ်စဉ် တက်ရောက်လေ့ရှိ၍ "ကျွန်းမကြီး ကဗျာရွတ်ပွဲမှ မသွားရင် ကဗျာဆရာ မပီသသေးဘူး"ဟု ကဗျာဆရာ အတော်များများက သတ်မှတ်လာကြကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကလေးတိုင်းအပေါ် ကာကွယ်ဆေးထိုးဆေးတိုက်မှု လွှမ်းခြုံနိုင်ရန် ရှင်းလင်းဆွေးနွေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကာကွယ်ဆေးထိုး၊ ဆေးတိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအုပ်စုတိုင်း၊ ကလေးငယ်တိုင်းထံသို့ ရောက်ရှိလွှမ်းခြုံနိုင်စေရေးအတွက် မြို့နယ်တာဝန်ရှိသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရန် ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။



ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းကူညီကြရန် ရှင်းလင်းဆွေးနွေးနေစဉ်

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်က တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ၏ ယေဘုယျ ရည်မှန်းချက်ဖြစ်သည့် ရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှု လျော့နည်းပပျောက်၍ (၅)နှစ်အောက် ကလေးငယ်များ သေဆုံးနှုန်းကို လျှော့ချနိုင်ရေး ရည်မှန်းချက်အကြောင်းကိုလည်းကောင်း၊ ကာကွယ်ဆေးထိုးပေးရာတွင် လူအုပ်စုတိုင်း၊ ကလေးတိုင်းအား လွှမ်းခြုံနိုင်စေရန် အားလုံး ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးကြရေးကိုလည်းကောင်း၊ ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်း၏ တန်ဖိုးများနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ ကူးစက်ရောဂါဖြစ်ပွားမှုများမှ ကင်းစင်ပပျောက်စေသည့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

**နေအောင်(ပြန်/ဆက်)**

# ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာ ကျောင်းဆင်းလက်ရာပြပွဲနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ပြိုင်ပွဲ၊ ပြပွဲနှင့် ဈေးရောင်းပွဲ ကျင်းပမည်

**အမရပူရ ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ကျောင်း၌ ပထမအကြိမ်မြောက် ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာ ကျောင်းဆင်းလက်ရာ ပြပွဲနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြိုင်ပွဲ၊ ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ရက်ကန်းပညာရှင်များ၏ ဆန်းသစ်တီထွင်နိုင်မှုကို ဖော်ထုတ်ရန်၊ ရက်ကန်းပညာရပ်များ ပြန့်ပွားစေရန်၊ ရက်ကန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရက်ကန်းလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် အောင်မြင်လာစေရန်၊ အထည်ဒီဇိုင်း တီထွင်ဖန်တီးမှုများကို ပိုမိုအားပေးမြှင့်တင်နိုင်စေရန်၊ ကိုယ်ပိုင်ဖန်တီးထားသည့် ဒီဇိုင်းများကို တန်ဖိုးထားတတ်စေရန်၊ ဒီဇိုင်းမူပိုင်ခွင့် ဖြစ်လာစေရေး အားပေးကူညီရန်၊ ရက်ကန်းပညာရှင်များ၊ ကျောင်းဆင်းများ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်ရက်တိုင် ကျင်းပမည်ဖြစ်သည်။

ပထမနေ့တွင် ဖွင့်ပွဲ အခမ်းအနားနှင့်အတူ ဒီပလိုမာကျောင်းဆင်းလက်ရာများ ပြပွဲနှင့် ပြိုင်ပွဲ၊ ကျောင်းဆင်းလက်ရာ ဖက်ရှင်ပြပွဲ၊ အထည်အလိပ်လုပ်ငန်းဆိုင်ရာ ထုတ်ကုန်ပြပွဲများကို ကျင်းပပြီး ဒုတိယနေ့တွင် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းနှင့် ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ၊ ရက်ကန်းပညာရှင်များ၏လက်ရာ ဖက်ရှင်ပြပွဲ၊ ရက်ကန်းကျောင်းပေါင်းစုံမှ ကျောင်းဆင်းလက်ရာ ပြပွဲနှင့် ပြိုင်ပွဲ၊ ရက်ကန်းလုပ်ငန်းများ၏ ထုတ်ကုန်လက်ရာ ဖက်ရှင်ပြပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းနှင့် ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ SSID မှ ထုတ်လုပ်သော စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို မိတ်ဆက်ပြသ ရောင်းချခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရိုးရာ ရက်ကန်းထုတ်ကုန်များ ပြသရောင်းချခြင်း စသည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

# သုံးခွမြို့ ပြည်သာဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၃)ရပ်ကွက် မင်းကျောင်းပရိဝုဏ်ထဲမှ ပြည်သာဦး စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မင်းကျောင်းကျောင်းတိုက် ဆရာတော်၏ သြဝါဒကို ခံယူ၍ ဂေါပကအဖွဲ့က ကြီးမှူးပြီး ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ် ရွာနှစ်ရွာ၌ ပြည်သူ့စကားဝိုင်းပြုလုပ်

**ကျောက်ဆည် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဇလဲကျေးရွာနှင့် ကိုးပင်ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲများတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းကာ မြို့နယ် ပညာရေးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာများမှ ဒေသခံပြည်သူများက ကျေးရွာများအလိုက် လိုအပ်ချက်များကို တင်ပြကြပြီး သက်ဆိုင်ရာဌာန တာဝန်ခံများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**

# 'သွေးချင်းတို့ရဲ့ပွဲတော်ဆီ' ပွဲတော် ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့က ကြီးမှူး၍ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့က ဦးဆောင်ကျင်းပမည့် 'သွေးချင်းတို့ရဲ့ ပွဲတော်ဆီ' ပွဲတော်ကြီးကို ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၁၁ နာရီမှည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများနှင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန် ရည်ရွယ်လျက် အဆိုပါပွဲကြီးကို ကျင်းပခြင်းဖြစ်ပြီး နိုင်ငံကျော် တေးသံရှင်များ၏ အခမဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များနှင့် ဂိမ်းကစားနည်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# မြန်မာ-တရုတ် ကျောက်မျက်ကုန်သည်များအသင်း ချစ်ကြည်ရေး မိတ်ဆုံစားပွဲကျင်းပ

**မူဆယ် ဒီဇင်ဘာ ၃၁**

မြန်မာ- တရုတ် ကျောက်မျက်ကုန်သည်များအသင်း၏ (၁၃)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး မိတ်ဆုံစားပွဲကို ရွှေလီမြို့ရှိ Seven Stars ဟိုတယ်၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်၊ တယ်ဟုန်းပြည်နယ်ခွဲ ဥက္ကဋ္ဌနှင့် မိသားစုဝင်များ၊ မူဆယ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် အဖွဲ့ဝင်များ၊ နှစ်နိုင်ငံမှ ကျောက်မျက်ကုန်သည်ကြီးများ တက်ရောက်ခဲ့ပြီး မြန်မာ ကောင်စစ်ဝန်ချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မျက်ရောင်းဝယ်လုပ်ကိုင်မှု စွမ်းဆောင်ရည်အကောင်းဆုံးနှင့် အောင်မြင်မှုအများဆုံး ရောင်းဝယ်လုပ်ကိုင်နိုင်သည့် ကုန်သည်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ဥာဏ်မင်း(နမ့်ခမ်း)**

# ငဖဲမြို့နယ် သာစည်ကျေးရွာ၌ လယ်ယာဧက ၃၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိ

**ငဖဲ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လယ်ယာလုပ်ငန်းမှ ထွက်ကုန်များကို ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက် ကုန်ထုတ်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်တွင်လည်း သာစည်ကျေးရွာမှ လယ်ယာထုတ်ကုန် ဧက ၃၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းကို ဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သာစည်ကျေးရွာတွင် အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လယ်ယာ ဧက ၃၀၀ ကျော်မှ ထုတ်ကုန်များကို မြို့ပေါ်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လမ်းပန်းဆက်သွယ်ရေးလည်း ပိုမိုကောင်းမွန်လာသဖြင့် သာစည်ကျေးရွာရှိ အိမ်ခြေ ၁၁၀၄ အိမ်မှ လူဦးရေ ၄၈၈၂ ဦးတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှု အဆင့်အတန်းများကိုလည်း တိုးတက်လာစေမည်ဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းမောင်က ပြောကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို အကျယ် ၁၂ ပေ နှင့် ထု ၁ ပေ ၉ လက်မ မြေနီကျောက်စရစ်ခင်း၍ ဖောက်လုပ်လျက်ရှိပြီး လမ်းအရှည်မှာ ၁ ဒသမ ၁ မိုင်ဖြစ်ကြောင်း၊ လမ်းလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေ ကျပ် ၃၉ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထွန်းကမ္ဘာလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငဖဲမြို့နယ်အတွင်း၌ သာစည်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းအပြင် ပေါင်းကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း ၅ ဒသမ ၆ ဖာလုံနှင့် ပေါက်ရင်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ၁ ဒသမ ၁ မိုင် တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုးကျော်**



သာစည်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရမ်းဗြဲမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ရမ်းဗြဲ ဒီဇင်ဘာ ၃၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့ နံနက်ပိုင်းတွင် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ ရမ်းဗြဲခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။**

အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်တို့ တက်ရောက်ကြသည်။

### လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်စဉ် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို အားရကျေနပ်မိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးကြောင်း၊ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိအောင် ဒေသခံများက အထူးဂရုစိုက်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းအောင်က ရမ်းဗြဲမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ရမ်းဗြဲမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

### ဖြေရှင်းဆောင်ရွက်

ယင်းနောက် ဒေသ၏ လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို မြို့မိမြို့ဖများဖြစ်ကြသော ဦးအောင်ချစ်သန်း၊ ဦးခင်ရီ၊ ကျောက်ချောင်းတိုက်နယ်မှ ဦးကျော်သောင်းနှင့် ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ နာယက ဦးချမ်းမောင်နှင့် ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က တင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ်ဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာချမ်းသာ၊ ဦးဝင်းမြင့်၊ ဦးအောင်ကျော်ဇံနှင့် ဦးကျော်လွင်တို့က ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ချောင်ဖျားတိုက်နယ် ရမ်းဗြဲ-လေးတောင်ကားလမ်းပေါ်ရှိ တံတားအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၀ ပေးအပ်ရာ YB ချောင်းဖျားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ (အပေါ်ပုံ)

### ရမ္မာဝတီဘိုးဘွားရိပ်သာတည်ဆောက်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရမ်းဗြဲမြို့ အမှတ်(၃)ရပ်ကွက် တန်းနားပြင်ရပ်ရှိ ရမ်းဗြဲမြို့နယ် ရမ္မာဝတီဘိုးဘွားရိပ်သာတည်ဆောက်နေမှုကို ကြည့်ရှု၍ ဘိုးဘွားရိပ်သာတည်ဆောက်ရေးကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်နိုင်(ပြန်/ဆက်)**


ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

**ကလေးစာပေပွဲတော်**

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(အင်္ဂပူမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၃ ၊ ၄ )ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

နန်ကသူခန်းမ ၊ အ.ထ.က-ကွင်းကောက် ၊ အင်္ဂပူမြို့။


## ဖြည့်စွက်ဖတ်ရှုပါရန်

၃၁-၁၂-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ပါ သတင်းခေါင်းစီးအား "ရန်ကုန်နှင့် မန္တလေး၌ မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ဝန်ထမ်းများ နားရက်မယူ အထူးဝန်ဆောင်မှုပေးခြင်းကြောင့် ပြည်သူများ အချိန်မီယာဉ်သက်တမ်းတိုးနိုင်" ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**


## The Global New Light of Myanmar
## လစ်လပ်နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ်နေရာအတွက် ၁၅-၁-၂၀၂၀ ရက်နေ့အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည် -

(က) ပညာအရည်အချင်းအားဖြင့် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ရမည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာဖြင့် သတင်းစာအရေးအသားကျွမ်းကျင်ပြီး စစ်ဆေးတည်းဖြတ်ပေးနိုင်စွမ်းရှိသူ။

(ခ) သတင်းစာအတွေ့အကြုံရှိ၍ အယ်ဒီတာလုပ်သက် အနည်းဆုံး (၅) နှစ်ရှိပြီး စာတည်းဌာနကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်သူ။

(ဂ) ကွန်ပျူတာနှင့် အင်တာနက်ကို ကောင်းမွန်စွာအသုံးပြုနိုင်သူ။

(ဃ) ကျန်းမာရေးကောင်းပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။

(င) အသက် ၄၀ နှစ်မှ ၆၅ နှစ်ကြားရှိသူ။

(စ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၂။ အသေးစိတ်သိရှိလိုပါက The Global New Light of Myanmar Co; Ltd ၊ အမှတ် (၁၅၀) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ အထွေထွေမန်နေဂျာ ဦးဝင်းဇော်ဌေး - ဖုန်း ၀၉၂၅၀၂၀၄၆၅၃၊ ခေတ္တစာတည်းမှူးချုပ် ဦးအေးမင်းစိုး - ဖုန်း ၀၉၄၂၈၁၂၀၀၈၆ တို့သို့ ဆက်သွယ်နိုင်ပါရန်နှင့် လျှောက်လွှာများကို ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံကပ်လျက် အချိန်မီပေးပို့ပါရန်။





## မကွေးတက္ကသိုလ် (အဝေးသင် သင်တန်း)
## (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်

မကွေးတက္ကသိုလ် (အဝေးသင် သင်တန်း) ၏ ၂၀၁၈ ပညာသင်နှစ်၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ပြီးစီးခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသော ကျောင်းသား ကျောင်းသူ များအတွက် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၁-၁-၂၀၂၀ ရက်မှ ၁၇-၁-၂၀၂၀ ရက်ထိ မကွေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအပိုင်းခွဲ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

### (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားအစီအစဉ်

အစမ်းလေ့ကျင့်ရက်

၁။ (၁၂-၁-၂၀၂၀)ရက် (ပထမနေ့) နံနက် (၉:၀၀)နာရီ (၁၁-၁-၂၀၂၀) နံနက် (၈:၀၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ | မကွေး | ၄-မ-၂ | မှ | ၄-မ-၁၁၉ |
| | အင်္ဂလိပ်စာ | မကွေး | ၄-အ-၃ | မှ | ၄-အ-၁၅၂ |
| | သမိုင်း | ရေနံချောင်း | ၄-သ-၂ | မှ | ၄-သ-၇၆ |
| | ပထဝီဝင် | မကွေး | ၄-ပ-၁ | မှ | ၄-ပ-၁၄၁ |

အစမ်းလေ့ကျင့်ရက်

၂။ (၁၂-၁-၂၀၂၀)ရက် (ပထမနေ့) မွန်းလွဲ (၂:၀၀)နာရီ (၁၁-၁-၂၀၂၀) မွန်းလွဲပိုင်း (၁:၃၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ | မကွေး | ၄-မ-၁၂၀ | မှ | ၄-မ-၂၅၈ |
| | အင်္ဂလိပ်စာ | မကွေး | ၄-အ-၁၅၃ | မှ | ၄-အ-၂၉၃ |
| | သမိုင်း | ရေနံချောင်း | ၄-သ-၇၇ | မှ | ၄-သ-၁၅၃ |
| | ပထဝီဝင် | မကွေး | ၄-ပ-၁၄၂ | မှ | ၄-ပ-၂၉၆ |

အစမ်းလေ့ကျင့်ရက်

၃။ (၁၃-၁-၂၀၂၀)ရက် (ဒုတိယနေ့) နံနက် (၉:၀၀)နာရီ (၁၁-၁-၂၀၂၀) နံနက် (၈:၀၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ | မကွေး | ၄-အ-၂၉၄ | မှ | ၄-အ-၄၃၅ |
| သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ | မကွေး | ၄-ဓ-၁ | မှ | ၄-ဓ-၇၅ |
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၂၉၈ | မှ | ၄-ပ-၄၅၈ |
| ဝိဇ္ဇာ(ဘွဲ့) | စီးပွားရေးပညာ | မကွေး | ၄-စီး-၃ | မှ | ၄-စီး-၁၉၂ |

အစမ်းလေ့ကျင့်ရက်

၄။ (၁၃-၁-၂၀၂၀) ရက် (ဒုတိယနေ့) မွန်းလွဲ (၂:၀၀)နာရီ (၁၁-၁-၂၀၂၀) မွန်းလွဲပိုင်း (၁:၃၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ | မကွေး | ၄-အ-၄၃၈ | မှ | ၄-အ-၆၁၁ |
| သိပ္ပံ(ဘွဲ့) | ရူပဗေဒ | မကွေး | ၄-ရပ-၂ | မှ | ၄-ရပ-၈၈ |
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၄၅၉ | မှ | ၄-ပ-၆၁၃ |
| ဝိဇ္ဇာ(ဘွဲ့) | စီးပွားရေးပညာ | မကွေး | ၄-စီး-၁၉၃ | မှ | ၄-စီး-၄၇၄ |

အစမ်းလေ့ကျင့်ရက်

၅။ (၁၄-၁-၂၀၂၀)ရက် (တတိယနေ့) နံနက် (၉:၀၀)နာရီ (၁၁-၁-၂၀၂၀) နံနက် (၈:၀၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ | မကွေး | ၄-အ-၆၁၃ | မှ | ၄-အ-၇၉၂ |
| | ပထဝီဝင် | မကွေး | ၄-ပ-၆၁၄ | မှ | ၄-ပ-၈၂၂ |
| | စီးပွားစီမံ | မကွေး | ၄-စစ-၂ | မှ | ၄-စစ-၁၂၆ |
| | သမိုင်း | ရေနံချောင်း | ၄-သ-၁၅၄ | မှ | ၄-သ-၂၃၈ |

အစမ်းလေ့ကျင့်ရက်

၆။ (၁၄-၁-၂၀၂၀)ရက် (တတိယနေ့) မွန်းလွဲ (၂:၀၀)နာရီ (၁၁-၁-၂၀၂၀) မွန်းလွဲပိုင်း (၁:၃၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၈၂၈ | မှ | ၄-ပ-၁၀၄၄ |
| သိပ္ပံ(ဘွဲ့) | သင်္ချာ | မကွေး | ၄-သခ-၃ | မှ | ၄-သခ-၁၃၇ |
| ဝိဇ္ဇာ(ဘွဲ့) | သမိုင်း | ရေနံချောင်း | ၄-သ-၂၃၉ | မှ | ၄-သ-၃၅၉ |
| ဝိဇ္ဇာ(ဘွဲ့) | စီးပွားစီမံ | မကွေး | ၄-စစ-၁၂၉ | မှ | ၄-စစ-၂၄၅ |

အစမ်းလေ့ကျင့်ရက်

၇။ (၁၆-၁-၂၀၂၀)ရက် (စတုတ္ထနေ့) နံနက် (၉:၀၀)နာရီ (၁၅-၁-၂၀၂၀) နံနက် (၈:၀၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၁၀၄၅ | မှ | ၄-ပ-၁၂၅၉ |
| ဝိဇ္ဇာ(ဘွဲ့) | ဒဿနိကဗေဒ | မကွေး | ၄-ဒ-၁ | မှ | ၄-ဒ-၆၅ |
| သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ | မကွေး | ၄-ရခ-၁ | မှ | ၄-ရခ-၂၆ |
| ဝိဇ္ဇာ(ဘွဲ့) | သမိုင်း | ရေနံချောင်း | ၄-သ-၃၆၁ | မှ | ၄-သ-၆၃၁ |

အစမ်းလေ့ကျင့်ရက်

၈။ (၁၆-၁-၂၀၂၀)ရက် (စတုတ္ထနေ့) မွန်းလွဲ (၂:၀၀)နာရီ (၁၅-၁-၂၀၂၀) မွန်းလွဲပိုင်း (၁:၃၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၁၂၆၁ | မှ | ၄-ပ-၁၄၇၆ |
| ဝိဇ္ဇာ(ဘွဲ့) | စိတ်ပညာ | မကွေး | ၄-စ-၂ | မှ | ၄-စ-၃ |
| ဥပဒေ(ဘွဲ့) | ဥပဒေပညာ | မကွေး | ၅-ဥ-၁ | မှ | ၅-ဥ-၁၉၆ |
| ဝိဇ္ဇာ(ဘွဲ့) | သမိုင်း | မကွေး | ၄-သ-၂ | မှ | ၄-သ-၂၇၃ |

အစမ်းလေ့ကျင့်ရက်

၉။ (၁၇-၁-၂၀၂၀)ရက် (ပဉ္စမနေ့) နံနက် (၉:၀၀)နာရီ (၁၅-၁-၂၀၂၀) နံနက် (၈:၀၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၁၄၇၇ | မှ | ၄-ပ-၁၇၈၆ |
| သိပ္ပံ(ဘွဲ့) | သင်္ချာ | ရေနံချောင်း | ၄-သခ-၂ | မှ | ၄-သခ-၃၃ |
| ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ | ရေနံချောင်း | ၄-မ-၁ | မှ | ၄-မ-၁၂၄ |
| သိပ္ပံ(ဘွဲ့) | ရူပဗေဒ | ရေနံချောင်း | ၄-ရပ-၂ | မှ | ၄-ရပ-၃၁ |
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | ရေနံချောင်း | ၄-ပ-၁ | မှ | ၄-ပ-၁၀၅ |

အစမ်းလေ့ကျင့်ရက်

၁၀။ (၁၇-၁-၂၀၂၀)ရက် (ပဉ္စမနေ့) မွန်းလွဲ (၂:၀၀)နာရီ (၁၅-၁-၂၀၂၀) မွန်းလွဲပိုင်း (၁:၃၀)နာရီ

| | | | | | |
|---|---|---|---|---|---|
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | မကွေး | ၄-ပ-၁၇၈၇ | မှ | ၄-ပ-၂၁၃၇ |
| သိပ္ပံ(ဘွဲ့) | သတ္တဗေဒ | မကွေး | ၄-သတ-၁ | မှ | ၄-သတ-၄၁ |
| ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ | ရေနံချောင်း | ၄-မ-၁၂၅ | မှ | ၄-မ-၂၄၂ |
| သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ | ရေနံချောင်း | ၄-ဓ-၂ | မှ | ၄-ဓ-၁၅ |
| ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | ရေနံချောင်း | ၄-ပ-၁၀၆ | မှ | ၄-ပ-၂၂၇ |

ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့် ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့ အသွင်ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်း အနားများသို့ လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်များကို (၈-၁-၂၀၂၀) ရက် နံနက် (၉:၀၀)နာရီမှစ၍ မကွေးတက္ကသိုလ် (အဝေးသင် သင်တန်း)ကျောင်းသားရေးရာဌာနတွင် ကိုယ်တိုင်လာရောက် ထုတ်ယူကြရမည်။

တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**လှလှအေးမြင့်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မကွေးတက္ကသိုလ်။**

---

## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)
## အသင်းသားများသိစေရန်

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)သည် မကြာမီကာလအတွင်း အလုပ်အမှုဆောင်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ပါ၍ အမှုဆောင်အသစ်များ ထပ်မံရွေးချယ်ရန် လိုအပ်ပါသည်။ အဆိုပါအမှုဆောင်အသစ်များ ရွေးကောက်ပွဲကို ဒီမိုကရေစီနည်းလမ်းအရ ပွင့်လင်းမြင်သာစွာဖြင့် ၃၁-၁-၂၀၂၀ ရက် မွန်းတည့် ၂ : ၀၀ နာရီ Panda Hotel ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)၏ အသင်းသား (A-Member)များအားလုံး အမှုဆောင် အဖြစ် ဝင်ရောက်ဆန္ဒခံယူနိုင်ပါကြောင်းနှင့် ဆန္ဒခံယူလိုပါက ၂၀၂၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၂၅ ရက်အတွင်း ဟိုတယ်အသင်း ရုံးတွင် အဆိုပြုလွှာပုံစံများထုတ်ယူ၍လည်းကောင်း၊ ဟိုတယ်အသင်းရုံး Website: www.myanmarhotelier.org နှင့် www.facebook.com/Myanmar Hotelier Association, Myanmar Hotelier Association (Yangon Zone)များတွင် ဝင်ရောက်ကြည့်ရှုလေ့လာ၍သော် လည်းကောင်း ဖြည့်သွင်းလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဖုန်း** - ၀၁-၅၅၈၈၃၄၊ ၀၉-၄၂၈၈၈၆၅၇၈
**အီးမေးလ်** - myanmarhotelier.ygn 2006@gmail.com
**နေရာ** - အခန်းအမှတ်(၁၀၁)၊ အေးရိပ်သာ(၁)လမ်း၊ ရွှေသံလွင်ကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

---

## မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း
## မှတ်ပုံတင်အမှတ် - ၁၁၃၄၇၁၉၇၂
## "အသင်းသားစုံညီ အထူးအထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ"

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲပြီးဖြစ်၍ အဆိုပါဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို အတည်ပြုနိုင်ရေးအတွက် အသင်းသားစုံညီ အထူးအထွေထွေအစည်းအဝေး ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၄-၂-၂၀၂၀ ရက် (အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ (၁၂:၃၀ နာရီနေရာယူပေးပါရန်)
**ကျင်းပမည့်နေရာ** - Grand Ball Room တံ့ဂပူရီဟိုတယ်၊ ဟိုတယ်ဇုန်(၁) ရာဇသင်္ဂဟလမ်း၊ နေပြည်တော်။

**ဆက်သွယ်ရန်ဖုန်း**
ဦးနန္ဒကျော် - ၀၉-၂၅၀၂၀၃၈၀၄
ဒေါ်လွင်လွင်မေ - ၀၉-၅၀၃၇၄၈၈
ဒေါ်ယဉ်မေသန်း - ၀၉-၇၉၂၂၂၂၈၁

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**

### အသိပေးကြေညာချက်

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(မူကြမ်း) ကို အတည်ပြုမည့် အသင်းသားစုံညီအထူးအထွေထွေအစည်းအဝေးဖြစ်ပါသဖြင့် တက်ရောက် လာမည့်အသင်းသားများအနေဖြင့် အသင်းသားဖြစ်ကြောင်းအထောက်အထား အသင်းဝင်စမတ် ကတ် တစ်ပါတည်းယူဆောင်လာပါရန် ပန်ကြားအပ်ပါသည်။

ဤကြော်ငြာစာကို တွေ့ရှိပါက ဖိတ်စာရသကဲ့သို့ သဘောထားခံယူ၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၃၈ ဧက၊ မြေကွက်အမှတ် ဥ-၁၁၄၄၊ ဒေါ်တင်တင်အုန်း (ဘ)ဦးသိန်းမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဝင်းဝင်းမြင့် ၅/ရဘန(နိုင်)၀၂၄၃၃၂ (ဘ)ဦးအောင်ခင်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၄၉(၅-၉-၂၀၁၉) တင်ပြ၍ ဦးခင်မောင်လွင် ၉/ပမန(နိုင်)၁၀၆၃၄၃ (ဘ)ဦးမောင်ကြီးအမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊မြေကွက်အမှတ်(JM-056)၊ မြေဧရိယာ ၁ ဒသမ ၀၀ ဧကရှိ ဦးလီချင်းစိန်(ခ)စောနိုင် (ဟိုးအင်ဝမ်းကျောက်မျက်) (ဘ)ဦးခွန်ဆိုင်(ခ)လီလောစီ ၉/မရတ (နိုင်) ၁၀၆၅၁၁ အမည်ပေါက်ပါမစ်မြေကွက်အား ဦးလီချင်းစိန်(ခ)စောနိုင် (ဘ)ဦးခွန်ဆိုင်(ခ) လီလောစီ ၉/မရတ (နိုင်)၁၀၆၅၁၁ မှ မြေပေးမိန့်(ပါမစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာမူရင်း၊ မြေဖိုးသွင်း ငွေသွင်းချလန်မိတ္တူများ တင်ပြ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာ၊ မိုင်းသော်အရှေ့အုပ်စု၊ နယ်မြေ(၃)နေ ကျွန်တော်ဦးအောင်ကျော်ခိုင် ၁၃/တကန(နိုင်)၁၇၃၃၃၂ နှင့် ဒေါ်တင်မြင့်အောင် ၁၃/တကန(နိုင်)၂၅၈၄၉၅တို့သည် ၂၃-၁၀-၂၀၁၉ ရက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးရှေ့မှောက်၌ ကွာရှင်းပြတ်စဲလက်မှတ်ရေးထိုးပြီးပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ခိုင်**
**နယ်မြေ(၃)၊ တောင်နီ၊ တောင်ကြီးမြို့နယ်**

### အများသိစေရန်ကြေညာခြင်း

ကျောက်ဆည်မြို့နယ်၊ အင်ဒိုင်းကျေးရွာမှ (ဘ)ဦးဂျော်ဂျီ၏သမီး ဒေါ်စုစုဖြိုး ၉/ကဆန(နိုင်)၁၁၄၃၅၀ ၏ခင်ပွန်း (ဘ)ဦးသန်းဆွေ၏သား မျိုးသူရ ၉/စကတ(နိုင်)၀၆၀၅၉၂ သည် ရိုင်းပျစွာ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၂၁-၁၀-၂၀၁၉ ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်မသက်ဆိုင်တော့ပါကြောင်းနှင့် အရှုပ်အရှင်းကိစ္စမှန်သမျှ လုံးဝ (လုံးဝ) တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်စုစုဖြိုး**
**၉/ကဆန(နိုင်)၁၁၄၃၅၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ရုံးအမှတ် (၄)၊နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၂-၂၀၂၀ရက် မွန်းတည့် ၁၂နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း (မြစ်ကြီးနားမြို့တွင်းအပိုင်း) km (4.13-5.00)အထိ (0.87km)အရှည် (18.88m)အကျယ် AC လမ်းခင်းခြင်း၊ (1645m)အရှည် အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ လမ်းဆုံနေရာ(၁၄)ခု(၁၃၁/၂")အုတ်ရိုးစီ၍ (၉") ထု RCC Slab ပြုလုပ်ခြင်း၊ (4600m)အရှည် Road Line ရေးဆွဲခြင်းနှင့်(24.3mx 1.52mx1.52m)All RC Box Culvert (၁)စင်း ဆောက်လုပ်ခြင်း။ |
| ၂ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း (မြစ်ကြီးနားမြို့တွင်းအပိုင်း)km (5.00-5.85)အထိ (0.85km)အရှည်(18.88m)အကျယ် ACလမ်းခင်းခြင်း၊ (1600m) အရှည် အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ လမ်းဆုံနေရာ(၁၅) ခု(၁၃၁/၂")အုတ်ရိုးစီ၍ (၉")ထု RCC Slab ပြုလုပ်ခြင်း၊ (4493m)အရှည် Road Line ရေးဆွဲခြင်းနှင့် (24.3mx 1.52mx1.52m)All RC Box Culvert (၁)စင်း ဆောက်လုပ်ခြင်း။ |

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂-၁-၂၀၂၀ရက်(ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၂၀ရက်(၁၄:၀၀)နာရီအထိ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာနစု၊ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၅။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၆။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၅၂၈၅၄၄၊ ၀၇၄-၂၅၂၄၂၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ကလေး) (၁၆)ကြိမ်မြောက် B.E ဘွဲ့အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ကလေး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဤနည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း** - ၇-၂-၂၀၂၀ရက်(သောကြာနေ့) နံနက် ၈:၃၀နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၈-၂-၂၀၂၀ရက်(စနေနေ့)နံနက် ၈:၃၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့နည်းပညာတက္ကသိုလ်(ကလေး)၏ ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော BE ဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်ဘွဲ့လျှောက်ထားနိုင်ပြီး အခြားသောပညာသင်နှစ်များတွင် ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများအနေဖြင့် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်သည်။
၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။
(က) တက်ရောက်ဘွဲ့ - BE ဘွဲ့အတွက် ၁၅၀၀ိ/-
(ကျပ်တစ်ထောင့်ငါးရာတိတိ)လျှောက်လွှာနှင့်အတူပေးသွင်းရန်။
(ခ)အဝေးရောက်ဘွဲ့ - BE ဘွဲ့အတွက် ၁၀၀၀ိ/-
(ကျပ်တစ်ထောင်တိတိ)လျှောက်လွှာနှင့်အတူပေးသွင်းရန်။
၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ အပြည့်အစုံဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ x နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။
၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၇-၁-၂၀၂၀ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(ကလေး)၏ ကျောင်းသားရေးရာဌာနတွင် လျှောက်လွှာထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၄-၁-၂၀၂၀ရက် နောက်ဆုံးထားပြီး (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။
၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့်ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့်(လုံးဝ) တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။
၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။
**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(ကလေး) ဖုန်း-၀၉-၂၅၅၃၆၁၈၀၃ တွင် စုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**နည်းပညာတက္ကသိုလ်(ကလေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/9168၊ Nissan Diesel D/Tယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်ဝင်း ၁၂/တမန(နိုင်)၀၀၀၃၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## နေပြည်တော်ကောင်စီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့်အဆောက်အအုံများအနက် ကျန်ရှိခဲ့သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးအိမ်ရာ (၂)လုံး၊ (2U3S)Lot-9 အား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၁-၂၀၂၀ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၅-၁-၂၀၂၀ရက်
၄။ **တင်ဒါလျှောက်လွှာပုံစံစတင်လက်ခံမည့်ရက်** - ၁၆-၁-၂၀၂၀ရက်
၅။ **တင်ဒါလျှောက်လွှာပုံစံနောက်ဆုံးလက်ခံမည့် ရက်နှင့်အချိန်** - ၂၁-၁-၂၀၂၀ရက်
(ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့်လုပ်ငန်းစံချိန်စံညွှန်းများပါဝင်ရမည်)
၆။ နည်းပညာအဆိုပြုလွှာ (Technical)အောင်မြင်သည့်ကုမ္ပဏီများကိုသာ ငွေကြေးအဆိုပြုလွှာ(Financial Proposal)တင်သွင်းခြင်းကို လက်ခံမည်။
၇။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့်အဆောက်အအုံများဆောက်လုပ်ရာတွင် လုပ်ငန်းများစီမံဆောင်ရွက်ခြင်းနှင့်အရည်အသွေးထိန်းသိမ်းရေး လုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်သွားမည်။
၈။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂-၁-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၀၁၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကောင်စီ**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ် - ၃/၂၀၁၉-၂၀၂၀

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၆) အထည်စက်ရုံခွဲ(မုံရွာ)ရှိ စက်အရန်ပစ္စည်း(၁၂၂)မျိုး၊ ဘွိုင်လာ(၃)လုံးနှင့် Oil Feed Pump & Motor (၁)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁-၂၀၂၀ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
**နေပြည်တော်** - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
**ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁၊
(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃-၂-၂၀၂၀၊ (၁၆:၀၀)နာရီ
(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၇)၊ နေပြည်တော်
၃။ အသေးစိတ်သိရှိလိုပါက အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(လားရှိုး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နည်းပညာတက္ကသိုလ်(လားရှိုး)တွင် (၁၆) ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့၊ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ယူမည့်ကျောင်းသား ကျောင်းသူများ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအဆင်ပြေစေရန်အတွက် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးလိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**ရိုက်ကူးခွင့်တင်ဒါ တင်သွင်းရမည့်ရက်** - ၂၇-၁၂-၂၀၁၉ ရက်မှ ၁၅-၁-၂၀၂၀ ရက်အထိ
**ရိုက်ကူးခွင့်တင်ဒါဖွင့်မည့်ရက်** - ၁၇-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ
**ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ရက်** - ၁-၂-၂၀၂၀ ရက် (စနေနေ့) နံနက် ၉:၀၀နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပရက်** - ၂-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉: ၀၀ နာရီ

တင်ဒါတင်သွင်းသူများသည် တင်ဒါဖွင့်လှစ်မည့်ရက်တွင် နည်းပညာတက္ကသိုလ်(လားရှိုး)သို့ ရောက်ရှိနေကြရပါမည်။

**ဓာတ်ပုံနှင့်ဗီဒီယိုတင်ဒါရွေးချယ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၂ အုန်းခြံ)၊ ဦးပိုင်အမှတ် (၁၈)၊ ဧရိယာ ၀.၁၁၁၈ ဧကရှိမြေအား ဒေါ်ခင်စော(ခ)ဒေါ်ခင်စောရွှေအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

IWUMD | Eastern States ESAP Agri-business Project | IFAD Enabling poor rural people to overcome poverty

## Vacancy Announcement

Eastern States Agri-business Project (ESAP)
Irrigation and Water Utilization Management Department (IWUMD)
International Fund for Agriculture Development (IFAD)

**Position:** **National Procurement Specialist**

**Duty Station**: Nay Pyi Taw

**Basic Salary**: USD 1800 per one month.

**Contract Duration**: One year with three months' probation, Extendable based on the performance.

For detail TOR can be requested to pmu@esapmm.org and or can be downloaded from MIMU website (www.themimu.info).

Qualified candidates may submit CV along with recent passport size photo, relevant certificates by email to the following addresses; pmu@esapmm.org.

For inquiry please contact: IWUMD, MOALI Office 15 Tel:009567410099, 09795910725

Deadline for Submission of Application: **12th January 2020 (Sunday) 17:00 pm**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(လားရှိုး) (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
**အစမ်းလေ့ကျင့်ခြင်း** - ၁-၂-၂၀၂၀ရက် (စနေနေ့) နံနက် ၉ : ၀၀ နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၂-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ : ၀၀ နာရီ
၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)၏ ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော BE စာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။
၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ - BE ဘွဲ့အတွက် - ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ - BE ဘွဲ့အတွက် - ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)
၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲxနှစ်လက်မ) အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ)၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။
၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၂၇-၁၂-၂၀၁၉ရက်(သောကြာနေ့)မှစ၍ သင်တန်းရေးရာဌာနတွင် ထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၇-၁-၂၀၂၀ ရက် (သောကြာနေ့) နောက်ဆုံးလျှောက်ထားရမည်။
၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)
၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်ပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။
**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(လားရှိုး)၏ သင်တန်းရေးရာဌာန (ဖုန်း-၀၉-၆၉၅၂၆၂၆၂၈)တွင် စုံစမ်းနိုင်ပါသည်။

**ဌာနကြီးမှူး(သင်တန်း)**
**နည်းပညာတက္ကသိုလ်(လားရှိုး)**

## ၂၀၂၀ ပြည့်နှစ် ရန်ကုန်မြို့တော်ဝန်ဖလား(၁၉)ကြိမ်မြောက် ပန်းမန်နှင့်သစ်သီးဝလံပြပွဲ၊ပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန်ဖလား(၁၉)ကြိမ်မြောက် ပန်းမန်နှင့်သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲကို ၂၈-၁-၂၀၂၀ရက်မှ ၂-၂-၂၀၂၀ရက်အထိ (၆)ရက်ကြာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကန်တော်ကြီးသဘာဝဥယျာဉ်မဟာမြိုင်ကျွန်း(ဆင်ဖြူတော်ရုပ်တုများ)အနီးတွင် ကျင်းပမည်။
၂။ အဆိုပါပြိုင်ပွဲတွင် အောက်ပါအတိုင်း ပြိုင်ပွဲအမျိုးအစား(၁၅)မျိုးသတ်မှတ်ထားရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
(က) မြေယာရှုခင်းပြိုင်ပွဲ
(ခ) ပြည်ပသစ်ခွ(ကတ်တလီယာ)ပြိုင်ပွဲ
(ဂ) ပြည်ပသစ်ခွ(ဗန်ဒါ)ပြိုင်ပွဲ
(ဃ) ပြည်ပသစ်ခွ(ဒန်ဒရိုဗီယမ်)ပြိုင်ပွဲ
(င) သစ်ခွအခြားအုပ်စုပြိုင်ပွဲ
(စ) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(ဆ) အိမ်တွင်း(Indoor)အရွက်လှပင်ပြိုင်ပွဲ
(ဇ) အိမ်ပြင်(Outdoor)အရွက်လှပင်ပြိုင်ပွဲ
(ဈ) ရာသီပန်းပြိုင်ပွဲ
(ည) သက်ကြီးပု(ဘွန်ဆိုင်း)ပြိုင်ပွဲ ၆"အောက်
(ဋ) သက်ကြီးပု(ဘွန်ဆိုင်း)ပြိုင်ပွဲ ၆"နှင့် ၁၀"ကြား
(ဌ) သက်ကြီးပု(ဘွန်ဆိုင်း)ပြိုင်ပွဲ ၁၀"အထက်
(ဍ) ပန်းအလှပြင်ပြိုင်ပွဲ
(ဎ) အသီးပါအပင်ပြိုင်ပွဲ
(ဏ) သစ်သီးအလှပုံဖော်ပြိုင်ပွဲ
၃။ ပြိုင်ပွဲဝင်လျှောက်လွှာ၊ စည်းကမ်းချက်များနှင့်အရောင်းဆိုင်ခန်းများကို မြန်မာနိုင်ငံပန်းဝါသနာရှင်များရုံး၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ် ဖုန်း-၀၁-၃၇၉၃၆နှင့် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်ဝိုင်းဝိုင်းမွန် ဖုန်း-၀၉-၅၀၀၄၈၅၅ မြေပဒေသာကျွန်းတို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ ပြိုင်ပွဲဝင်ပန်းပင်များကို ပြိုင်ပွဲရက်မတိုင်မီတစ်ရက်အလို နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်းပြိုင်ပွဲကျင်းပမည့်နေရာသို့ လာရောက်ပေးပို့ရမည်ဖြစ်သည်။မြေယာရှုခင်း (Landscaping)ပြိုင်ပွဲကို ၂၅-၁-၂၀၂၀ရက် နံနက် ၉နာရီမှ ၂၇-၁-၂၀၂၀ရက် ညနေ ၅နာရီအထိ ပြင်ဆင်ရမည်ဖြစ်ပြီး သစ်သီးအလှပုံဖော်ပြိုင်ပွဲကို ၂၇-၁-၂၀၂၀ရက် မွန်းလွဲ ၃နာရီမှ ၅နာရီအထိ ယှဉ်ပြိုင်ရမည်။ ၎င်းအပြင် ပန်းအလှပြင်ဆင်ခြင်းပြိုင်ပွဲကို ၂၈-၁-၂၀၂၀ရက် နံနက် ၄:၃၀နာရီမှ ၆:၃၀နာရီအထိ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြပွဲ၊ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7M/1357၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

ယနေ့ညဟောကြားမည့်ဆရာတော်

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော

# နှစ်သစ်ကူး တရားအလှူတော်မင်္ဂလာ



ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ

ဗန်းမော်ဆရာတော်

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

၁၃၈၁-ခုနှစ်၊ ပြာသိုလဆန်း (၇) ရက်

၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည (၇ : ၃၀) နာရီ

တရားအလှူ ပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးခြေတော်ရင်း၊ ပြည်သူ့ဥယျာဉ်၊ ရန်ကုန်မြို့။




## နှစ်သစ်ဆုတောင်း

စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်အား ယခင်နှစ်များစွာကတည်းက ယနေ့ထိ ငွေ၊ အာဟာရ၊ အဝတ်အထည်၊ ပစ္စည်းအမျိုးမျိုးတို့ကို လှူဒါန်းပေးခဲ့ကြသော အလှူရှင်များအားလည်းကောင်း၊ မီးလောင်မှုဖြစ်ပွားစဉ် ကူညီပေးခဲ့ကြသော ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့် လုပ်သားပြည်သူများအားလည်းကောင်း၊ ဖြစ်ပွားပြီး လှူဒါန်းပေးခဲ့ကြသူများအားလည်းကောင်း၊ မိမိဆေးရုံကိုယ်စား အလှူငွေကောက်ခံပေးပါသော နင်းဆီကုန်းဘိုးဘွားရိပ်သာ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း နှစ်သစ်ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)
လူနာများနှင့်ဝန်ထမ်းမိသားစု

## နှစ်သစ်ဆုတောင်းနှင့် ဂုဏ်ပြုဝမ်းမြောက်လွှာ

ချစ်ခင်လေးစားတန်ဖိုးထားရပါသော ပဲခူးမြို့၊ အထက (၆)နှင့် အထက (၁) ကျောင်းတော်ကြီးများတွင် စဉ်ဆက်မပြတ်တာဝန်ထမ်းဆောင်ကြသော ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများ၊ လုပ်ဖော်ကိုင်ဖက်(ထက်/လယ်/မူပြ)ညီအစ်ကိုမောင်နှမ ဆရာ/မများ၊ မျိုးဆက်သစ်ဆရာ/မများ၊ ရုံးဝန်ထမ်း(ဟောင်း/သစ်များ)၊ ကျောင်းတော်ကြီးများအကျိုးနှင့်အငြိမ်းစား ဆရာ/မများအကျိုးကို ဆောင်ရွက်ပေးကြသော ကျောင်းသား/သူဟောင်းများ၊ တပည့်ကျောင်းသား/သူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသား/သူများအားလုံးတို့သည် နှစ်သစ်မှစ၍ သက်ထက်ဆုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

အသက်၊ ခန္ဓာနှင့် အသိရှိနေစဉ်အတွင်း ချစ်ခင်စည်းရုံးမှုနှင့် နွေးထွေးသော မေတ္တာများရရှိပါသောကြောင့် ကျေးဇူးအထူးတင် ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဒေါ်ခင်စမ်းရည် (၁၉၆၉-၂၀၀၇)
အလယ်တန်းပြ(ငြိမ်း)
အထက (၆)၊ အထက (၁)၊ ပဲခူးမြို့

## နှစ်သစ် မွေးနေ့မင်္ဂလာဆုတောင်း

၁.၁.၂၀၂၀ မင်္ဂလာရက်မြတ်တွင် ကျရောက်သော သမီးလေး မဖြူစင်ချမ်းသာ [**ဒသမတန်း**(စံပယ်ဆောင်)**အ.ထ.က (၁) ဒဂုံ**]၏မွေးနေ့ ရက်မြတ်မှသည်ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာ သက်ရှည်စွာဖြင့် မြတ်ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားများကို လိုက်နာကျင့်သုံးပြီး ငြိမ်းချမ်းသာယာသောဘဝကို တည်ဆောက်နိုင်ပါစေကြောင်း ....

ဖွားဖွားကြီး ဒေါ်စန်းမြင့်နှင့် နှစ်ဖက်ဆွေမျိုးများ

ချစ်ဖေဖေ၊ မေမေ -- သုခမ္မမဏီဇောတရွေးချမ်းသာ+ သုခမ္မသီဂီ၊ သီဟသုခမ္မသီဂီဒေါ်ဥမ္မာမြင့်

ချစ်မောင်လေး -- မောင်ပြည့်စုံချမ်းသာ [Grade VIII (C) အ.ထ.က (၁) ဒဂုံ]

ဝန်ထမ်းများ -- ချမ်းသာအောင်မြင် - Travels & Tours Co.,Ltd

ချမ်းသာအောင်မြင် - ချောင်းသာယာအပျော်စီးသင်္ဘော

**သုခစုစံ** - ပြည်တွင်းပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ၊ **သုခစုစံ** - ဆန်စက်

**သုခစုစံ** - စက်မှုလက်မှုသင်တန်းကျောင်း၊ **သုခစုစံ** - အထူးကုဆေးခန်း

## ပဋ္ဌမအကြိမ်လားရှိုးအသင်း (ရန်ကုန်)နှစ်ပတ်လည် အသင်းသား စုံညီ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

လားရှိုးအသင်း (ရန်ကုန်) မှ ပဋ္ဌမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီ တွေ့ဆုံပွဲ၊ သက်ကြီး ဘိုးဘွားပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တို့ကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လားရှိုးသူ၊ လားရှိုးသားများ အသင်းဝင်ထားပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ ။ ။လှိုင်မင်္ဂလာခန်းမ (ယူနန်ဘုံကျောင်း)
အမှတ် (၂၂ - ဒေ)၊ အောင်ဓမ္မရိပ်သာလမ်း၊
ရန်ကုန် - အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်။
(ကျိုက်ဝိုင်းဘုရားလမ်းဘက်မှသာဝင်၍ရပါမည်။)

နေ့ရက်။ ။ (၄ -၁ -၂၀၂၀) စနေနေ့ (လွှပ်လပ်ရေးနေ့)။

အချိန် ။ ။မွန်းလွဲ (၁ : ၀၀) နာရီ မှ ညနေ (၅ : ၀၀) နာရီထိ။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁။ ဦးစိုင်းခွန်နောင် ၀၉-၅၁၇၇ ၉၅၃
၂။ ဦးအောင်နိုင် ၀၉-၅၁၂ ၇၅၁၈
၃။ ဦးစိုးထွန်းဇော် ၀၉-၄၃၁၁ ၅၆၈၈
၄။ ဒေါ်နန်းမေလီစိုး ၀၉-၅၄၀၀ ၂၄၅
၅။ ဦးစိုင်းအောင်ဌေး ၀၉-၅၁၉၇ ၆၇၂
၆။ ဦးမင်းကိုမျိုးနိုင် ၀၉-၄၄၃၀ ၄၆၉၇၁

အလုပ်အမှုဆောင်အဖွဲ့
လားရှိုးအသင်း (ရန်ကုန်)

## အထက (၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပသော ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၂၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၅၉ မှ ၂၀၁၉ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ကျောင်းအုပ်ကြီးများ၊ ၁၉၅၉-၁၉၈၉ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ၁၉၈၀- ၂၀၁၉ အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ၊ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး စုံညီတွေ့ဆုံကုသိုလ်ယူပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

### အာစရိယပူဇော်ပွဲ ကျင်းပမည့်အစီအစဉ်

| | | |
|---|---|---|
| ကျင်းပမည့်အချိန် | - | မွန်းလွဲ ၁:၀၀နာရီတိတိ |
| ကျင်းပမည့်ရက် | - | ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်နေရာ | - | အထက (၁) မြတ်ခရေခန်းမ |

### အလှူငွေများထည့်ဝင်လှူဒါန်းရန်

| | | | |
|---|---|---|---|
| ဒေါ်ဆောင်းသီတာ | ဖုန်း-၀၉-၅၀၀၄၃၁၉ | ဦးတင်စိုး | ဖုန်း-၀၉-၅၀၉၀၃၉၄ |
| ဦးအောင်မြင့်ကြည် | ဖုန်း-၀၉-၅၁၅၇၈၆၁ | ဦးဝင်းနိုင် | ဖုန်း-၀၉-၅၁၂၉၁၀၂ |
| ဦးထွန်းထွန်းဦး | ဖုန်း-၀၉-၅၀၀၉၈၉၇ | ဦးရဲမင်းနိုင် | ဖုန်း-၀၉-၂၅၄၅၄၄၀၁၁ |
| ဦးမျိုးဆွေ | ဖုန်း-၀၉-၅၀၀၉၇၅၇ | ဦးကြည်ထွန်း | ဖုန်း-၀၉-၂၅၄၀၀၅၅၃၆ |
| ဒေါ်ဝင်းမာထွန်း | ဖုန်း-၀၉-၅၀၉၆၇၀၄ | ဒေါ်ငြိမ်းမွန်မွန်နွယ် | ဖုန်း-၀၉-၉၇၉၆၁၁၄၇၈ |
| ဒေါ်အေးအေးမူ | ဖုန်း-၀၉-၄၂၀၃၀၆၉၃၈ | | |

(၂၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(ကျိုက်ထီးရိုးတိုးချဲ့)၊ ဦးပိုင်အမှတ် (၉၃)၊ မြေချိန်ဧရိယာ ၀ဒသမ၀၃၇ဧကရှိ မြေကွက်အား ဒေါ်နန်းခင်ယုံ ၁၃/သနန(နိုင်)၀၀၂၀၂၂ အမည်ဖြင့် ၁၀-၈-၂၀၀၄ရက်တွင် စိတ္တာသုခဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းအတွက် အလှူငွေ ဖြတ်ပိုင်းအမှတ် ၀၀၀၄၇၃၄ ဖြင့် ငွေကျပ် (၁၅၀၀၀၀)အား ပေးသွင်းခဲ့သဖြင့် စိတ္တာသုခကျောင်းထိုင် ဘုန်းကြီးမှ ချထားပေးခဲ့ပါကြောင်း အဆိုပါ မြေကွက်အားရရှိသူ ဒေါ်နန်းခင်ယုံမှ အသစ်လျှောက်မြေငှားဂရန်ရရှိရေး လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၃၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(ကျိုက်ထီးရိုးတိုးချဲ့)၊ ဦးပိုင်အမှတ် (၉၀)၊ မြေချိန်ဧရိယာ ၀ဒသမ၀၅၃ဧကရှိ မြေကွက်အား ဒေါ်နန်းခင်ထားရီ ၁၃/သနန(နိုင်)၀၀၂၂၀၈ အမည်ဖြင့် ၁၀-၈-၂၀၀၄ ရက်တွင် စိတ္တာသုခဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းအတွက် အလှူငွေဖြတ်ပိုင်းအမှတ် ၀၀၀၄၇၃၃ ဖြင့် ငွေကျပ် (၁၅၀၀၀၀)အား ပေးသွင်းခဲ့သဖြင့် စိတ္တာသုခကျောင်းထိုင်ဘုန်းကြီးမှ ချထားပေးခဲ့ပါကြောင်း အဆိုပါမြေကွက်အားရရှိသူ ဒေါ်နန်းခင်ထားရီမှ အသစ်လျှောက်မြေငှားဂရန်ရရှိရေး လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၃၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သူရအောင် ၈/မသန (နိုင်)၁၂၇၁၈၇၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၇၄၁၈၅၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေယံဖြိုး ၈/နမန (နိုင်) ၂၁၂၀၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၀၂၈၈၂၀

## ပတ်စ်ပို့ပျောက်


ကျွန်တော် မောင်ချစ်ကို ၈/တတက (နိုင်) ၁၉၉၂၇၁၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

## အမည်ပြောင်း

ကမာရွတ်မြို့နယ်နေ ဦးတိုးလင်းခန့် ၅/မရန(နိုင်)၀၀၉၄၂၇၏ သမီး လင်းလက်ကြယ်စင်အား လင်းကြယ်စင်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း
မိုး
၀၁-၄၀၀၆၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀
၂၁ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေလမ်းဆုံမီးပွိုင့်အနီး၊ရန်ကုန်မြို့။



လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က ပျူခေတ်ကို အိပ်မက် ...မက်နေသော စိတ်လှုပ်ရှားဖွယ် ဦးဇင်းတစ်ပါး၏အကြောင်း ရေးဖွဲ့ထားသည့် လုံးချင်းဝတ္ထုသစ်။

### ရဝေနွယ်(အင်းမ)

ကောင်းကင်ကြီးကို မော့မော့ကြည့်နေသူ
ဦးဇင်းတစ်ပါးအကြောင်း

ထွက်ပြီ

တန်ဖိုး-၆၀၀၀ကျပ်

မြန်နှိုရေး- ၀၉- ၂၅၇ ၂၅၂၅၇၇၊ ပင်ရင်း- ဖုန်း-၀၉-၇၃၀ ၂၆၆၇၄၊ ၀၉-၇၃၁ ၀၃၆၃၄

## နှစ်သစ်ဆုတောင်းလွှာ

ခရစ်နှစ် ၂၀၂၀ ခုနှစ်သည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာရပ်ဝန်းရှင်လူပြည်သူပြည်သားအားလုံးအတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ လိုအင်ဆန္ဒများနှင့် ပြည့်ဝနိုင်သော နှစ်သစ်ဖြစ်ပါစေ။

သွားနှင့်ခံတွင်းရောဂါကင်း သင်၏ကျန်းမာခြင်း
သီတာမြိုင်
သွားနှင့်ခံတွင်း ရောဂါကုဆေးခန်း
အမှတ် (၃၃၉)၊ ၈၁ လမ်း၊ ၂၈x၂၉ လမ်းကြား၊ ဗဟိုမီးသတ်အနီး၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၅၆၂၃၅၁၂၈၊ ၇၉၇၃၈၉၄၄၈

ဂုဏ်ရည် ® အမှတ်တံဆိပ်

# ဂုဏ်ရည်ဆေးတိုက်မိသားစုမှ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

Merry Christmas

(၁.၁.၂၀၂၀) တွင် ကျရောက်သော မင်္ဂလာနှစ်သစ်မှသည် ဂုဏ်ရည်တိုင်းရင်းဆေးကို အားပေးမှီဝဲစားသုံးကြသော ရဟန်းသံဃာတော်၊ ဆရာသမား၊ မိဘပြည်သူ၊ ညီအကိုမောင်နှမ၊ မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သောသူများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပြီး၊ ဆုတောင်းဆန္ဒများ ပြည့်ဝရုံသာမက၊ မျှော်လင့်မထားသော ဆုကျေးဇူးများပါ ရယူပိုင်ဆိုင်ကြပါစေကြောင်း ဂုဏ်ရည်ဆေးတိုက်မိသားစုမှ ကျေးဇူးတင်ရှိစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။





ဂုဏ်ရည်တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေးနှင့်ကုသရေးမိသားစု

## ကုမ္ပဏီအမည်ပြောင်းလဲခြင်း

Grand Guardian Life Insurance Co., Ltd. သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ (၂၄.၁.၂၀၁၉) ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၅၈၉၆၉၅၄ ဖြင့် မှတ်ပုံတင်ခဲ့ပြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပေးခဲ့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ် (၀၀၂)ဖြင့် အသက်အာမခံလုပ်ငန်းအမျိုးအစားများကို ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ Grand Guardian Life Insurance Co., Ltd. နှင့် ဂျပန်နိုင်ငံမှ Nippon Life Insurance Co., Ltd.တို့အား အာမခံလုပ်ငန်း ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ကို (၂၈.၁၁.၂၀၁၉)ရက်စွဲပါ License No.JVL – 003ဖြင့် ခွင့်ပြုခဲ့ပြီး Grand Guardian Nippon Life Insurance Co., Ltd. နာမည်ဖြင့် အသက်အာမခံလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ Grand Guardian Life Insurance Co., Ltd. ကို (၂၈.၁၁.၂၀၁၉) ရက်နေ့မှစ၍ Grand Guardian Nippon Life Insurance Co., Ltd. ဖက်စပ်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ ယခင်အာမခံဝယ်ထားသည့် အာမခံပေါ်လစီများအတွက် အကျိုးခံစားခွင့်နှင့်စည်းကမ်းချက်များမှာ ယခင်အတိုင်း အပြောင်းအလဲမရှိကြောင်း နှင့် အသက် အာမခံလုပ်ငန်းများအား အကောင်းဆုံးဝန်ဆောင်မှုများ ဆက်လက်ပေးအပ်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မင်္ဂလာရှိသော ၂၀၂၀ နှစ်သစ်မှသည် Grand Guardian Nippon Life Insurance ၏ Customer များ နှင့်တကွ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

GGI NIPPON LIFE
အသက်အာမခံ

Grand Guardian Nippon Life Insurance Co., Ltd (ရုံးချုပ်)
အမှတ်(၁၁၀၄ - ၀၆)၊ ၁၁ လွှာ၊ ခရစ်(စ်)စတယ် တာဝါ၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပတ် - ၀၉ ၄၀၀၀၈ ၁၀၀၃၊ ၀၉ ၄၀၀၀၈ ၁၀၀၄
အီးမေးလ် - CustomerCare@gginipponlife.com
ဝက်ဘ်ဆိုက် - www.gginipponlife.com

Securing Your Future
လုံခြုံကြယ်ဝ သင့်အနာဂတ်ဘဝ

## ကျေးဇူးတင်လွှာ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
### အောင်သုခယောဂီ
### ဒေါ်လှရင်(ခ)ဒေါ်မလေး
### ငပလီ
### အသက်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေမြို့နေ(ဦးညီမောင်-ဒေါ်ခိုရင်)တို့၏သမီး၊ (ဦးသန်းမောင်-ဒေါ်မြကြည်)၊ ဦးသန်းမြင့်-ဒေါ် ခင်ထွေးတို့၏ညီမ၊ ဦးမြင့်လှိုင် (၂၀၁၁/၂၀၁၅)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(Memento Resort, Thiri Yeik Mon Guest House, Rakita Thiha Construction Co.,Ltd)၏ဇနီး၊ ဦးဖိုးရီအောင်-ဒေါ်တင်စန္ဒာလှိုင်၊ ဦးရဲမာန်ဝင်း-ဒေါ်တင်တင်လှိုင်၊ ဒုတိယရဲမှူး ကြီးသစ်ဆန်း-ဒေါ်ကေသီဦးတို့၏မိခင်၊ မသီရိစံ၊ မောင်စံကောင်းမြတ်၊ မမေထက်ထက်ခိုင်၊ မပိုးသစ်သစ်ဦး၊ မဆုလဲ့ပိုင်တို့၏အဘွား၊ (ဦးသက်ဦး)-ဒေါ်ညွှန့်ညွှန့်မေ(ခ)ဒေါ်ခင်မေသွယ်၊ ဦးမောင်မောင်ကြီး-ဒေါ်ရီရီဝင်း၊ ဦးအောင်နိုင်ဦး-ဒေါ်ပပလှိုင်၊ တူ/တူမ(၃၃)ယောက်တို့၏အဒေါ်ဖြစ်သူ ဒေါ်လှရင်(ခ)ဒေါ်မလေးအား ငပလီသုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အောင်သုခဓမ္မရိပ်သာ(ပြည်တောရ)မှဆရာတော်နှင့် ယောဂီများ၊ သီလရှင်ဆရာကြီးနှင့်သီလရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ တန်းလွဲရွာမတောင်ကုတ်တို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနအခမ်းအနားအား ပြင်ဆင်ဆောင်ရွက်ပေးကြသော ငပလီမြို့နာရေးကူညီမှုအဖွဲ့နှင့် ရက္ခိတသီဟဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာနှင့်ဝန်ထမ်းများ၊ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာတွင် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲခြင်းထည့်သွင်းပေးပို့ကြသည့် စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ သူငယ်ချင်းမိသားစုများ၊ အထက ငပလီကျောင်းသား/သူဟောင်းများ၊ MYANMAR TN GROUP၊ လိုအပ်သည်များကူညီထောက်ပံ့ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပန်းခြင်းပေးပို့သူများနှင့်လူမှုကွန်ရက်တွင် နှစ်သိမ့်အားပေးမေးမြန်းကြသော မိတ်ဆွေအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၃၀/ ကြပ်ပြင်ကြီးကွင်း၊ ဦးပိုင်အမှတ် (N-12)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဒေါ်ရီရီသင်း(ဘ)ဦးတင်ဆောင် ၉/လဝန(နိုင်)၂၀၀၁၆၄မှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်မူရင်းများ တင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့် ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ၊ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5339 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5639 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြင်ဦးလွင်)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဦးခင်ဆွေ(ခ)ဦးခင်ရွှေ

### ဒုအရာခံဗိုလ်(ငြိမ်း) က.ပ.စ(၁၀)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၈)ရပ်ကွက်၊ခတ္တာလမ်း၊ အမှတ် ၉၆၅နေ ဒေါ်ခင်မာရီ(က.စ.လ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမျိုးဇော်-ဒေါ်ဥမ္မာခင်၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ဝင်းတင်၊ ဦးသန်းထိုက်လူ-ဒေါ်နီလာခင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မယွန်းဝသန်လူ(ဂျူဂျူး)၊ မောင်ဘုန်းမြတ်သူတို့၏ချစ်လှစွာသောအဘိုးသည် ၃၁-၁၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်၌ တရားနာရေစက်ချ၍ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန္ဒာသွင်

### လက်ထောက်မန်နေဂျာ(ငြိမ်း)
### သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ F-71၊ ရွှေစံပယ်(၆)လမ်း၊ FMI CITY နေ (ဦးမြသွင်)-ဒေါ်စိုးစိုးအောင်တို့၏သမီး၊ (ဦးကျော်ဝင်း)-ဒေါ်အေးမြင့် တို့၏သမီးချွေးမ၊ မစုမြတ်ဇော်မွန်၊ မောင်အောင်ခန့်တို့၏မိခင်၊ ဦးဇော်မွန်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်စန္ဒာသွင်သည် ၃၁-၁၂-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးတင့်ဆန်း

### အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)
### ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်မြို့
### အသက်(၄၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၂၂)လမ်းနေ (ဦးမြင့်သောင်း)-ဒေါ်စန်းစန်းငြိမ်းတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရိုဂါရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် ၆၁ နေ (ဦးတင်ထွန်း-ဒေါ်ထွေးထွေး)တို့၏ သားသမက်၊ ဒေါ်ခင်နွယ်ထွန်း[အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂) ]၏ ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၁၂-၂၀၁၉ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် သန်လျင်မြို့နယ်၊ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀(၁))
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၈၀၈

| | | |
|---|---|---|
| ဒေါ်ဟွမ်လွန် | နှင့် | ၁။ ဦးကျော်အေးလှ<br>၂။ ဦးညိုအောင် |
| တရားလို | | တရားပြိုင်များ |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်(၈၉-၂၇)နေ(၁)တရားပြိုင် ဦးကျော်အေးလှ(ဘ)ဦးသာထွန်းလှနှင့် (၂)တရားပြိုင် ဦးညိုအောင်(ဘ) ဦးဖေသာအောင် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်ဟွမ်လွန်ကကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၇ရက် (၁၃၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ဒေါ်ခင်မြ(ပျဉ်းမနား)

### အသက်(၉၉)နှစ်

ပျဉ်းမနားမြို့နေ (ဦးစံလှ-ဒေါ်သန်း)တို့၏သမီး၊ (ဦးသွင်-ဒေါ်တင်)၊ (ဦးဇင်-ဒေါ်ခင်ခင်အေး)တို့၏ညီမ၊ ယခင် တိုက်-၇/၁၃ လမ်းသစ်ရိပ်သာနေ (ဦးသောင်းတင်-စသုံးလုံးအထူးတရားသူကြီး-ငြိမ်း)၏ဇနီး၊ ဦးခင်မောင်သောင်း(ဘာသာ ပြန်-ငြိမ်း၊ အင်ဒိုနီးရှားသံရုံး)-ဒေါ်ဒိုရင်းသောင်း(အင်္ဂလိပ်စာပါမောက္ခ-ငြိမ်း)၊ ဦးစိုးမြင့် (ဒုတိယအယ်ဒီတာချုပ်-ငြိမ်း၊ စာပေဗိမာန်)-ဒေါ်ခင်မေသောင်း (အထက-၁ လမ်းမတော်/စိန့်ဂျွန်း-ငြိမ်း)၊ ဒေါ်ခင်မာသောင်း(ကစလ-ငြိမ်း)တို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၁၂-၂၀၁၉ရက် မွန်းလွဲ ၁:၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁-၂၀၂၀(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ အမှတ်-၁၆၀/က ရန်နိုင်လမ်းသွယ်(၈)၊ ရန်ကင်းနေအိမ်မှကားများ နံနက် ၉:၁၅နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးအောင်ထွန်းစိန်(မောင်တော)
### အသက်(၉၂)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ကပ္ပကောင်းကျေးရွာနေ (ဦးညိုပေါ်ရီ-ဒေါ်စိုးဖြူ)တို့၏သား၊ (ဦးစံလှဖြူ-ဒေါ်စံသာန)တို့၏သားသမက်၊ ရွှေဘုန်းပွင့်ဆရာတော် ဦးဖြဟ္မာသီရိ၏ အစ်ကို၊ (ဒေါ်သန္တာဦး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ဘထွန်း)-ဒေါ် သိန်းသိန်း၊ ဒေါ်ခင်ဝင်း-(ဦးမောင်ကြီး)၊ ဦးမောင်ညွှန့်ဦး-ဒေါ်ခင်မေ၊ ဒေါ်ဝိုင်းမေ-ဦးကျော်သောင်း၊ ဦးအေးမောင်၊ ဒေါ်ဖြူမေ(ဒေါ်လှလှ ခင်)-ဦးဦးရွှေမောင်၊ ဦးအောင်ဖုံဝေ-ဒေါ်လှမြအေး၊ ကိုအောင်သန်း၊ ဦးအောင်ညွှန့်လှိုင်-ဒေါ်ကြည်ကြည်ဝင်း၊ မြေးအယောက် ၂၀၊ မြစ် တစ်ယောက်တို့၏ အဘိုးရှင်သည် ၃၀-၁၂-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄:၂၀နာရီတွင် ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၃၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားရှေ့မှ မွန်းလွဲ ၁နာရီ၊နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်အေးကြည်

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာသီရိလမ်း၊ တိုက်(၃၆)၊ အခန်း(၁၀၁)နေ (ဦးတင်နု)(သစ်တောဦးစီးဌာန)၏ဇနီး၊ ဦးစိုးမြင့်အောင်(ဒု-ညွှန်မှူး-ငြိမ်း၊ သတ္တုတွင်း)-ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးစိုးတင့်အောင်(လ/ထညွှန်မှူး-ငြိမ်း၊ သစ်တောဦးစီး)-(ဒေါ်ဥမ္မာ)၊ ဦးစိုးညွှန့်အောင်(Chief Audio Executive ဧရာ ရွှေဝါ)-ဒေါ်ဖြူဖြူ၊ ဒေါ်အေးအေးနု(အလပြ၊ ငြိမ်း)၊ ဦးမြင့်ဦး(ပါ မောက္ခချုပ်၊ သစ်တောတက္ကသိုလ်၊ ငြိမ်း)-ဒေါ်ငွေငွေနု၊ ဦးသက်ထွန်း(Golden 5, Trading Co.,Ltd)-ဒေါ်မော်မော်အောင်၊ ဦးရဲထွဋ်အောင်(တက်လမ်းကုမ္ပဏီလီတက်)-ဒေါ်ခင်သီရိသိမ့်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၁၂-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄:၂၀နာရီတွင်ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတ ရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးရွှေမောင်(စလင်းမြို့)
### ဆည်မြောင်းအင်ဂျင်နီယာ(ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးရိပ်သာလမ်း၊ ခြံအမှတ်(၂)နေ (ဒေါ်တင်တင်လေး)၏ခင်ပွန်း၊ ဒေါက်တာခင်ကြီးမောင်(သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးဖိုးသာရောက်(ဆ/မ စက်မှု)-ဒေါ်ခင်ချိုဝင်း(ဆ/မ)၊ ဦးသောင်းရင် (Mottama Holding Limited)-ဒေါ်အေးအေးရွှေမောင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရန်ကုန်)၊ ဦးသက်ဆွေလွင်(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်ဝင်းမြင့်မောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မရွှေမဒီခင်၊ မရွှေနန္ဒာခင်၊ မောင်သက်ထူးအောင်၊မောင်ပြည့်ဖြိုးသောင်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၉-၁၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁:၂၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး HDU၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ရီရီမြင့် အထပြ(ငြိမ်း)

### အထက(၁)၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
### အသက်(၆၀)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊(၁၈)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၆၂)နေ (ဦးစန်းရှိန်)(စာတိုက်မှူးကြီး- ငြိမ်း)-ဒေါ်သန်းညွှန့် တို့၏သမီးကြီး၊ အရှင်ဦးစာရိန္ဒ(ဖားအောက်တောရရိပ်သာ၊မော်လမြိုင်)၏ အစ်မတော်၊ ဦးမျိုးမြင့်ရှိန်-ဒေါ်နန်းအေးခေါင်(မူဆယ်မြို့)၊ဦးအောင်မင်းရှိ-ဒေါ်တင်တင်စိုး(နေပြည်တော်)၊ ဒေါ်မူမူရှိန်(လဝကမှူး၊ တောင်ငူမြို့နယ်၊ လဝကရုံး)၊ဒေါက်တာဖြူဖြူရှိန်(ပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဒေါ်ခိုင်လေးမြင့်ရှိန်(ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်ကေသီမြင့်ရှိန်(ဘဏ်ခွဲဒုတိယမန်နေဂျာ၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊တောင်ငူမြို့)၊ ဒုရဲအုပ်မင်းသိန်းထက် (မှူခင်းမှတ်တမ်း ဌာနစိတ်တာဝန်ခံ၊ ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ခင်ကျော်ကျော်ရှိန်တို့၏ အစ်မကြီး၊ မောင်နန္ဒမျိုးမြင့်ရှိန်၊ မစန္ဒီမျိုးမြင့်ရှိန်၊ မရွှေရည်ပြည့်ပြည့်မင်းရှိန်တို့၏ ကြီးကြီးသည် ၃၁-၁၂-၂၀၁၉ရက် နံနက် ၀၀:၄၅ နာရီတွင် တောင်ငူမြို့ကေတု အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ ပေါ်ရိသာရသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်ရန်ရှိ/မရှိ ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၃-ဘီ)၊ ဦးပိုင်အမှတ်(၄၆၇)၊ ကွင်းအမည်(မြို့မအနောက်ရပ်)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကို ကြံခင်းမြို့၊ မြို့မရပ်ကွက်၊ ဘိုးရာဇာလမ်းနေ ဒေါ်ခင်မာကြည်မှ လူနေအိမ်အသုံးပြုရန်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ အကျိုးသက်ရောက်ပိုင်ဆိုင်သူများသည် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှရက်(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြံခင်းမြို့**

## ဒေါ်မြင့်ကြည်

### ငါးသိုင်းချောင်း(ကညင်ငူ)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးအရှေ့ရပ်ကွက်၊ အမှတ်(၉၁)၊ ၉၄လမ်း၊ ပထမထပ်နေ (ဦးသူငယ်-ဒေါ်အေးခင်)တို့၏သမီး၊ (ဦးသိန်းတင်)၊ (ဦးအုန်းကြိုင်-ဒေါ်ခင်ကြည်)၊ (ဦးမြလှိုင်-ဒေါ်စောကြည်)တို့၏ညီမ၊ တူ၊ တူမ ၁၀ယောက် တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်မြင့်ကြည်သည် ၃၁-၁၂-၂၀၁၉ရက် မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ကြည်
### အသက်(၉၀)

သူငယ်ချင်း ကိုခင်မောင်ဝင်း၏ ကျေးဇူးရှင် ဖခင်ကြီး ဦးတင်ကြည်သည် ၂၇-၁၂-၂၀၁၉ရက် ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၂၄)မှ**
**သူငယ်ချင်းများ**

## မင်းဘူးမြို့နယ်အသင်း

### ဒေါ်စောညွှန့်ဝေ(ကထိက-ငြိမ်း၊ သမိုင်းဌာန)
### အသက်(၈၉)နှစ်

မင်းဘူးမြို့နေ (ဦးသိန်းဖေ-ဒေါ်တင်ရီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၀၀၁)၊ သာခုအိမ်ရာနေ (ဦးတင်အောင်)-ဒေါ်စောလှမူ၊ ဦးသန်းထွန်း၊ ဒေါ်ခင်နွဲ့ရီ၊ ဒေါ်ငွေငွေလွင်၊ (ဦးမြင့်သိန်း)၊ ဒေါ်ခင်ခင်အေး-ဦးအေးလင်း၊ ဒေါ်လွင်လွင်ချိုတို့၏အစ်မကြီး၊ ဒေါက်တာအောင်ဆန်းမင်း(ဂန့်ဂေါခရိုင်ဆရာဝန်ကြီး)-ဒေါ်သူဇာမော်၊ (ကိုအောင်ကသိန်း)တို့၏အဒေါ်ကြီး၊ မောင်ရှင်းခန့်ကို၊ မဆုသံစဉ်ထက်၊ မောင်သတို့လကျ်ာတို့၏ဘွားဘွားကြီး ဒေါ်စောညွှန့်ဝေ(ကထိက၊ ငြိမ်း၊ သမိုင်းဌာန)သည် ၃၁-၁၂-၂၀၁၉ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးရွှေမောင်(စလင်းမြို့)
### ဆည်မြောင်းအင်ဂျင်နီယာ(ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးရိပ်သာလမ်း၊ အမှတ်(၂)နေ (ဒေါ်တင်တင်လေး)၏ခင်ပွန်း ဦးရွှေမောင်သည် ၂၉-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁:၂၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်း နည်းကြေကွဲရပါသည်။

**သတ္တဗေဒမိသားစု၊ ရန်ကုန်တက္ကသိုလ်**

## ဒေါက်တာခင်မူအေး

### (BRENDA GYI)
### B.V.S (၁၉၇၀-၁၉၇၇ Batch)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၀၂)နေ (ဦးကိုကြီး-ဒေါ်သောင်းတင်)တို့၏သမီးကြီး၊ တပ်ကုန်းမြို့နေ (ဦးလှမောင်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဒေါက်တာတင်အောင်မြင့်(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မွေးမြူရေး၊အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ဦးစိုးမိုးအောင်-ဒေါ်ရွှေစင်အောင်၊ ဦးပြည့်စုံအောင်-ဒေါက်တာဖြိုးအိသိန်း၊ ဦးသူရိန်အောင်-ဒေါက်တာကလျာဆွေ၊ ဦးစည်သူအောင်-ဒေါ်ခိုင်ခိုင်ဇော်ဝင်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ငါးယောက်တို့၏အဘွား ဒေါက်တာခင်မူအေးသည် ၃၁-၁၂-၂၀၁၉ရက် နံနက် ၁၁:၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## U Awn Tual

### ဦးအွန်တူဝဲလ်
### ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား)
### ပညာရေးဌာန၊ ချင်းပြည်နယ်
### အသက်(၆၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ကျေးရွာနေ U Pum Kam- Daw Huai Kho Cing တို့၏သားထွေး၊ (U Ngo Nay),Daw Cing Za Vong, (D' Cingh Paw),Daw Thawg Za Dim, (Daw Thian Cing), (U Thawng Cin Mang), Daw Ngo Kang Cing, (U Lian Za Thawng),(U Vum Za Cin Khai)တို့၏ညီ/မောင်၊ ဟားခါးမြို့၊ ၈၅၁/၁၂၀၇၊ ချယ်ရီလမ်း၊ဈေးသစ်ရပ်နေ Daw Dim Mang ၏ ခင်ပွန်း၊ U Nang Khan Khual -Daw Cing Lun Pau (Australia),Ko Kam Suan (အကြီးတန်းစာရေး၊ ခရိုင်တရားရုံး၊ မင်းတပ်)၊Ma Cing Huai Kim (သူနာပြု၊ ပြည်သူ့ဆေးရုံ၊ ကလေးမြို့)၊Ma Dim Cingh Ciang (ပထမနှစ်၊ GTI ဟားခါး)၏ချစ်လှစွာသောဖခင် သည် ၃၁-၁၂-၂၀၁၉ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ဟားခါးမြို့၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်အခမ်းအနား သုံးရက်တိုင်တိုင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်အခမ်းအနားကို ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းပြည်သူ့ဥယျာဉ်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့) မှ ဇန်နဝါရီ ၃ ရက် (သောကြာနေ့)အထိ သုံးရက်တိုင်တိုင် ညစဉ် ည ၇ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဇန်နဝါရီ ၂ ရက် (ကြာသပတေးနေ့)တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ နှင့် ဇန်နဝါရီ ၃ ရက် (သောကြာနေ့) တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့ နှစ်သစ်ကူးတရားရေအေး အမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အင်းလျားကန်ပေါင်ပေါ်တွင် ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကိုကြိုဆိုမည့် ပြည်သူများဖြင့် စည်ကား

ရန်ကုန် ဒီဇင်ဘာ ၃၁

ယနေ့ညသည် ၂၀၁၉ ခုနှစ်၏ နောက်ဆုံးညဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွက် ပထမဆုံးနေ့ရက်လည်းဖြစ်သည့်အတွက် နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကိုကြိုဆိုရန်အတွက် ရန်ကုန်မြို့ ပြည်လမ်းအင်းလျားကန်ပေါင်ပေါ်သို့ လူငယ်လူရွယ်များ ညနေပိုင်းမှစ၍ တဖွဲဖွဲရောက်ရှိလာကြသည်။

ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ဦးစ၊ နှစ်ဦးမှစ၍ ကျောင်းနေဖက်သူငယ်ချင်းများ၊ အိမ်နီးချင်းသူငယ်ချင်းများ၊ လမ်းအတွင်း ခင်မင်သော သူငယ်ချင်း၊ အလုပ်လုပ်ရာမှ ရင်းနှီးသောသူငယ်ချင်းများ၊ လူမှုအကျိုးပြုလုပ်ငန်း ပရဟိတအဖွဲ့အစည်းများအတွင်း တွဲဖက်လုပ်ကိုင်သော သူငယ်ချင်း၊ အပေါင်းအဖော်အုပ်စုများ အလိုက် လာရောက်လျက်ရှိကြသည်ကို တွေ့မြင်ရသည်။ ယခုနှစ်တွင် လူလတ်ပိုင်းနှင့် လူကြီးပိုင်းများ အလာနည်းသည်ကို တွေ့ရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖



ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်ပေါင်ပေါ်တွင် ၂၀၂၀ ပြည့် နှစ်သစ်ကိုကြိုဆိုမည့် ပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အာကာစိုး

# နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့သို့ နိုင်ငံတကာနှစ်သစ်ကူးအကြိုရုံးပိတ်ရက် လာရောက်လည်ပတ်သူများဖြင့် စည်ကား



နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်သူများ ဆင်အစာကျွေးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- သီဟစည်သူ

နေပြည်တော် ဒီဇင်ဘာ ၃၁

နိုင်ငံတကာ နှစ်သစ်ကူးအကြိုကာလဖြစ်သည့်အပြင် ကျောင်းသူ ကျောင်းသားများ ဒီဇင်ဘာကျောင်းပိတ်ရက်ကာလဖြစ်သည့်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့သို့ ယနေ့ နံနက်ပိုင်းမှစ၍ လာရောက်လေ့လာလည်ပတ်သူများ ပိုမိုများပြား စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့မှာတော့ နိုင်ငံတကာ နှစ်သစ်ကူးအကြိုနေ့ ရုံးပိတ်ရက်ကာလဖြစ်တဲ့အတွက် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကို လာရောက်လည်ပတ်တဲ့သူတွေ ပိုပြီးတော့ များပါတယ်။ အခုညနေပိုင်းအထိဆိုရင် ကလေး၊ လူကြီးအားလုံးပေါင်း ၁၁၀၀ ကျော်လောက် လာရောက်လည်ပတ်ကြပါတယ်၊ ပုံမှန်ရုံးဖွင့်ရက်၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻


ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ ၂၀၂၀ ပြည့်နှစ်သစ်ကူး ဆုတောင်းစကား

စာ » ၇

ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး

စာ » ၁၃

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ သမိုင်းဝင်အပြောင်းအလဲများနဲ့ ထူးခြားခဲ့တဲ့ ၂၀၁၉

စာ » ၁၅



## ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီ အားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာများ၊ မိတ်ဆွေများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ခရစ်နှစ် ၂၀၂၀ပြည့်နှစ် နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်မြို့နဲ့ ခရီးသွားလုပ်ငန်း

မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–ခင်ဇွန်ဇာလင်း

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ ဝင်ရောက်လာမှုကို ကြည့်နေမိပါတယ်။ တစ်ဦးချင်း လာရောက်သူတွေရှိသလို အုပ်စုလိုက် ဝင်ရောက်လာတဲ့ ပြည်ပခရီးသွားဧည့်သည်တွေကိုလည်း တွေ့မြင်နေရပါတယ်။ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်လို့ ခေါ်ဝေါ်နေကြတာနဲ့အညီ နိုင်ငံတကာမှ ခရီးသွားဧည့်သည်တွေဟာ လေကြောင်းခရီးစဉ်ရော ရေကြောင်းခရီးစဉ်နဲ့ပါ လာရောက်လည်ပတ်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့ ပြည်ပခရီးသွားဝင်ရောက်တဲ့ အဓိကဝင်ပေါက်တစ်ခုအဖြစ်လည်း တည်ရှိနေပါတယ်။

နိုင်ငံတကာမှ ခရီးသွားဧည့်သည်တွေ သွားလာမှုလွယ်ကူအောင် ဗီဇာပိုင်းဆိုင်ရာ ဖြေလျှော့ပေးသလို စီးပွားရေးလုပ်ငန်းရှင်တွေအတွက်လည်း ရင်းနှီးမြှုပ်နှံမှုလွယ်ကူအောင် နိုင်ငံတော်အစိုးရနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ကစပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါတယ်။

## နိုင်ငံခြားသားဧည့်သည်တွေတိုးလာ

"မြန်မာနိုင်ငံကို လေကြောင်းနဲ့ ဝင်ရောက်လာတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ အများစုဟာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကလည်း ဝင်ပါတယ်။ ဒ့ါအပြင် အပျော်စီးသင်္ဘောတွေလည်း သီလဝါဆိပ်ကမ်းကလည်း ဝင်ရောက်ပါတယ်။ သင်္ဘောစင်းလုံးလိုက် နိုင်ငံခြားသားဧည့်သည်တွေ လိုက်ပါလာတဲ့ သင်္ဘောကြီးတွေ သီလဝါဆိပ်ကမ်းမှာ ဆိုက်ကပ်ဝင်ရောက်တာဖြစ်ပါတယ်။ ရန်ကုန်မြို့ကို တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်လာတဲ့ နိုင်ငံခြားသားဧည့်သည်တွေကို နှိုင်းယှဉ်ကြည့်တဲ့အခါ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်မှာ အလားတူ ကာလနှိုင်းယှဉ်တဲ့အခါ ၂၆ ရာခိုင်နှုန်း တိုးတက်လာတာတွေ့ရပါတယ်" လို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောပါတယ်။

ရန်ကုန်မြို့ဟာ ရှေးဟောင်းမြို့ပြအမွေအနှစ်အဆောက်အဦတွေ၊ ရွှေတိဂုံနဲ့ အခြားတန်ခိုးကြီးဘုရားစေတီတွေ၊ အပန်းဖြေပန်းခြံတွေ၊ အခြားစိတ်ဝင်စားဖွယ်ရာ နေရာမျိုးစုံရှိတဲ့အပြင် ဗီဇာဖြေလျှော့မှုတွေကြောင့် ၂၀၁၉ ခုနှစ် ပထမကိုးလတာကာလမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အသုံးပြုသူခရီးသည်ဦးရေဟာ ၄ ဒသမ ၆ သန်းအထိ မြင့်တက်ခဲ့ပါတယ်။ ဒါဟာ ၂၀၁၈ ခုနှစ် ပထမကိုးလတာကာလမှာ လေဆိပ်အသုံးပြုသူဦးရေ ၄ ဒသမ ၃၂ သန်းထက် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာတယ်လို့ Yangon Aerodrome Company(YACL)မှ ထုတ်ပြန်တဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

ဒါဟာ ခရီးစဉ်သစ်တွေ တိုးချဲ့ပျံသန်းပြေးဆွဲမှု၊ တရုတ်ခရီးသွားဈေးကွက်မှ ခရီးစဉ်တွေ တိုးချဲ့ပျံသန်းပြေးဆွဲမှုများကြောင့် ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ၁၀ လပိုင်းမှ ၂၀၁၉ ခုနှစ် ၁၀ လပိုင်းအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လေကြောင်းလိုင်းသစ်သုံးလိုင်းနဲ့ ခရီးစဉ်သစ် နှစ်ခုတို့ တိုးချဲ့ပြေးဆွဲနေပါတယ်။ ဒါကြောင့်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာအထိ နိုင်ငံတကာလေကြောင်းလိုင်း ၃၅ ခုမှ အာရှဒေသအတွင်း နိုင်ငံပေါင်း ၁၂ နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံနှစ်နိုင်ငံတို့ရဲ့ မြို့ပေါင်း ၃၃ မြို့ကို ချိတ်ဆက်ပျံသန်းနေပါတယ်။

ဂျပန်၊ ထိုင်း၊ တရုတ်နိုင်ငံတို့မှ ရန်ကုန်လေဆိပ်အသုံးပြုနိုင်ငံတကာခရီးသည်ပမာဏ မြင့်တက်လာခြင်းရဲ့ အဓိကနိုင်ငံတွေ ဖြစ်ပါတယ်။

## သတင်းအချက်အလက် အလွယ်ရနိုင်အောင်

"ရန်ကုန်မြို့ကို ခရီးသွားလုပ်ငန်းအတွက် ပိုပြီး အဆင်သင့်ဖြစ်စေမယ့် အခြေခံအဆောက်အအုံမြှင့်တင်မှုတွေလုပ်ရမယ်။ မြို့ထဲမှာ လမ်းလျှောက်သွားလာမှုလွယ်ကူစေမယ့် စကြံတွေရှိရမယ်။ လိုအပ်တဲ့ သတင်းအချက်အလက်ကို အလွယ်တကူရနိုင်အောင် အနေအထားမျိုးတွေ လုပ်ပေးဖို့ရှိတယ်။ ခရီးသွားရာသီဆိုရင် တစ်နေ့ကို ခရီးသွားဦးရေ သောင်းနဲ့ချီလာပြီး လည်ပတ်ကြတယ်။ ဒါကြောင့် စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေကို ရန်ကုန်မြို့လယ်မှာ အရင်ကထက် ရာခိုင်နှုန်းများစွာ တိုးတက်လာပါတယ်" ဟု ဦးသူရိန်အောင်(စီမံချက်အရာရှိ၊ သုတေသနနှင့် အသိပညာဖလှယ်ရေး၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့)က ပြောပါတယ်။

ရန်ကုန်မြို့ရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးမှာ ဟိုတယ်တွေနဲ့ အဆင့်မြင့်တည်းခိုခန်းတွေရဲ့ အခန်းကဏ္ဍဟာလည်း အခြေခံကျပြီး အရေးပါနေတာဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာ ၂၀၁၉ ခုနှစ်အကုန်မှာ အဆင့်မြင့်ဟိုတယ်အခန်းပေါင်း ၅၇၀၀ ခန့် ရှိလာမယ်လို့ ခန့်မှန်းထားပြီး ၂၀၂၁ ခုနှစ်ကုန်ချိန်မှာတော့ အဆင့်မြင့်ဟိုတယ်ခန်း ၇၀၀၀ ခန့် ရှိလာမယ်လို့ ကနေဒါအခြေစိုက် အိမ်ခြံမြေဝန်ဆောင်မှုနှင့် အကြံပေးလုပ်ငန်း(မြန်မာ)ရဲ့ ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်ဈေးကွက်သုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။

*အချပ်ပို (ခ) သို့*

**ရန်ကုန်မြို့မှာ ခရီးသွားတွေကို အဓိကဆွဲဆောင်နိုင်တဲ့ အထင်ကရ အမွေအနှစ်ပေါင်း ၁၈၉ ခုရှိနေပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှု ပြုလုပ်နေပါတယ်။ ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ်အဖြစ် အပြာရောင် ကမ္ပည်းပြားတပ်ဆင်ထားတဲ့ အဆောက်အအုံပေါင်းဟာ အခုအချိန်အထိ ၃၀ ကျော်ရှိနေပြီဖြစ်**

# အလှချင်းပြိုင်လို့ နိုင်မယ်မထင်

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ဓာတ်ပုံ-ကိုကြီးတင်



ရန်ကုန်မြို့လယ်၌ ဦးစွာသော ရန်ကုန်ဘူတာကြီးမှာ ယခုလက်ရှိ တည်ရှိနေသော ဘူတာရုံကြီးမဟုတ်သေးပါ။ ယနေ့တည်ရှိနေသော ဘူတာရုံကြီး၏ တောင်ဘက် ပန်းဆိုးတန်းလမ်းထိပ်နားတွင် ဖြစ်သည်။

၁၉၁၁ ခုနှစ်ကျမှသာ ဒုတိယ ရန်ကုန်ဘူတာရုံကြီးအဖြစ် လက်ရှိနေရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းဖြစ်၍ မကြာခဏဗုံးဒဏ်ခံခဲ့ရသည်ဟု ဆိုသည်။ ဗုံးဒဏ်ကြောင့်ပင် အနောက်ဘက်တစ်ခြမ်းလုံး ပျက်စီးခဲ့ရသည်ဟု နှစ် ၁၀၀ ပြည့် မီးရထားမဂ္ဂဇင်း၌ ဖတ်ရှုခဲ့ရသည်။

## ဘူတာရုံကြီး ပုံစံသစ်ကို ရေးဆွဲ

ထိုစဉ်က မီးရထားရုံးချုပ်ရုံးစိုက်ရာမှာ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့တွင် ဖြစ်သည်။ ထိုရုံးချုပ်မှ ရန်ကုန်မြို့ရှိ အင်ဂျင်နီယာဦးလှသွင်အား ဘူတာရုံကြီး ပုံစံသစ်ကို ရေးဆွဲစေလျက် တင်ပြမှုကို ၁၉၄၆ ခုနှစ် မေ ၇ ရက်တွင် အတည်ပြုပေးခဲ့သည်။

မြန်မာမှုနှင့်ပတ်သက်၍ မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်အား တာဝန်ယူပေးအပ်ခဲ့သည်။

ဆရာကြီး စည်သူ ဦးတင်ကလည်း မြန်မာမှု အနုလက်ရာပညာကို အစွမ်းကုန်ပြသခဲ့သည်။ အတက်အဆင်းလေးနေရာအထွက် အထိပ်၌ အင်္ဂတေပန်းတို့ဖြင့် ဘုံငါးဆင့် စုလစ်မွမ်းချွန်တို့ဖြင့် ပုံဖော်ခဲ့သည်။ အင်္ဂလိပ်အင်ဂျင်နီယာများကပင် ချီးကျူးမှုခံခဲ့ရသည်ဟု ကြားသိရဖူးသည်။

မြန်မာ့လွတ်လပ်ရေးမရမီ တစ်နှစ်စော၍ ၁၉၄၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပြီးစီး၍ ယင်းနှစ် ဇွန်လ ၅ ရက် တွင် စတင်ဖွင့်လှစ်ခဲ့သည်။

## ခံ့ညားထည်ဝါလှ

အဆောင်ကြီးအားဖြင့် သုံးဆောင်ရှိပြီး ကျယ်ဝန်းလှသည့်အပြင် ထိုစဉ်အချိန်အခါက တွက်ချက်မှု၊ ပစ္စည်းသုံးမှုတို့ကြောင့် အလွန်ထုထည်ကြီးလျက် များစွာခံ့ညားထည်ဝါလှပေသည်။ ယခုအခါ တည်ဆောက်မှု သက်တမ်းမှာ ၆၅ နှစ်တာ ကာလရှိသေးသည်ဖြစ်ရာ နောင်နှစ်ပေါင်းများစွာ အရှည်ခိုင်ခံ့နေဦးမည်သာဖြစ်ပေသည်။



ရန်ကုန်ဘူတာကြီးရှေ့မှ သကြ္ကန်မောင်မယ် ကြေးသွန်းရုပ်တု။

တစ်ဖန် မြန်မာမှုလက်ရာတို့ဖြင့် ဝံ့ကြွားဂုဏ်ထည်ဝါစွာရှိနေသော ရန်ကုန်ဘူတာကြီးကို အလှတွင် အယဉ်ဆင့်ဆိုသည့် စကားနှင့်အညီ ဘူတာကြီးရှေ့ ပန်းခြံငယ်လေးအတွင်း၌ မြန်မာတို့ ဓလေ့ရိုးရာယဉ်ကျေးမှု မြန်မာ့သင်္ကြန်ကို ထင်ဟပ်စေသည့် ကြေးသွန်းရုပ်တုနှစ်ခုကို တည်ဆောက်ထားခြင်းပင်ဖြစ်သည်။

မြန်မာအမျိုးသမီးငယ် လုံမပျိုအားငယ်ရွယ်သော လုလင်တစ်ဦးက ရေဖလားဖြင့် ရေလောင်းနေခြင်းပင်ဖြစ်သည်။ အသက်ဝင်လှပေသည်။ ဟန်ပန်အမူအရာအချိုးအစားမှာ တကယ့်လူနှစ်ဦး သက်ဝင်နေသည့်ဟန်ပင်ဖြစ်သည်။

## လှစ်ဟဖော်ပြနေ

နှစ်ဦးစလုံး၏ကိုယ်၌ သင်္ကြန်ရေများ စိုရွှဲနေသည်။ ဝတ်ဆင်ထားသော အဝတ်အစားများက ရေစီးကြောင်းအရ အတွန့်အလိပ်တို့ဖြင့် ပန်းပုဆရာ (ကြေးသွန်းဆရာ)၏ ပညာအစွမ်းကို လှစ်ဟဖော်ပြနေသည်။

ကြေးသွန်းရုပ်အောက်ခံ ကျောက်တုံးကြီးပေါ်မှ ကမ္ပည်းမှတ်တမ်းကို ဖတ်ကြည့်ရာ ပန်းပုနှင့် ကြေးသွန်းပညာရှင် ဆရာကြီး ဦးဟန်တင်၏ လက်ရာမှန်းသိလိုက်ရသည်။ ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ဆရာကြီး၏ အနုပညာကား ရှင်သန်လျက်ပင်ဖြစ်သည်။

ထိုကြေးသွန်းရုပ်ကို ၁၉၈၉ ခုနှစ် စက်တင်ဘာ ၁ ရက် မှ စတင်ပုံဖော်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြီးစီး၍ ၁၉၉၀ ပြည့်နှစ် မတ် ၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်ဟု ဖော်ပြထားသည်။ အသုံးပြုခဲ့သည့် ကြေးပိဿာချိန်ပေါင်းမှာ ၁၅၅၅ ပိဿာနှင့် ၅၆ ကျပ်သားဟု သိရသည်။

ဆိုချင်သည်မှာ ယနေ့လက်ရှိ ရန်ကုန်ဘူတာကြီးမှာ မြန်မာ့ယဉ်ကျေးမှုအနုပညာကို ဂုဏ်တင့်ထင်ဟပ်စေသကဲ့သို့ ဘူတာရုံကြီးရှေ့ရှိ သင်္ကြန်မောင်မယ် ကြေးသွန်းရုပ်တုမှာလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် အထင်းသားရှိနေပြီး ဖြစ်ပေသည်။ ဝိုင်းဝန်းစောင့်ထိန်းကြရန်သာ အထူးလိုအပ်ပေသည်။

ယခုလက်ရှိဘူတာရုံကြီးကို အဆင့်မြှင့်တင်တော့မည်ဟု သတင်းများ ထွက်ပေါ်လာပြီဖြစ်သည်။ မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူများကလည်း တရားဝင်ရှင်းလင်းပြောကြားမှုများလည်း ရှိနေပြီဖြစ်သည်။

တင်ဒါအောင်မြင်ပြီးမှ အကြောင်းမညီညွတ်၍ ထွက်သွားသည့် ကုမ္ပဏီနေရာတွင် ဂျပန်နိုင်ငံမှ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Sumitomo က ဝင်ရောက်လာသည်ဟု သိရသည်။

## စာချုပ်ချုပ်ဆို

မူလတရုတ်နိုင်ငံမှ Sino Great wall ကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ Min Dhama ကုမ္ပဏီတို့ ပူးပေါင်းထားသည့် Oxley Holding ကုမ္ပဏီသည် လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း၌ မြန်မာ့မီးရထားနှင့် စာချုပ်ချုပ်ဆိုပြီး ရှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

"စီမံကိန်းပုံစံတွေကတော့ အရင်အတိုင်းပါပဲ။ ပုံစံမပြောင်းလဲပါဘူး။ အရင်ပါဝင်ပြီးသားအဖွဲ့တွေအကြားမှာ ထပ်ပါဝင်လာတဲ့အတွက် ပုံစံပြောင်းလဲဆောင်ရွက်မှုမျိုး မရှိပါဘူး" ဟု မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က ပြောသည်။

စီမံကိန်းအကျယ်အဝန်းမှာ ၆၃ ဒသမ ၅ ဧက ရှိပြီး ကြမ်းခင်းဧရိယာမှာ စတုရန်းမီတာ ၁ ဒသမ ၁၉ သန်း ဖော်ဆောင်သွားမည်ဟု သိရသည်။ တည်ဆောက်သည့်နေရာကို တိကျစွာဆိုရသော် တောင်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြောက်ဘက်တွင် ဗိုလ်မင်းရောင်လမ်း၊ အနောက်ဘက်တွင် ဆူးလေဘုရားလမ်း၊ အရှေ့ဘက်တွင် သိမ်ဖြူလမ်းတို့အကြား မြေနေရာဖြစ်သည်။

တည်ဆောက်ရာ၌ ရုံးခန်းများ၊ ဟိုတယ်များ၊ ကွန်ဒိုများဖြင့် ဝန်းရံလျက် အလယ်တွင် ဘူတာရုံသစ်ကြီး ဖြစ်ပေါ်လာ၍ လက်ရှိဘူတာရုံကြီး၏ဘေးတွင်လည်း ရှိနေဟု သိရသည်။ ယင်းစီမံကိန်းကြီး ပြီးစီးသွားပါက မြန်မာ့မီးရထားအနေဖြင့် တစ်လလျှင် အမေရိကန်ဒေါ်လာ လေးသန်းအထိ ဝင်ငွေရှိလာနိုင်သည်ဟု ဆိုထားသည်။

နိုင်ငံခြားကုမ္ပဏီများက ဦးဆောင်ဒီဇိုင်းဆွဲ တည်ဆောက်ကြခြင်းဖြစ်၍ ကမ္ဘာ့အဆင့်မီခေတ်မီလှပသော ဘူတာရုံသစ်ကြီး ဖြစ်ပေါ်လာမည်ဟု မျှော်မှန်းမိရာ ဝမ်းသာမိပါသော်လည်း မြန်မာတို့ကိုယ်တိုင် ဒီဇိုင်းဆွဲ၊ မြန်မာဗိသုကာပညာဖြင့် မွမ်းမံအလှဆင်ခဲ့သော အလှကို ပြိုင်ကြသူတို့ နိုင်ပါ့မလားဟု အတွေးစိတ်ကူးများက ပျံ့လွင့်လျက်။ ။

*ရန်ကုန်မြို့နဲ့ ခရီးသွားလုပ်ငန်းမှ*

"ခရီးသွားလုပ်ငန်းတိုးတက်လာဖို့ဆိုရင် ကျွန်တော်တို့ ဝန်ဆောင်မှုတွေ ကောင်းဖို့လိုပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ဟိုတယ်ပေါင်း ၄၄၇ လုံးကို ဝန်ဆောင်မှုတွေ စနစ်တကျကောင်းဖို့အတွက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ဟိုတယ်ဧည့်စာရင်းကိစ္စတွေ လုံခြုံစနစ်တကျဖြစ်ဖို့အတွက် စီမံထိန်းသိမ်းမှုစနစ်အဖြစ် အွန်လိုင်းကနေပြီး ဧည့်စာရင်းတွေ ရယူပါတယ်။ ခရီးသွားကုမ္ပဏီပေါင်း ၃၀၀၀ လောက်ရှိတဲ့အတွက် အဲဒီခရီးသွားကုမ္ပဏီတွေရဲ့ ပြည်တွင်းပြည်ပဝန်ဆောင်မှုလုပ်ငန်းတွေကို ကျွန်တော်တို့ စနစ်တကျကွပ်ကဲလျက်ရှိပါတယ်။ ဧည့်လမ်းညွှန်တွေ ထောင်ချီပြီးရှိနေတဲ့အတွက် စနစ်တကျဖြစ်အောင် စိစစ်ထိန်းသိမ်းနေပါတယ်" လို့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောပါတယ်။

ရန်ကုန်မြို့မှာ ခရီးသွားတွေကို အဓိကဆွဲဆောင်နိုင်တဲ့ အထင်ကရ အမွေအနှစ်ပေါင်း ၁၈၉ ခုရှိနေပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှု ပြုလုပ်နေပါတယ်။ ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ်အဖြစ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ထားတဲ့ အဆောက်အအုံပေါင်းဟာ အခုအချိန်အထိ ၃၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ ဒါတွေဟာ ရန်ကုန်မြို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့ကို တစ်နှစ်တစ်နှစ် ဝင်ရောက်ခဲ့တဲ့ ဧည့်သည်တွေ ကျွန်တော်တို့ နှိုင်းယှဉ်ကြည့်ရင် ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ အလားတူကာလမှာ ၂၆ ရာခိုင်နှုန်း တိုးတက်လာပါတယ်။

## ဈေးဟောင်းအဆောက်အအုံ

"ရွှေတိဂုံစေတီကတော့ မဖြစ်မနေလည်ပတ်ရမယ့်နေရာဖြစ်ပါတယ်။ ဘုရားတိုင်းတော့ သူတို့စိတ်ဝင်စား လေ့လာမှုမရှိပါဘူး။ ခရီးသွားတွေဟာ အများအားဖြင့် ရွှေတိဂုံနဲ့ ခြောက်ထပ်ကြီးဘုရားတွေ လိုက်ပြတယ်။ ရန်ကုန်မြို့ရဲ့ လူနေမှုပုံစံကို ကြည့်မယ်၊ လေ့လာကြတယ်၊ လမ်းကို ဖြည်းဖြည်းလျှောက်ကာ လေ့လာနိုင်ဖို့ လမ်းလျှောက်လေ့လာခရီးစဉ်တွေ၊ ဆူးလေဘုရားဝန်းကျင် မြို့လယ်ဧရိယာမှာ ဈေးဟောင်းအဆောက်အအုံတွေ လေ့လာနိုင်အောင် စီစဉ်ထားတာရှိတယ်။ လူနေမှုစနစ်ကို သိချင်တယ်ဆိုရင်လည်း မြို့ပတ်ရထားစီးနိုင်အောင်လည်း ဆောင်ရွက်ပေးထားပါတယ်" လို့ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း ဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းက ပြောပါတယ်။

## ပိုမိုလာရောက်လေ့လာကြည့်ရှု

ရန်ကုန်မြို့ကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်တွေ ဝင်ရောက်မှုများပြားလာခြင်းဟာ နိုင်ငံတကာရဲ့ မြန်မာနိုင်ငံအပေါ် သတင်းအမှားတွေကို ချေဖျက်ရာမှာ အထောက်အကူအများကြီးပြုနိုင်ပါတယ်။ ဒီလို ရန်ကုန်မြို့အကြောင်း၊ မြန်မာ့လူနေမှုနဲ့ မြို့ပြအမွေအနှစ်တွေ၊ ယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာ စေတီပုထိုးတွေကို ပိုမိုလာရောက်လေ့လာကြည့်ရှုနိုင်အောင်၊ ခရီးသွားဧည့်သည် ပိုမိုလာရောက်နိုင်အောင် ကြိုးစားကြရဦးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ နီးတဲ့ စင်ကာပူနိုင်ငံဆိုရင် တစ်နှစ်ကို ခရီးသွားဧည့်သည် ၁၈ သန်းနဲ့ သန်း ၂၀ လောက် ဝင်ရောက်လည်ပတ်ကြသလို ထိုင်းနိုင်ငံဆိုရင်လည်း တစ်နှစ်ကို ခရီးသွား ၃၈ သန်းလောက်အထိ ဝင်ရောက်လည်ပတ်နေပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်ကို ခရီးသွားဧည့်သည် သုံးသန်းကျော်လောက်ပဲ ရောက်ရှိနေသေးတာမို့ ဒီလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ၊ ဌာနဆိုင်ရာတွေနဲ့ တစ်ဦးချင်းစီ ပူးပေါင်းဆောင်ရွက်ဖို့ လိုနေပါတယ်။

ရွှေတိဂုံစေတီကို လာရောက်လေ့လာနေတဲ့ အီတလီနိုင်ငံ ရောမမြို့က Ms. Greta ကို မေးကြည့်တဲ့အခါ "အခုလို လာရောက်တာက ဝေးကွာနေတဲ့ ကမ္ဘာကြီးရဲ့ တစ်ဖက်ခြမ်းက ထူးခြားတဲ့ အတွေ့အကြုံတွေ၊ ယဉ်ကျေးမှုတွေကို လေ့လာချင်လို့ပါ။ ဒီနေ့ မြန်မာနိုင်ငံကို ရောက်တာ ပထမဆုံးနေ့ပါပဲ။ လူတွေက ဖော်ရွေပြီး လုံခြုံစိတ်ချရတာကြောင့် သွားလာရတာ အဆင်ပြေကောင်းမွန်တဲ့ မြို့ကြီးတစ်မြို့ပါပဲ။ မနက်ဖြန်မှာ ရှမ်းပြည်နယ်ကို သွားမှာပါ။ အဲဒီမှာလည်း ဒီထက်ပိုပြီး ကောင်းမွန်တဲ့ ခံစားချက်တွေ ရရှိမယ်လို့ ယုံကြည်ပါတယ်" လို့ ပြောပါတယ်။

အခုဆိုရင် ရန်ကုန်မြို့မှာ အထပ်မြင့်ဟိုတယ်အဆောက်အအုံတွေ၊ ရှေးမူမပျက် ဗိသုကာလက်ရာတွေနဲ့ ကိုလိုနီခေတ်အဆောက်အအုံတွေ၊ အဆင့်မြှင့်တင်ထားတဲ့ ပန်းခြံတွေ၊ ကမ်းနားလမ်း ညဈေးနဲ့ Yangon Weekend Market လို နေရာတွေ၊ နောက်ဖေးလမ်းကြားဥယျာဉ်တွေ၊ အနားယူအပန်းဖြေနိုင်တဲ့ ပြည်သူ့ဧရိယာတွေ၊ မြို့နေလူထုရဲ့ လူနေမှုဘဝတွေနဲ့အတူ အခြားစိတ်ဝင်စားဖို့ကောင်းတဲ့ နေရာတွေ အများအပြားရှိနေပါတယ်။

## ရန်ကုန်မြို့ပုံရိပ်ကို မြှင့်တင်

မြန်မာနိုင်ငံတစ်နိုင်ငံလုံးရော၊ ရန်ကုန်မြို့အတွက်ပါ ခရီးသွားလုပ်ငန်း အခုထက်ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားနိုင်ရင်တော့ နိုင်ငံရဲ့ စီးပွားရေးအတွက်သာမကဘဲ ပြည်သူတွေ၊ လူငယ်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေ အမြောက်အမြား ထွက်ပေါ်လာမှာဖြစ်လို့ အဓိကဝင်ပေါက်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့ပုံရိပ်ကို မြှင့်တင်နိုင်ဖို့ အားလုံးကြိုးစားကြရမှာပဲဖြစ်ပါတယ်။ ။

# သောက်သုံးရေ ဖြန့်ဝေပေးမှုစနစ်သစ်နှင့် ရန်ကုန်မြို့

မိုးမြင့် လင်းလက်

လူနေထိုင်မှု တိုးပွားလာသည့် ရန်ကုန်မြို့တွင် နေ့စဉ်မရှိမဖြစ် လိုအပ်သော အရာများ၌ သောက်သုံးရေက ရှေ့ဆုံးမှ ပါဝင်နေသည်။ ရန်ကုန်မြို့တွင် စက်ရုံ အလုပ်ရုံ ပေါများလာမှု၊ လူနေအိမ်ခြေတိုက်တာများ တစ်နေ့တခြားများပြားလာမှုနှင့်အတူ ရန်ကုန်မြို့နေ ပြည်သူများအတွက် နေ့စဉ်သောက်သုံးရေဖူလုံစွာ ရရှိအသုံးပြုနိုင်ရေးမှာ အရေးတကြီး လိုအပ်လျက်ရှိရာ တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ အပါအဝင် ဂျပန်နိုင်ငံကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ရန်ကုန်မြို့တွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးနေသည့် ရေလှောင်ကန်တစ်ခုအား တွေ့ရစဉ်။

## ရေသန့်စင်တဲ့ နည်းပညာ

"ရန်ကုန်မြို့က မည်သည့်ဘုံဘိုင်ကိုမဆို ဖွင့်လိုက်တာနဲ့ သောက်သုံးလို့ရနိုင်အောင် ရည်ရွယ်ပြီး ရေသန့်စင်တဲ့ နည်းပညာကို ဂျပန်နိုင်ငံက အကူအညီပေးသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ရေပေးဝေရေးစနစ်နဲ့ ပတ်သက်ပြီး ဂျပန်နိုင်ငံ ဖူကူအိုကာမြို့က အကူအညီပေးသွားမှာ ဖြစ်ပါတယ်"လို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့တော်ခန်းမမှာ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့နှင့် ရန်ကုန်မြို့အကြားတွင် ရေပေးဝေရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲမှာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောပါတယ်။

ထို့အတူ ယင်းလက်မှတ်ရေးထိုးပွဲတွင် ဖူကူအိုကာမြို့တော်ဝန် Mr. Soichiro Takashima က "ရေသန့်စင်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမယ်။ နောင်တစ်ချိန်မှာ ရန်ကုန်မြို့သူမြို့သားတွေ ရေသန့်ဝယ်ယူစရာ မလိုတော့ဘူး။ ရေဘုံဘိုင်တွေကို ဖွင့်လိုက်တာနဲ့ အလွန်သန့်စင်ပြီး အသင့်သောက်သုံးနိုင်တဲ့ ရေတွေရနိုင်ဖို့ ကျွန်တော်တို့ ဆက်လက်ကူညီပေးသွားမယ်"ဟု ပြောသည်။

## ရေလေလွင့်ဆုံးရှုံးမှုလျှော့ချ

လက်ရှိအခြေအနေတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအနေဖြင့် ရေပေးဝေရေးစနစ်နှင့်ပတ်သက်ပြီး ပုဂ္ဂလိကကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးရန် စီစဉ်နေပြီဖြစ်သည်။ ထိုသို့ လွှဲပြောင်းလုပ်ကိုင်မှုအခြေအနေကို ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်၊ ရပ်ကွက်အလိုက် စမ်းသပ်ဆောင်ရွက်နေပြီဖြစ်သည်။ ရန်ကုန်မြို့ အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်များတွင် ရေလေလွင့်ဆုံးရှုံးမှု လျှော့ချရေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ပြည်သူများသိရှိရန် အောက်ခြေဆင်းပြီး တာဝန်ရှိသူများက ရှင်းပြခဲ့ကြသည်။ ထို့အတူ ရန်ကုန်မြို့ အခြားမြို့နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်

ရန်ကုန်မြို့နေ ပြည်သူများအတွက် ဇုန်အလိုက် ရေဖြန့်ဝေပေးမည့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၉ ခုနှစ် ဩဂုတ် ၂၇ ရက်က အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခဲ့ပြီး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။

"ရန်ကုန်မြို့ သောက်သုံးရေဖြန့်ဝေရေးလုပ်ငန်းမှာ ရေခိုးသွယ်မှုနဲ့ ရေအလေအလွင့်၊ ဆုံးရှုံးမှုတွေ ရှိနေတာမို့ ရေအလေအလွင့်နည်းပါးစေဖို့ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း" ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောထားသည်။

လက်ရှိအခြေအနေတွင် ရန်ကုန်မြို့ ရေဖြန့်ဖြူးရေးလုပ်ငန်းစဉ်တွင် မြို့တော်စည်ပင်သာယာရေးက ရေလေလွင့်ဆုံးရှုံးမှုကို ၆၀ ရာခိုင်နှုန်းခန့်သာ ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့နေ ပြည်သူများ သောက်သုံးရေ နေ့စဉ်ဖူလုံစွာ ရရှိနိုင်ရေးအတွက် ရန်ကုန်မြို့ ရေပေးဝေရေးစနစ်တစ်ခုလုံး ပြောင်းလဲပြီး ဇုန် ၁၀ ဇုန် ခွဲခြားသတ်မှတ်ကာ ရေပေးဝေဖြန့်ဖြူးတော့မည်ဖြစ်သည်။ ထိုသို့ ဇုန်အလိုက် ရေပေးဝေနိုင်ရန် ရေလှောင်ကန်များ၊ ရေစုပ်စက်များ စသည့် ပစ္စည်းများ စုဆောင်းခြင်းကို ရေပေးဝေရေးစနစ်သစ်အတွက် စတင်ကြိုးပမ်းပြင်ဆင်နေပြီဖြစ်သည်။

ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေ နေ့စဉ်ဖူလုံစွာ ရရှိနိုင်ရေးအတွက် ရန်ကုန်မြို့ ရေပေးဝေရေးစနစ်တစ်ခုလုံး ပြောင်းလဲပြီး ဇုန် ၁၀ ဇုန် ခွဲခြားသတ်မှတ်ကာ ရေပေးဝေဖြန့်ဖြူးတော့မည်ဖြစ်သည်။ ထိုသို့ ဇုန်အလိုက် ရေပေးဝေနိုင်ရန် ရေလှောင်ကန်များ၊ ရေစုပ်စက်များ စသည့်ပစ္စည်းများ စုဆောင်းခြင်းကို ရေပေးဝေရေးစနစ်သစ်အတွက် စတင်ကြိုးပမ်းပြင်ဆင်နေပြီဖြစ်

## ရေပေးဝေမှုစနစ်ပြောင်း

"ကျွန်မတို့က နေ့စဉ်သောက်သုံးရေကို ပုံမှန်ဖြန့်ဖြူးပေးနိုင်ဖို့နဲ့ ဖူလုံအောင်ရရှိဖို့ လိုအပ်ပါတယ်။ သောက်သုံးရေက လူတိုင်း၊ အိမ်ထောင်စုတိုင်းအတွက် နေ့စဉ်မရှိမဖြစ်ဆိုတော့ ကောင်းမွန်စေချင်ပါတယ်။ သောက်ရေသန့်အထိ ရရှိမယ်ဆိုရင်တော့ နေ့စဉ်ကုန်ကျစရိတ်လည်း သက်သာသွားတာပေါ့။ အခုလို ရေပေးဝေမှုစနစ် ပြောင်းလိုက်တာကောင်းပါတယ်"လို့ မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်မှာ နေထိုင်သည့် ဒေါ်ဖြိုးဝေက ပြောပြသည်။

ဇုန်အလိုက် ရေပေးဝေမှု အစီအစဉ် စတင်မှုအဖြစ် ကမ္ဘာအေးဘုရားလမ်းတွင် JICA ၏ အထောက်အပံ့ဖြင့် ရေပိုက်လိုင်းတစ်ခု ဆောင်ရွက်ထားပြီးဖြစ်ကာ ရေသန့်စင်စက်ရုံများ တည်ဆောက်ရန်လည်း စီစဉ်နေပြီဖြစ်သည်။ တစ်ဖန် ဂျပန်အခြေစိုက် ဂျေစီကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီး ပိုက်များသွယ်တန်းခြင်း၊ ရေမီတာများ တပ်ဆင်ခြင်းများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှစတင်ပြီး အကောင်အထည်ဖော်တော့မည်ဖြစ်ရာ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည်။

ရန်ကုန်မြို့တွင် လက်ရှိ ရေဖြန့်ဝေပေးရာ၌ အိမ်သုံးရေတစ်ယူနစ်လျှင် ငွေကျပ် ၈၈ ကောက်ခံနေပြီး စီးပွားရေးသုံးအတွက် ရေမီတာတစ်ယူနစ်လျှင် ငွေကျပ် ၁၂၀ ကောက်ခံနေကြောင်း သိရသည်။

## ရေလေလွင့်ဆုံးရှုံးမှုပမာဏများပြား

"လက်ရှိရေပေးဝေမှုပမာဏက ၄၅ ရာခိုင်နှုန်းခန့်သာ ရှိနေပြီး လာမယ့် ၂၀၂၅ ခုနှစ်မှာတော့ ၉၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်က ပြောထားသည်။ ရေဖြန့်ဝေပေးမှုတွင် ရေလေလွင့်ဆုံးရှုံးမှုပမာဏများပြားနေခြင်းဖြစ်ရာ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတကာမြို့ကြီးများတွင် ရေလေလွင့်ဆုံးရှုံးမှုနှုန်းမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရပြီး ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၏ ရေဖြန့်ဖြူးပေးမှုတွင် လေလွင့်ဆုံးရှုံးမှုမှာ ၂ ရာခိုင်နှုန်းခန့်သာ ရှိသဖြင့် ကမ္ဘာတွင် ရေလေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

## နေ့စဉ်ရေဂါလန် ၂၀၅ သန်းခန့်ရှိ

ရန်ကုန်မြို့နေ ပြည်သူများအတွက် လက်ရှိအခြေအနေတွင် ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား၊ ငမိုးရိပ်(၁)၊ ငမိုးရိပ်(၂) ရေလှောင်ကန်တို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေတွင်းများမှလည်း ရယူကာ သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိရာ နေ့စဉ် ရေဂါလန် ၂၀၅ သန်းခန့် ရှိကြောင်း သိရသည်။

ဆက်လက်ပြီး လဂွန်းပြင်နှင့် ကုက္ကိုလ်ဝ ရေပေးဝေရေးစီမံကိန်းတို့ကလည်း လာမည့် ၂၀၂၇ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ထန်းတပင်မြို့ရှိ ကုက္ကိုလ်ဝမြစ် ရေသန့်စင်ပေးဝေရေးစီမံကိန်းမှာ လာမည့် ၂၀၂၅ ခုနှစ်၌ ပြီးစီးမည်ဟု မျှော်မှန်းထားရာ ယင်းစီမံကိန်းမှ သောက်သုံးရေများကို လှိုင်သာယာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ တာမွေ၊ လမ်းမတော်၊ လသာ၊ အလုံ၊ ကြည့်မြင်တိုင် စသည့်မြို့နယ်များကို ရေဖြန့်ဖြူးပေးနိုင်ရေး စီစဉ်သွားမည်ဖြစ်သည်။

## စနစ်တကျဖြစ်လာ

ရန်ကုန်မြို့ ရေပေးဝေမှုစနစ်၊ ရေသန့်စင်မှု၊ ရေမီတာအသုံးပြုမှု၊ ရေပိုက်လိုင်း သွယ်တန်းမှု၊ ချိတ်ဆက်မှုနည်းပညာများကို ဂျပန်နိုင်ငံ ဖူကူအိုကာမြို့မှ ရယူပြီး JICA ကလည်း ရှေ့ပြေးစီမံချက်အဖြစ် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် စမ်းသပ်လုပ်ဆောင်နေပြီဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ဇုန်အလိုက် ရေပေးဝေရေးလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများလို ခွင့်ပြုပေးရန် ဆောင်ရွက်နေပြီဖြစ်ရာ ရန်ကုန်မြို့ သောက်သုံးရေဖြန့်ဝေပေးမှု စနစ်တကျဖြစ်လာပြီး ရေလေလွင့်ဆုံးရှုံးမှုများကလည်း လျော့နည်းသွားတော့မည်ဖြစ်သဖြင့် ပြည်သူများ သောက်သုံးရေကို ဖူလုံစွာ အသုံးပြုနိုင်တော့မည်မှာ အမှန်ပင်ဖြစ်သည်။ ။



# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်နှက်ပြီး ခေတ်မီတိုးတက်သည့် မြို့တော်ကြီးတစ်ခုအဖြစ် ပြောင်းလဲရာမှာ. . . .

ရှင်နော်၊ ဓာတ်ပုံ – ထိန်လင်း

**“ရန်ကုန်မြို့သစ်နှင့် မြို့ဟောင်း တက်ညီလက်ညီတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရာတွင် ရန်ကုန်မြို့သစ်ကို စိတ်တိုင်းကျ တည်ဆောက်ခွင့်ရမည်ဖြစ်သော်လည်း ရှေးဟောင်းမြို့ပြအမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရန်ကုန်မြို့ဟောင်းကို စနစ်တကျပြုပြင်မွမ်းမံမှသာ မြို့ပြအမွေအနှစ်တို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်”**

မြို့တော်ရန်ကုန်၏ ပြောင်းလဲမှုအလျင်နှုန်းက တစ်ရက်ထက်တစ်ရက် ပိုမိုမြင့်မားလာနေသည်။ ရန်ကုန်မြို့တော်အနှံ့ မြို့နယ်သီးသီးမှ ကောင်းကင်ယံသို့ ထိုးထွက်နေသည့် တိုက်တာအဆောက်အအုံများ၊ အကာအရံ မြင့်မြင့်မားမား ကာထားသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ ထပ်မံတိုးချဲ့မည့် မြို့သစ်စီမံကိန်းနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများကို မကြာခဏ တွေ့မြင်ကြားသိနေသည်။ လက်ရှိရန်ကုန်ကို ဗဟိုပြုကာ အသစ်တည်ဆောက်မည့် ရန်ကုန်မြို့သစ်စီမံကိန်းကိုလည်း ရန်ကုန်သူ ရန်ကုန်သားတို့ မကြာမီ မျက်ဝါးထင်ထင် မြင်တွေ့ရတော့မည်ဖြစ်သည်။

**အပန်းဖြေမြို့တော်**

မကြာတော့မည့် ဆယ်စုတစ်နှစ်တာ ကာလအတွင်း ရုပ်လုံးအကောင်အထည် စတင်ပေါ်ပေါက်လာတော့မည့် ရန်ကုန်မြို့တော်ကြီးတွင် ရန်ကုန်မြို့ဟောင်းကို ရှေးဟောင်းမြို့ပြယဉ်ကျေးမှုအမွေအနှစ်တို့ ပြည့်နှက်နေသော မြို့အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ဟောင်းကို ဝိုင်းပတ်ကာ စက်မှုမြို့တော်များ၊ ဆိပ်ကမ်းမြို့တော်များ၊ လူနေအိမ်ခြေ အပန်းဖြေမြို့တော်များဖြင့် ပါဝင်ဖွဲ့စည်းထားမည့် ရန်ကုန်မြို့သစ်ကို လည်းကောင်း ရန်ကုန်သူရန်ကုန်သားတို့ မြင်တွေ့ခွင့်ရကြတော့မည်ဖြစ်သည်။

ထိုသို့ ရန်ကုန်မြို့သစ်နှင့် မြို့ဟောင်း တက်ညီလက်ညီတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရာတွင် ရန်ကုန်မြို့သစ်ကို စိတ်တိုင်းကျ တည်ဆောက်ခွင့်ရမည် ဖြစ်သော်လည်း ရှေးဟောင်းမြို့ပြ အမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရန်ကုန်မြို့ဟောင်းကို စနစ်တကျ ပြုပြင်မွမ်းမံမှသာ မြို့ပြအမွေအနှစ်တို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့ကို ခေတ်မီမြို့တော်ကြီးတစ်ခုအဖြစ် မိမိပိုင်ဆိုင်သော မြို့ပြအမွေအနှစ်တို့ကို ဆုံးရှုံးရန်မလိုဘဲ ရောက်ရှိနိုင်သည်ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)က ယုံကြည်ထားသည်။

**မြို့ပြစီမံကိန်းဆိုင်ရာကိစ္စ**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးက ဥက္ကဋ္ဌအဖြစ်နှင့် ဒါရိုက်တာ ဗိသုကာပညာရှင် ဒေါ်မိုးမိုးလွင်တို့က ဦးဆောင်ခဲ့သည်။ မူလစတင်စဉ်က မြို့၏ အမွေအနှစ်အရင်းအမြစ်များအကြောင်း ပိုမိုသိရှိလာစေရန်နှင့် ယင်းတို့ကို ကာကွယ်ရန်အတွက် အာဏာပိုင်များအား တိုက်တွန်းရန်သာဖြစ်သော်လည်း နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်သော မြို့ပြစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို အာရုံစိုက်လာခဲ့သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအနက် ရန်ကုန်မြို့၏ သမိုင်းအမွေအနှစ်များနှင့် ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာ၊ ဗဟုသုတများ မြှင့်တင်ပေးနိုင်မည့် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းလည်းပါဝင်ရာ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်နေရာ ၃၄ နေရာတို့တွင် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ၃၅ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၁ ရက်တွင် ပန်းဘဲတန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင် တပ်ဆင်တော့မည်ဖြစ်သည်။ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကိုသူရိန်အောင်က “စိန့်ဂျွန်းကျောင်းကတော့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထဲမှာပဲ ကမ္ပည်းပြားတပ်ခဲ့ပြီးပြီ။ အခု လာမယ့် ဇန်နဝရီလ ၁၁ ရက်မှာတော့ စိန့်မေရီမှာ ကမ္ပည်းပြားတပ်ဖို့ စီစဉ်ထားပါတယ်။ ဒီကျောင်းက ခေတ်အဆက်ဆက် မိန်းကလေးသီးသန့်ကျောင်းပဲ လုပ်ခဲ့တာဖြစ်ပါတယ်။ ၁၈၈၆ ခုနှစ်မှာ စပြီးတည်ထောင်တယ်။ ဒိုင်အိုစီဇင်ကျောင်းပေ့ါလေ။ ဒေါက်တာ မတ်က ကမကထလုပ်ပြီး စီစဉ်ပေးတယ်။ ပထမဆုံးကျောင်းအုပ်ကတော့ မစ္စ ကွတ်လို့ခေါ်တဲ့ ကျောင်းအုပ်တစ်ယောက်ပေ့ါ။ အခု ကျွန်တော်တို့ မြင်နေရတဲ့ ဒီကျောင်းရဲ့ သက်တမ်းအရင့်ဆုံး အဆောက်အအုံတွေကတော့ ၁၉၁၅ လောက်ကျမှ ပြန်ဆောက်ထားတဲ့ အဆောက်အအုံတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နာမည်ကြီးပုဂ္ဂိုလ်တွေလည်း စာသင်ခဲ့ဖူးတယ်”ဟု အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည့် ကျောင်းအကြောင်း ရှင်းပြသည်။

**အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်**

ရန်ကုန်မြို့အတွင်း အပြာရောင် ကမ္ပည်းပြားများ တပ်ဆင်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်နှင့် ပတ်သက်၍ ကိုသူရိန်အောင်က “ကမ္ပည်းပြားတွေက အများပြည်သူလေ့လာနိုင်တဲ့နေရာမှာပဲ ကပ်ထားတာဖြစ်တဲ့အတွက် သွားရင်းလာရင်းနဲ့ မြို့သမိုင်းကို ပိုပြီးသိလာမယ်။ အလွယ်ဆုံးပြောရရင် ကမ္ဘာလှည့်ခရီးသည်တွေဆိုရင် စထရင်းဟိုတယ်ရှေ့ ရောက်တယ်ဆိုရင် ဒီကမ္ပည်းပြားကို ကြည့်ပြီးတော့ပဲ ဧည့်လမ်းညွှန်ကလည်း ရှင်းပြတယ်။ ပန်းဆိုးတန်း တစ်ဝိုက်မှာရှိတဲ့ အဆောက်အအုံ တော်တော်များများမှာလည်း ကမ္ပည်းပြားတွေ ရှိနေပြီဖြစ်တဲ့အတွက် ဒီကမ္ပည်းပြားတွေကတစ်ဆင့် သမိုင်းကိုရှင်းပြကြတယ်။ ပြည်တွင်းနေသူတွေကလည်း တော်တော်လေး စိတ်ဝင်စားလာကြတယ်။ ဒါတွေကို လေ့လာတဲ့ကျောင်းသားတွေရှိတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ စာတမ်းတွေပြုစုတယ်။ နိုင်ငံခြားဘာသာ တက္ကသိုလ်က ကျောင်းသားတွေဆိုလည်း သူတို့ စာတမ်းရေးတဲ့အခါမှာ ရန်ကုန်မြို့မှာရှိတဲ့ အပြာရောင်ကမ္ပည်းပြားများဆိုတဲ့ ခေါင်းစဉ်နဲ့ လုပ်လာကြတာရှိတယ်။ တိုင်းဒေသကြီးအစိုးရဘက်ကလည်း ဒါကိုအားပေးကူညီနေတာတွေရှိပါတယ်”ဟု ရှင်းပြသည်။

၃၅ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား မကြာမီတပ်ဆင်ခံရတော့မည့် အထက(၁) ပန်းဘဲတန်း(စိန့်မေရီ)ကျောင်းမှ ကျောင်းသူဟောင်းတစ်ဦးဖြစ်ခဲ့သော အန်တီစတယ်လာက လွန်ခဲ့သောနှစ် ၆၀ ခန့်က ကျောင်းနှင့် ပတ်သက်၍ အမှတ်တရရှိခဲ့ပုံများကို ပြန်လည်ပြောကြားရာ၌ “အဲဒီတုန်းက ကျောင်းအုပ်ကြီးက ဒေါ်ခင်ခင်၊ အန်တီတို့ ငယ်ငယ်တုန်းက ကျောင်းပေါင်းစုံ အားကစားပွဲတွေကို အန်တီတို့ကျောင်းရဲ့ အားကစားကွင်းမှာ လုပ်တယ်။ အမှတ်တရအနေနဲ့က မရမ်းခြံကျောင်းက အဆိုတော် ဒေါ်မာမာအေးနဲ့ အန်တီတို့ ထုပ်ဆီးတိုးပြိုင်ဖူးတယ်။ ဒေါ်မာမာအေးကလည်း သက်တံပေါ်မှာကစားမယ် လွှင့်ပြီးခါစပေ့ါ၊ မရမ်းခြံကျောင်းနဲ့ စိန့်မေရီနဲ့ ထုပ်ဆီးတိုးပြိုင်တာပေ့ါ။ ဆီးဂိမ်းမှာလည်း အန်တီတို့ကျောင်းက ကဗျာလွတ်တွေ ဝင်ကဖူးတယ်။ အန်တီတို့ကျောင်းက စည်းကမ်းကြီးတယ်။ ကျူးနစ်တွေ ဂါဝန်ဝတ်ရတဲ့ အချိန်တုန်းကလည်း ခါးပတ်မပါရင်၊ ခြေအိတ်မပါရင် ဒဏ်တပ်ခံရတယ်။ အင်္ဂလိပ်စကားမပြောရင် ဆယ်ပြား၊ ကျူးနစ်ကို ခါးပတ်မပါရင် ဆယ်ပြား၊ ခြေအိတ်မပါရင် ဆယ်ပြားလား ငါးပြားလားမသိဘူး ဒဏ်တပ်ခံရတယ်။ အပြင်ထွက်ချင်တယ်ဆိုရင် လက်ဟန်ခြေဟန်နဲ့ ပြောလို့မရဘူး။ အင်္ဂလိပ်လို ပြောရတယ်။ “Please may I go out” လို့ပြောမှ၊ မပြောဘဲနဲ့ ပါးစပ်နဲ့လက်နဲ့ တို့တဲ့ပုံစံ လုပ်ပြလို့ရှိရင် ပုံးထဲကို ပိုက်ဆံသွားထည့်ရတယ်”ဟု အတိတ်အကြောင်းကို ပြန်ပြောင်းပြောပြခဲ့သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် အင်းလျားကန်နှင့် အင်းလျားလိတ်ဟိုတယ်တို့၌လည်း အပြာရောင် ကမ္ပည်းပြားများတပ်ဆင်ရန် စီစဉ်လျက်ရှိပြီး နောက်နှစ်မိုးရာသီကာလ မရောက်မီ ရှေးဟောင်းမြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားများကို ခပ်စိပ်စိပ် ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။